# THE STRUGGLE

**တော်လှန်ရေး သီအိုရီ မရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး**

Vol.1 /No.3

Jan - Mar / 2022




# လူတန်းစားတိုက်ပွဲနဲ့ အကြမ်းဖက်မှု ပြဿနာ

# CONTENTS

## Marxist Perspective

### Local Article


9 လက်နက်မဲ့တော်လှန်ရေးဘက်သားတွေကို လက်နက်ကိုင်ပျောက်ကြားအဖွဲ့လေးတွေက စွပ်စွဲချက်သက်သက်နဲ့ လက်လွတ်စပယ် သတ်ဖြတ်တဲ့ ပြဿနာ

ဝင်းစံဖြူ

16 လူတန်းစား တိုက်ပွဲနဲ့ အကြမ်းဖက်မှု ပြဿနာ

သူရိန်မွန်


### World Affairs


28 အဲဗားဂရန်ဒီ အိမ်ခြံမြေလုပ်ငန်း ပြိုလဲလာခြင်း နှင့် တရုတ် လက္ခဏာဆောင်သော အရင်းရှင်စနစ်

Evergrande Crisis: Capitalism with Chinese characteristics

ကွန်မြူနစ်






42 ကာဇက်စတန် တော်လှန်ရေး




## Theoretical


57 နေဉစ္စာ ပြန်လည်ခွဲဝေခြင်း အယူအဆအပေါ် မာ့(ခ်စ်)ဝါဒအမြင်

ကိုတင်ဦး




64 ရိုဆာ လူဇင်ဘာ့(ဂ်) နဲ့ ဘော်ရှီဗစ်များ - ယုံတမ်းတွေကို ချေဖျက်ခြင်း

ဝင်းစံဖြူ ဘာသာပြန်သည်


## EDITORIAL

THE STRUGGLE

အယ်ဒီတာ့အာဘော်


2 တကျော့ပြန် ရှန်းထလာမယ့် လူတန်းစား တိုက်ပွဲအတွက် ပြင်ဆင်ရေး

အယ်ဒီတာ့ အာဘော်

# တကျော့ပြန် ရုန်းထလာမယ့် လုပ်တန်းစား တိုက်ပွဲအတွက် ပြင်ဆင်ရေး

**THE STRUGGLE**

၂၀၂၁ ခုနှစ်ဟာ လုပ်တန်းစား တိုက်ပွဲပြင်းထန်တဲ့ နှစ်တနှစ်ဖြစ်ခဲ့သလို လာမယ့် ၂၀၂၂ မှာလည်း တော်လှန်ရေး နဲ့ တန်ပြန် တော်လှန်ရေးတွေ ကမ္ဘာ့တဝှမ်း ကြုံတွေ့နေရဦးမယ်လို့ နှစ်သစ်ကူး The Struggle မဂ္ဂဇင်းမှာ ရေးခဲ့ပါ တယ်။ ဘူဇွာလုပ်တန်းစားနဲ့ သူတို့ကိုယ်စားလှယ်တော်တွေ မျှော်လင့်သလို ပုံမှန်အခြေအနေဆိုတာ မရှိနိုင်တော့ဘူး၊ မော့(က်စ်) ဝါဒီတွေ အမြဲပြောခဲ့တဲ့ ကမ္ဘာ့ဆိုရှယ်လစ် တော်လှန်ရေးဆိုတာ မမြင်နိုင်တဲ့ ဟိုး အနာဂတ်မှာ မဟုတ်ဘူး၊ လက်ရှိ ကျနော်တို့ ဖြတ်သန်းနေရတဲ့ သမိုင်းခေတ်ပဲလို့ ဖော်ပြခဲ့တယ်။

သပိတ်မဟုတ်တဲ့ 'အသံတိတ်သပိတ်'ကို လစ်ဘရယ်ဘူဇွာတွေက တပြည်လုံး အတိုင်းအတာနဲ့ ခေါ်သံပေးထားတယ်။ သာမန် သပိတ်ဆိုတာထက် 'အထွေထွေသပိတ်'ပုံစံ သရုပ်ဆောင်နိုင်းချင်ပုံရတယ်။ အချောင်သမားတွေ နားမလည်တာက အထွေထွေ သပိတ်ဆိုတာ အင်မတန် အရေးကြီးတဲ့ လေးနက်တဲ့ လူထု နိုင်ငံရေး တိုက်ပွဲကြီး ဖြစ်တယ်။

The Struggle မဂ္ဂဇင်းထွက်အပြီး သုံးရက်မပြည့်ခင်မှာပဲ ကာဇက်စတန်မှာ တော်လှန်ရေး လှုပ်ရှားမှုကြီး ပေါက်ကွဲထွက်လာခဲ့တယ်။ ကမ္ဘာ့မီဒီယာကြီးတွေက ကာဇက်စတန် တော်လှန်ရေးကို ဆူပူအုံကြွမှုလို့ ဖော်ပြကြတာရှိသလို၊ ထိပ်ပိုင်း နိုင်ငံရေးအီလစ်အစုတွေကြားက ပဋိပက္ခကြောင့် လူထု အုံကြွမှုဖြစ်နေရသယောင် ပုံဖော်ပြောဆိုကြတာလည်း ရှိတယ်။ လက်ဝဲတချို့ကလည်း ရုရှားကို ခြိမ်းခြောက်ဖို့ အမေရိကန် ကြိုးကိုင်တဲ့ 'အရောင် တော် လှန်ရေး'တခုလို ပြောဆိုမှုတွေ ရှိတယ်။ ဒီလို ပုံဖော်မှုတွေဟာ တကယ့် အရှိတရားနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေတယ်။

ကာဇက်စတန် တော်လှန်ရေး ဘယ်လို ဖြစ်ပေါ်လာခဲ့သလဲ၊ ဘယ်လူတန်းစားက အဓိက ဦးဆောင်လှုပ်ရှားခဲ့သလဲ၊ ဘယ်လို လုပ်ငန်းစဉ်၊ဘယ်လိုတိုက်ပွဲနည်းလမ်းတွေနဲ့ ချီတက်ခဲ့သလဲဆန်းစစ်ကြည့်ရင် ရှင်းလိမ့်မယ်။ ဒီလို ဆန်းစစ်ကြည့်မှလည်း ရက်တိုတိုအတွင်း တော်လှန် ပုန်ကန်တဲ့အဆင့်ထိ ဘယ်လို တိုးတက်ကူးပြောင်းသွားခဲ့သ လဲ နားလည်နိုင်မယ်။ ဒီလို တရှိန်ထိုး ကူးပြောင်းသွားခဲ့လို့ပဲ ကာဇက်စတန် အုပ်စိုးသူ လူတန်းစားဟာ သူ့ချည်း ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း မရှိတော့တဲ့ အခြေဆိုက်ခဲ့ရတယ်၊ ရုရှား အစိုးရ စစ်တပ်တွေ ခေါ်သွင်းပြီး နှိပ်ကွပ်ခဲ့ရတယ်။

ကမ္ဘာ့မီဒီယာကြီးတွေနဲ့ သူတို့အာဘော်အတိုင်း ကူးယူဖော်ပြရတဲ့ ပြည်တွင်း မီဒီယာတွေမှာ ကာဇက်စတန် 'တော် လှန်ရေး'ဆိုတဲ့ ဖော်ပြချက်မျိုး တွေ့ရမှာ မဟုတ်ပေ။ အဲဒီအစား ဆိုဗီယက် နိုင်ငံဟောင်း ကာဇက်စတန်ဆိုတဲ့ ဖော်ပြမှုမျိုးသာ ထပ်တလဲလဲ တွေ့ရမယ်။ ကာဇက်စတန်ဟာ ရုရှား ဖက်ဒရေးရှင်းပြီးရင် အကြီးဆုံး ဆိုဗီယက် နိုင်ငံဟောင်း ဖြစ်တယ်၊ ဆိုဗီယက် အပြိုမှာ အရင်းရှင်စနစ်ကို အသက်သွင်း အကောင်ထည်ဖော်ခဲ့တာလည်း ဆယ်စုနှစ် သုံးခုစွန်းခဲ့ပါပြီ။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း ဘူဇွာ ပညာရှင်တွေ မကြာခဏ ညွှန်းဆိုခဲ့တဲ့ တည်ငြိမ်မှု ရှိသော တိုးတက်ဖွံ့ဖြိုးသော အရင်းရှင် တိုင်းပြည်တခုလည်း ဖြစ်တယ်။ တည်ငြိမ် တိုးတက်ပါတယ်ဆိုတဲ့ အဲဒီ အရင်းရှင် လူ့အဖွဲ့အစည်းမှာ အခု မတည်ငြိမ်ဆုံး အခြေအနေဆိုက်ခဲ့ပြီ၊ တော်လှန်ပုန်ကန်မှု အပြင်းအထန် ဖြစ်ခဲ့ပြီ။ အရင်းရှင်စနစ် အကြပ်အတည်းဟာဖုံးမရဖိမရပေါက်ကွဲထွက်လာခဲ့ပြီ။ ဒါပေမယ့် အရင်းရှင် လစ်ဘရယ် မီဒီယာကြီးတွေက အရှိတရားကို အခုထိ နားမလည်ကြသေး။ အောက်ခံ လူမှုစီးပွား အရင်းခံအထိ မမြင်နိုင်ကြ။ ထိပ်ပိုင်း အီလစ်တွေကြားက အာဏာလုပွဲလိုလို၊ ဆိုဗီယက် နိုင်ငံဟောင်းမို့ ပြဿနာတွေ တက်နေရသလိုလို ပုံဖော်တင်ဆက်နေကြတယ်။

အတိတ် တော်လှန်ရေး သမိုင်းတွေကို လေ့လာဆန်းစစ်ပြီး သင်ခန်းစာ ထုတ်ယူနိုင်ဖို့ အင်မတန် အရေးကြီးသလို မျက်မှောက်ခေတ် ကမ္ဘာ့ တော်လှန်ရေး လှုပ်ရှားမှုတွေကနေလည်း လေ့လာသင်ယူနိုင်ဖို့ အင်မတန် အရေးကြီးလှ

အထွေထွေသပိတ်နဲ့ လက်နက်ကိုင် သူပုန်ထခြင်း အပါအဝင် နိုင်ငံရေး လှုပ်ရှားမှုတခုခု ဖော်ဆောင်မယ်ဆိုရင် မာ့(က်စ်)ဝါဒီတွေအဖို့ ပကတိဘာဝ ရုပ်အခြေအနေ "Objective Conditions" ကို အခိုင်အမာ ဆန်းစစ်သုံးသပ်ကြ ရတယ်၊ လူတန်းစား အင်အား အချိုးအစား "Balance of Forces" ကို တွက်ချက်နိုင်ရတယ်။ ဒီလို အခိုင်အမာ ဆန်းစစ်ချက်ပေါ် အခြေပြုထားတဲ့ တိုက်ပွဲ နည်းလမ်းတွေနဲ့သာ လူတန်းစား တိုက်ပွဲကို ဦးဆောင်မှုပေးနိုင်တယ်။

တယ်။ ဒီလိုမှ မဟုတ်ရင် ကျဉ်းမြောင်းလွန်းတဲ့ အမျိုးသားရေးအမြင်၊ ဒေသစွဲအမြင်တွေ လိုက်စားလာမယ်။ စတာလင်ဝါဒီ၊ မော်ဝါဒီတွေဆိုရင် ကမ္ဘာ့ တော်လှန်ရေးဆိုတဲ့ စကားသံ မကြားရဲဘူး။ စတာလင် ဗျူရိုကရေစီအောက်က လာတဲ့ 'Social-ism in One Country' ကို အခုထိ ကိုးကွယ်နေကြဆဲ။ ဒီလို ကမ္ဘာ့ တော်လှန်ရေး လှုပ်ရှားမှုတွေကို မျက်ကွယ်ပြုထားလို့လည်း ၂၁ ရာစုဦး တော်လှန်ရေး ဖရိုဖရဲဖြစ်သွားချိန် ခေတ်ဟောင်း အယူအဆတွေ၊ ခေတ် ဟောင်း နည်းနာတွေ တကျော့ပြန် ခေတ်စားလာခြင်းကို ဗမာပြည်ရဲ့ ထူးခြားချက်လို့ ထင်မှတ်မှားကုန်တယ်။

လက်ဝါးကြီးအုပ် ကမ္ဘာ့အရင်းရှင်စနစ် နယ်ချဲ့ခေတ်မှာ တနိုင်ငံတည်း တော်လှန်ရေး အောင်ပွဲခံပြီး ဆိုရှယ်လစ် စနစ်ဆီ ချီတက်နိုင်မယ်လို့ ထင်နေရင် စိတ်ကူးယဉ်လွန်းရာရောက်တယ်။ တကယ့်လက်တွေ့မှာ စတာလင် ဗျူရို ကရေစီရဲ့ 'နိုင်ငံတနိုင်ငံအတွင်း ဆိုရှယ်လစ်စနစ် တည်ဆောက်ခြင်း' ဘယ်လို အဆုံးသတ်သွားသလဲ၊ မော်စီတုန်း ဗျူရိုကရေစီရဲ့ 'နိုင်ငံတနိုင်ငံအတွင်း ဆိုရှယ်လစ်စနစ် တည်ဆောက်ခြင်း' ဘယ်အခြေဆိုက်နေပြီလဲ။

မာ့(က်စ်)ဝါဒဟာ အင်တာနေရှင်နယ်ဝါဒ ဖြစ်တယ်၊ အင်တာနေရှင်နယ်ဝါဒ မဖြစ်ရင် မာ့(က်စ်)ဝါဒမဟုတ်ဘူး။ ပစ္စည်းမဲ့ လူတန်းစားမှာ နိုင်ငံမရှိပါဘူး။ မာ့(က်စ်)နဲ့ အန်းဂယ်(စ်)တို့ ကွန်မြူနစ် ကြေညာစာတမ်း အောက်ဆုံးမှာ ကမ္ဘာ့ ပစ္စည်းမဲ့ လူတန်းစားတွေ သွေးစည်းကြလို့ ရေးခဲ့တာ sentimental ကြွေးကြော်သံ သက်သက် မဟုတ်ပေ။ 'အရင်း'က နယ်စည်းမထား နိုင်ငံစုံဖြတ်ကျော် ကမ္ဘာ့ပတ်ပြီး သွေးစုပ်နေတဲ့ ကမ္ဘာ့အရင်းရှင်စနစ်မှာ အလုပ်သမား လူတန်းစားကို လူလုပ် နယ်ခြားစည်းတွေ၊ အမျိုးသား နိုင်ငံတော်တွေနဲ့ စည်းခြားထားလို့ မဖြစ်နိုင်ပေ။ ကမ္ဘာ့ အလုပ်သမား လူတန်းစား သွေးစည်းပြီး ကမ္ဘာ့အရင်းရှင်စနစ်ကို ဖြိုချနိုင်ပါမှ ကမ္ဘာ့အဖိနှိပ်ခံ လူထုကြီး လွတ် မြောက်ရေးအစစ် ရနိုင်မယ်။

ဒါ့ကြောင့်လည်း The Struggle မှာ ကမ္ဘာ့အရေးကို ကဏ္ဍတခုအနေနဲ့ အထူးအလေးထား ဖော်ပြခြင်း ဖြစ်ပါတယ်၊ ကမ္ဘာ့အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး သမိုင်းအစဉ်အလာတွေကိုလည်း မျက်ခြေမပြတ်အောင် ဖော်ထုတ်တင်ပြဖို့ ကြိုးစားပါတယ်။ ဒီလိုနည်းနဲ့ ကမ္ဘာ့သမိုင်း ဇာတ်ခုံပေါ် နောက်ကျပြီး ရောက်လာတဲ့ တိုင်းပြည်တွေက အလုပ်သမား လူတန်းစားဟာ မှဆိုးစိုင်သင်နည်းနဲ့ သင်ယူစရာမလိုတော့တဲ့ အခွင့်ထူးကို ရရှိနိုင်တယ်။ ဒီလို သဘောတရား လက်နက်တပ်ဆင်ထားမှလည်း မှန်ကန်တဲ့ World Perspectives ရှိနိုင်မယ်။

ကမ္ဘာ့အရေး၊ ပြည်တွင်းအရေးဆိုတာ သီးခြားစီ ကင်းလွတ်နေတဲ့ ကဏ္ဍနှစ်ရပ် မဟုတ်ပေ။ အပြန်အလှန် ယှက် နွယ်နေတယ်။ ကူးလူးဆက်သွယ်နေတယ်၊ ရိုက်ခတ်နေတယ်၊ တန်ပြန် သက်ရောက်နေတယ်။ ဒါ့ကြောင့် တရုတ် ပြည် လူ့အဖွဲ့အစည်းအတွင်း ဘာတွေဖြစ်နေဖြစ်နေ ငါတို့နဲ့ ဘာဆိုင်လဲ၊ ဘာအရေးကြီးသလဲလို့ သဘောထားနိုင်

တဲ့ ကိစ္စ မဟုတ်ပေ။ တရုတ်ပြည် အရင်းရှင်စနစ် အကြပ်အတည်းဟာ ဗမာပြည်ကိုသာမက ကမ္ဘာ့အရင်းရှင်စနစ် တစ်ခုလုံးကို အပြင်းအထန် သက်ရောက်နိုင်တယ်။

## • စစ်အာဏာသိမ်းပြီး တနှစ်အကြာ

ပြည်တွင်းအရေးအနေနဲ့ တင်ပြရရင် ဗိုလ်မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ စစ်အာဏာသိမ်းခြင်း တနှစ်ရှိခဲ့ပြီ။ စစ်အာဏာသိမ်း စစ်အုပ်စုနဲ့ လက်ပါးစေ စစ်တပ်၊ ရဲတပ်၊ ပျူစောထီးဂိုဏ်းသားတွေရဲ့ လက်ချက်ကြောင့် ထောင်နဲ့ချီတဲ့ ပြည်သူတွေ သွေးချောင်းစီးခဲ့ရတယ်။ ကိုဗစ်တတိယလှိုင်းမှာ သောင်းနဲ့ချီတဲ့ ပြည်သူတွေ မသေဆုံးသင့်ဘဲ သေဆုံးခဲ့ရတာလည်း စစ်အာဏာရှင် အာဏာသိမ်း စစ်အုပ်စုနဲ့ လက်ပါးစေ စစ်တပ်ကြောင့်ပဲ။ မြို့တွေ၊ ရွာတွေကို မီးရှို့ဖျက်ဆီးတာ၊ အပြစ်မဲ့ အရပ်သား ပြည်သူတွေကို ကလေး လူကြီးပါမချန် အရှင်လတ်လတ် မီးရှို့ သတ်တာ၊ အမျိုးသမီးတွေကို မုဒိမ်းကျင့်တာ၊ စစ်ကြောရေး ငရဲခန်းတွေမှာ အရက်စက်ဆုံးနည်းလမ်းတွေနဲ့ နှိပ်စက်တာ၊ စစ်ကြောရေးမှာပဲ အသက်သေသည်အထိ နှိပ်စက်တာတွေအပြင် စစ်ပြေးရသူတွေ သိန်းနဲ့ချီ ရှိနေခဲ့ပြီ။

ဒီလို ရက်စက်ယုတ်မာလှတဲ့ စစ်အာဏာရှင်စနစ် တန်ပြန် တော်လှန်ရေးကာလမှာ အသက်ရှင်ကျန်နေသေးတဲ့ လူထု အဖို့လည်း လူချင်းတူတူ သူချင်းမျှမျှ မနေနိုင်။ မသေရုံတမယ် ရှင်သန်နိုင်ရေး ရုန်းကန်နေရတယ်။ ကျပ်ငွေ တန်ဖိုး ထိုးကျနေပြီး ငွေကြေးဖောင်းပွမှု အဆမတန် မြင့်မားနေတဲ့အပြင် ငွေသားရှားပါးမှုလည်း ဆိုးရွားနေဆဲ ဖြစ်တယ်။ ဒီအခြေအနေမှာ အလုပ်သမားထုရဲ့ လုပ်ခလစာဟာ တိုးမလာတဲ့အပြင် လျော့သွားခဲ့တယ်။ ဒါကြောင့် လုပ်သားထုရဲ့ purchasing power လျော့နည်းသထက် လျော့နည်းသွားခဲ့ရတယ်။

ဒါ့အပြင် အလုပ်အကိုင် ရှားပါးမှုဟာ ဆိုးသထက် ဆိုးလာခဲ့တယ်။ ရှိပြီးသား အလုပ်အကိုင်တွေပင် ဆုံးရှုံးသွားခဲ့ ရတာ သန်းနဲ့ချီ ရှိခဲ့တယ်။ အလုပ်လက်မဲ့ ဦးရေ အဆမတန် များပြားလာခဲ့တယ်။ လူဦးရေရဲ့ ထက်ဝက်နီးပါး ဆင်းရဲမွဲတေမှုဒဏ် ခံကြရမယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားတယ်။ ဒီထက်ပိုဖို့သာ ရှိပါလိမ့်မယ်။ ဒါ့ကြောင့်လည်း နယ်စပ်အဖမ်းအဆီးတွေ နေ့စဉ်ရှိနေတဲ့ကြားက ထိုင်းကို ခိုးဝင်ဖို့ ကြိုးစားနေသူတွေ လျော့နည်းမသွားခြင်း ဖြစ်တယ်။

အဖိနှိပ်ခံ လူထုကြီး လက်ငင်းရင်ဆိုင်နေရတဲ့ လူမှုဘဝ အခြေအနေတွေ ဖြစ်ပါတယ်။ ၂၁ နှစ်ဦးမှာ တော်လှန်ရေး ဒီရေအမြင့်ဆုံးကာလကို ရောက်ရှိခဲ့တယ်၊ သို့သော် အလုပ်သမား လူတန်းစားက နိုင်ငံတော် အာဏာကို အရယူပြီး တော်လှန်ရေး အောင်ပွဲမခံနိုင်ခဲ့ဘူး။ ဒီလို မဖြစ်ခဲ့ခြင်း အကြောင်းတွေကို The Struggle မဂ္ဂဇင်း စထွက်ကတည်း က သုံးသပ်ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိကာလဟာ စတာလင်ဝါဒီ-

မော်ဝါဒီတွေ၊ လက်ဝဲစွန်း သူငယ်နာ သမားတွေ၊ လစ်ဘရယ် အချောင်သမားတွေ၊ ပြုပြင်ရေးဝါဒီတွေ၊ အန်းနားခစ်(စ်)တွေ ထင်နေသလို တော်လှန်ရေး ဒီရေမြင့်ကာလ မဟုတ်တော့ဘူး၊ လူတန်းစား တိုက်ပွဲ ဒီရေထိုးကျသွားပြီး အရက်စက်ဆုံး တန်ပြန် တော်လှန် ရေးဒဏ် အလူးအလဲ ခံနေရတဲ့ ကာလလို့ သုံးသပ်ပြခဲ့တယ်။

မှန်ကန်တဲ့ Perspective ရှိမှသာ မှန်ကန်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ချမှတ်နိုင်မှာ ဖြစ်တယ်။ မှန်ကန်တဲ့ Perspective မရှိတဲ့အခါ လစ်ဘရယ် ဘူဇွာတွေက စစ်အာဏာသိမ်း တနစ်ပြည့်အနေနဲ့ 'အသံတိတ်သပိတ်' လုပ် ခိုင်းတယ်၊ စစ်အာဏာသိမ်းတဲ့ နေ့မှာ 'လက်ခုပ်တီး' ခိုင်းတယ်။ ဘာ့ကြောင့် ဒီလို ကမ်ပိန်းတွေ ပေါ်လာသလဲ။ လစ်ဘရယ် ဘူဇွာတွေရဲ့ အချောင်သမား နည်းလမ်းဆိုတာတွေ ထင်ရှားပါတယ်။ လစ်ဘရယ်တွေဟာ လူတန်း စား တိုက်ပွဲထက် လက်မှတ်ထိုး ပက်တီးရှင်း ကမ်းပိန်းကိုသာ အားကိုးခဲ့သူတွေ မဟုတ်လား။ ဒီထက် အခြေခံကျ တဲ့ အကြောင်းရင်းက အဖိနှိပ်ခံ လူထု တရပ်လုံးဟာ စစ်အာဏာရှင်စနစ် တခုလုံးကို အမြစ်ပြတ် တော်လှန်လိုတယ်။ အဖိနှိပ်ခံ လုပ်သားထုတရပ်လုံး တော်လှန်အုံကြွခဲ့တယ်။ ဒါပေမယ့် တော်လှန်ရေး ခေါင်းဆောင်မှု ကင်းမဲ့ နေခြင်းကြောင့် အခါအခွင့်ကောင်း အဆုံးအဖြတ်ကာလကို လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ ဒီအခါ ရန်သူ လူတန်းစား က တရစပ် အကြမ်းဖက် ဖိနှိပ်လာခဲ့တယ်။ လူထုတိုက်ပွဲဟာ ဖရိုဖရဲနဲ့ ပြိုကွဲသွားခဲ့ရတယ်။ သို့သော်လည်း လူထု က ဒီစစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေဆဲ ဖြစ်တယ်။ မတတ်သာသေးလို့ အားယူနေရတဲ့ အချိန်ဖြစ်တယ်။ လူ တန်းစား တိုက်ပွဲ တကျော့ပြန် နလန်ထနိုင်ဖို့ အချိန်တခု ယူနေရတယ်။

ပကတိဘာဝ ရုပ်အခြေအနေက အခုလို Un-favourable ဖြစ်နေပြီး အာဏာသိမ်း စစ်အုပ်စုနဲ့ စစ်တပ်အပေါ် လူထု ရဲ့ အမျက်ဒေါသ ပြင်းထန်နေတဲ့ အချက်ကို လစ်ဘရယ် ဘူဇွာ အချောင်သမားတွေက အခုလို အသုံးချလိုက်တာပဲ။ အာဏာသိမ်း စစ်အုပ်စုနဲ့ စစ်တပ်အပေါ် နားကျည်းမုန်းတီးနေတဲ့ လူထုရဲ့ အမျက်ဒေါသကို 'အသံတိတ် နည်း' နဲ့ ထွက်ပေါက်ပေးလိုက်စေတယ်။ လက်ခုပ်တီးပြီး အာသာဖြေခိုင်းလိုက်တယ်။ လူတန်းစား တိုက်ပွဲ ဒီရေ နိမ့်ကာလကို အချောင်သမားနည်းနဲ့ အသုံးချလိုက်တာ။ စတာလင်ဝါဒီ-မော်ဝါဒီတွေ၊ အန်းနားခစ်(စ်)တွေ ထင်နေ သလို လူတန်းစား တိုက်ပွဲ ဒီရေမြင့်ကာလသာဆိုရင် လုပ်သားထုက လစ်ဘရယ်တွေပေးတဲ့ အချောင်သမား နည်းနဲ့ အာသာဖြေနေမှာ မဟုတ်ပေ။ လူထုကိုယ်တိုင် ရန်းထတိုက်ပွဲဝင်လာမှာ အသေအချာပဲ။ ၂၁ နှေဦး တော် လှန်ရေးကို စက်မှုဇုံက အလုပ်သမတွေ စတင်ဖောက်ခွဲခဲ့တဲ့ အချက်က အခိုင်အမာ သက်သေဖြစ်ပါတယ်။

အခုပြောနေကြတဲ့ 'အသံတိတ်သပိတ်'ဆိုတာ 'Strike' လို့ခေါ်တဲ့ သပိတ် မဟုတ်ပေ။ မကျေနပ်ချက်တွေ၊ ဒေါသ တွေကို မြှသိပ်ပြီး

အိမ်တွင်းအောင်း အာသာဖြေခိုင်းတာဟာ သပိတ် လုံးဝ မဟုတ်ပါဘူး။ သပိတ်ဆိုတဲ့ စကားရပ် ကိုပါ အလွဲသုံးစားပြုရာ ရောက်ပါတယ်။ သပိတ်ဆိုတာ 'Collective Action' ဖြစ်ရပါတယ်။ အိမ်တွင်းအောင်း အသံတိတ်နေရတာ 'Collective Action' လား၊ Passiveဖြစ်လွန်းတဲ့ 'Atomization'လားဝိဝါဒကွဲစရာမလို အောင် ရှင်းပါတယ်။ စစ်အာဏာရှင်စနစ်ကို တော်လှန်ဖြိုချမယ်လို့ ကြွေးကြော်ထားတဲ့ အမြင့်ဆုံး နိုင်ငံရေး သပိတ်တိုက်ပွဲ မဆိုထားနဲ့၊ အနိမ့်ဆုံး စက်ရုံတခုအတွင်းက စီးပွားရေး သပိတ်တခုဆိုရင်တောင် မိမိတို့လိုလားတဲ့ 'Economic Demands'ကို သက်ဆိုင်ရာ စက်ရုံအတွင်းက အလုပ်သမား အများစုရဲ့ 'Collective Action' နဲ့ တိုက်ရ ပါတယ်။ မနက် ၉ နာရီကနေ ညနေ ၄ နာရီအတွင်း အိမ်ထဲမှာ အောင်းခိုင်းတဲ့ 'အသံတိတ် သပိတ်'ဆိုတာရဲ့ 'Political Demands' က ဘာတွေလဲ၊ အိမ်တွင်းမှာ တိတ်တိတ်လေး နေခိုင်းပြီး လူထုရဲ့ 'Collective Action' ကို ဘယ်လိုဖော်ဆောင်မှာလဲ။ ဒီလို မေးခွန်းထုတ် ဆန်းစစ်ကြည့်လိုက်ရင် 'အသံတိတ်သပိတ်'ဆိုတာ သပိတ်ဆိုတဲ့ စကားကို အလွဲသုံးစားပြုထားတဲ့ လစ်ဘရယ်တွေရဲ့ အချောင်သမား အာသာဖြေလုပ်ရပ်မှန်း ပေါ်လွင်လာမယ်။

သပိတ်မဟုတ်တဲ့ 'အသံတိတ်သပိတ်'ကို လစ်ဘရယ်ဘူဇွာတွေက တပြည်လုံး အတိုင်းအတာနဲ့ ခေါ်သံပေးထားတယ်။ သာမန် သပိတ်ဆိုတာထက် 'အထွေထွေသပိတ်'ပုံစံ သရုပ်ဆောင်ခိုင်းချင်ပုံရတယ်။ အချောင်သမားတွေ နားမလည်တာက အထွေထွေ သပိတ်ဆိုတာ အင်မတန် အရေးကြီးတဲ့ လေးနက်တဲ့ လူထု နိုင်ငံရေး တိုက်ပွဲကြီး ဖြစ်တယ်၊ လူထုကို ရေပိတ်ခေါင်းလို သဘောထားပြီး ဖွင့်ချိန်တဲ့အချိန်ဖွင့်၊ ပိတ်ချင်တဲ့အချိန်ပိတ် လုပ်လို့ရတာမျိုး မဟုတ်ဘူး။ တပြည်လုံးက အဖိနှိပ်ခံ လူထုကြီးတရပ်လုံး အထွေထွေ သပိတ်ကြီးမှာ ပါဝင်လာအောင် call ခေါ်ဖို့ မြေပြင်မှာ ရပ်ကွက်တွေ၊ အလုပ်ရုံတွေမှာ လေးလေးနက်နက် ပြင်ဆင်ထားဖို့၊ စုစည်းတည်ဆောက်ထားဖို့ လိုအပ်တယ်။ ဒါတွေတခုမှ ပြင်ဆင်ဖို့ မကြိုးစားဘဲ လူထုကို ကိုယ်ခေါ်ချင်တဲ့အချိန် သပိတ်မှောက်ကြလို့ ဆော်ဩတာ လောက် အချောင်သမားဆန်တာ ရှိဦးမလား။ လူထုဘဝတွေ၊ အသက်တွေနဲ့ ရင်းတိုက်ရတဲ့ အထွေထွေ သပိတ် တိုက်ပွဲကို ရေပိတ်ခေါင်း အဖွင့် အပိတ်လုပ်သလို လုပ်နေတဲ့ လစ်ဘရယ်ဘူဇွာတွေကို လူထု သစ္စာဖောက်တွေလို့ ဆိုရင် လွန်မယ်မထင်။ လစ်ဘရယ် ဘူဇွာတွေက သူတို့ကိုယ်တိုင် ဘာ Perspective မှမရှိ၊ ဘယ်လို နိုင်ငံရေး ဦး ဆောင်မှုမှ မှန်မှန်ကန်ကန် မပေးနိုင်ဘဲ ခေါင်းဆောင်မှုနေရာ ခွထိုင်ထားကြသူတွေ ဖြစ်လေတော့ သူတို့တွေ 'တခုခုလုပ်နေသယောင်' ဆောင်ဖို့ရာ ဒီရေနိမ့်ကာလကို အချောင်သမားနည်းနဲ့ အမြတ်ထုတ်နေကြတာပဲ။

လစ်ဘရယ် ဘူဇွာတွေ လူထုကို နယ်ရုပ်ကလေးတွေလို၊ ရေပိုက်ခေါင်းတခုလို သဘောထားပြီး ထင်ရာစိုင်းနေတာ ပထမဆုံး အကြိမ် မဟုတ်သလို နောက်ဆုံးအကြိမ်လည်း မဟုတ်ပါဘူး။ လူထုကို တကယ် လက်နက်တပ်ဆင်ပေးဖို့

စိတ်ဆန္ဒတောင်မရှိဘဲ၊ မြေပြင်မှာလေးလေးနက်နက် ပြင်ဆင်ထားခြင်း မရှိဘဲ 'စစ်'ကြေညာခဲ့တာလည်း ဒီ အချောင်သမားတွေပဲ။

တဖက်မှာလည်း AS ဂုဏောသမားတွေက အချောင်သမားတွေရဲ့ 'အသံတိတ်သပိတ်'ကို ဝေဖန်ကြပြန်တယ်။ ရန်သူကို ဘာမှ မထိုးနက်နိုင်ဘူးဆိုတဲ့ အချက်ကို ဖောင်းပေးပြောကြပါတယ်။ မာ့(က်စ်)ဝါဒီတွေက လစ်ဘရယ်ဘူဇွာတွေရဲ့ အချောင်သမားလုပ်ရပ်ကို ဝေဖန်တာ ဒီအချက်ကြောင့် မဟုတ်ပေ။ ဒီထက် အရေးကြီးတဲ့ အခြေခံ ပြဿနာတွေ အများကြီး ရှိသေးတယ်။ ရန်သူကို ထိုးနက်နိုင်သလား၊ မထိုးနက်နိုင်ဘူးလားဆိုတဲ့ အချက်ကိုပဲ ကိုင်စွဲ ပြောမယ်ဆိုရင် စစ်ခွေးတအုပ်ကို ပုံးနဲ့ပစ်ပြေးတာက အသံတိတ်သပိတ်ထက် ပိုထိရောက်တယ်လို့ ဆိုရမလို ဖြစ်နေမယ်။

အထွေထွေသပိတ်နဲ့ လက်နက်ကိုင် သူပုန်ထခြင်း အပါအဝင် နိုင်ငံရေး လှုပ်ရှားမှုတခုခု ဖော်ဆောင်မယ်ဆိုရင် မာ့(က်စ်)ဝါဒီတွေအဖို့ ပကတိဘာဝ ရုပ်အခြေအနေ "Objective Conditions" ကို အခိုင်အမာ ဆန်းစစ်သုံးသပ်ကြရတယ်၊ လူတန်းစား အင်အား အချိုးအစား "Balance of Forces" ကို တွက်ချက်နိုင်ရတယ်။ ဒီလို အခိုင်အမာ ဆန်းစစ်ချက်ပေါ် အခြေပြုထားတဲ့ တိုက်ပွဲ နည်းလမ်းတွေနဲ့သာ လူတန်းစား တိုက်ပွဲကို ဦးဆောင်မှုပေးနိုင်တယ်။ စစ်ခွေးဘယ်နကောင် သတ်နိုင်သလဲဆိုတဲ့ ယန္တယားဆန်ဆန် တွက်ချက်မှုမျိုးလောက်နဲ့ တော်လှန်ရေး လှုပ်ရှားမှု မဖြစ်နိုင်ပေ။ သန်းနဲ့ချီတဲ့ ရန်ကုန်မြို့လယ်မှာ လူငယ်လေး ဆယ်ယောက်လောက်က ဆယ်မိနစ်လောက် 'လျှပ်တပြတ် ဆန္ဒထွက်ပြ'တာပဲ ဖြစ်ဖြစ်၊ လက်နက်ကိုင် အစုလေးတခုက စစ်ခွေးတွေကို သေနတ်နဲ့ပစ်ပြေးတာပဲဖြစ်ဖြစ် ထိရောက်တဲ့ တိုက်ပွဲ နည်းနာမဟုတ်ပေ။ ဒီလုပ်ရပ်တွေကို အားပြုနေရတယ်ဆိုကတည်းက Mass Struggle မရှိတော့ခြင်းကို ဝန်ခံနေရခြင်း ဖြစ်တယ်။ Mass Struggle မရှိသေးတဲ့ လက်ရှိအချိန်မှာ ဆန္ဒစွဲသက်သက်နဲ့ အထွေထွေသပိတ်ပဲခေါ်ခေါ်၊ လက်နက်ကိုင် အုံကြွဖို့ပဲ ဆော်ဩဆော်ဩ ထိရောက်တဲ့ နိုင်ငံရေး တိုက်ပွဲကို ဖော်နိုင်မှာ မဟုတ်ဘူး။

ဒါ့ကြောင့် လက်ရှိအချိန်က တကျော့ပြန် ရှန်းထလာမယ့် လူတန်းစား တိုက်ပွဲအတွက် ပြင်ဆင်ရေး၊ အင်အား တည်ဆောက်ရေးကို အဓိကထားလုပ်ရမယ့်အခြေအနေဖြစ်တယ်။ မာ့(က်စ်)ဝါဒဆိုတဲ့ တော်လှန်ရေး အဘိဓမ္မာ လက်နက်ကို ကိုင်စွဲအသုံးပြုမှသာ ပကတိအခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ပြီး လာလတ္တံ့သော လူ တန်းစား တိုက်ပွဲအတွက် ထိထိရောက်ရောက် ပြင်ဆင်ထားနိုင်လိမ့်မယ်။

(၂၈.၁.၂၀၂၂)
အယ်ဒီတာ့အာဘော်
THE STRUGGLE



# လက်နက်မဲ့တော်လှန်ရေးဘက်သားတွေကို လက်နက်ကိုင်ပြောက်ကြား အဖွဲ့လေးတွေက စွပ်စွဲချက်သက်သက်နဲ့ လက်လွတ်စပယ် သတ်ဖြတ်တဲ့ ပြဿနာ

ဝင်းစံဖြူ

စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊  မလဲသာရွာက ဦးမြင့်ဆန်းကို ဇီးရိုး ပြောက်ကျား လက်နက်ကိုင်အဖွဲ့က ၂၀၂၂ ဖေဖော်ဝါရီ ၃ ရက်နေ့မှာ သေနတ်နဲ့ သုံးချက်တိတိ ပစ်သတ်ခဲ့ပါတယ်။ ပျူစောထီးခေါင်းဆောင်၊ စစ်တပ် သတင်းပေးလို့ စွပ်စွဲချက်သက်သက်နဲ့ မေးမြန်းစုံစမ်းခြင်းမရှိဘဲ မိသားစုရှေ့မှောက်မှာတင် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်တယ်။

ဦးမြင့်ဆန်းဟာ ရပ်ရေးရွာရေးမှာ တက်ကြွလှုပ်ရှားသူတဦးဖြစ်ရုံမက ၂၀၂၁ နွေဦးတော်လှန်ရေးမှာပါ တက်တက်ကြွကြွ ပါဝင်ခဲ့သူတဦးလည်း ဖြစ်ပါတယ်။ အခုလို မဟုတ်မမှန် စွပ်စွဲခံရပြီး ဦးမြင့်ဆန်း အသတ်ခံရတဲ့ ဖြစ်စဉ်နဲ့ ပတ်သက်လို့ ဒေသတွင်း နိုင်ငံရေးအင်အားစု၊ တော်လှန်ရေး အင်အားစု ၁၆ ဖွဲ့က ထုတ်ပြန်ချက်ထုတ်ပြီး တရားမျှတမှုကို တောင်းဆိုထားပါတယ်။ ဒီ ၁၆ ဖွဲ့ထဲမှာ NLD မြို့နယ် အလုပ်အမှုဆောင်အဖွဲ့၊ ဦးဆောင်သပိတ်ကော်မတီ၊ ဗကသများအဖွဲ့ချုပ် (အရာတော်)၊ ယင်းမာပင်--ဆားလင်းကြီး ကျေးရွာပေါင်းစုံ လူထုသပိတ်ကော်မတီ၊ Save Monywa တို့ ပါဝင်တယ်။

ဒီလို တော်လှန်ရေးဘက်သား လက်နက်မဲ့ အရပ်သားတဦးကို လက်လွတ်စပယ် ပစ်သတ်လိုက်တဲ့

ဇီးရိုး ပြောက်ကျား လက်နက်ကိုင်အဖွဲ့က ဘယ်လိုတုံ့ပြန်ထားပါသလဲ။ ZERO ပြောက်ကျားတပ်ဖွဲ့ ဆိုတဲ့ ဖေ့(စ်)ဘွတ်(ခ်) စာမျက်နှာကနေ ဖေဖော်ဝါရီ ၄ ရက်နေ့မှာ ပို့(စ်) တခု တင်ခဲ့တာကလွဲလို့ နောက်ထပ် ဖြေရှင်းချက် ထွက်မလာတော့ပါ။

အဆိုပါပို့(စ်)မှာ "မလဲသာဖြစ်ရပ်နှင့်ပတ်သက်၍ ဒေသခံကာကွယ်ရေး အဖွဲ့ထံ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျှက် ရှိပါသည်။ ဒေသခံ အဖွဲ့နှင့် ပူးပေါင်း အဖြေရှာခြင်း၊ ဖြေရှင်းခြင်းကိုကျနော်တို့ ZERO ပြောက်ကျား အဖွဲ့မှ တာဝန်ယူမှု အပြည့်ဖြင့် ဆောက်ရွက်သွားမည်" လို့သာ ပြီးစလွယ် ပို့(စ်) တခု တင်ခဲ့တာကလွဲလို့ နောက်ထပ်လေသံပင် မဟာတော့ပေ။ လက်နက်မဲ့ အရပ်သားတယောက်၊ တော်လှန်ရေးမှာ တက်တက်ကြွကြွ ပါဝင်ခဲ့သူ တယောက်ကို စွပ်စွဲချက်သက်သက်နဲ့ မေးမြန်းစုံစမ်းခြင်းပင် မလုပ်ဘဲ သတ်ချင်သလို သတ်ပြီးကာမှ စုံစမ်းစစ်ဆေးမယ်ဆိုတော့ ပြောင်းပြန်ဖြစ်မနေဘူးလား။ အခုလို သတ်ပြီးမှ၊ နိုင်ငံရေး အင်အားစုတွေနဲ့ လူထု အဖွဲ့အစည်းတွေက ဝိုင်းဝန်း ဆန့်ကျင်မှ စုံစမ်းစစ်ဆေးရမှာလား၊ လက်နက်မဲ့ အရပ်သား ပြည်သူတယောက်ကို သတ်ပစ်ရလောက်အောင် ကြီးမားတဲ့ စွပ်စွဲချက်ကို မသတ်ခင် ခိုင်လုံမှုရှိမရှိ စုံစမ်းစစ်ဆေးရမှာလားဆိုတာ ဦးနောက်ရှိသူတိုင်း သိပါတယ်။

ပျူစောထီးခေါင်းဆောင်၊ စစ်တပ်သတင်းပေး



ဒလံဆိုတဲ့ စွပ်စွဲချက်နဲ့ ZERO ပြောက်ကျားအဖွဲ့က သတ်ဖြတ်လိုက် တယ်လို့ ထုတ်ပြန်ကြေညာထားတဲ့ "ထ နောင်း မြေ" ဖေ့(စ်)ဘွတ်(ခ်) စာမျက်နှာကတော့ အဲဒီပို့(စ်)ကို ပြန်ဖျက်သွားကြောင်း မြန်မာနောင်း သတင်းဌာနက ရေးသားပါတယ်။ တော်လှန်ရေးဘက်သားတဦး၊ လက်နက်မဲ့ အရပ် သားတဦး၊ ရပ်ရွာလူထုက

လေးစားကြည်ညိုသူ တဦးကို လက်လွတ်စပယ် သတ်ချင်သလို သတ်ပြီးကာမှ စွပ်စွဲချက်တင်တယ်၊ အဲဒီစွပ်စွဲချက် မှန်ကန်ကြောင်း ဘာသက်သေအထောက်အထားမှ မပြနိုင်တဲ့အပြင် နောက်ဆုံး စွပ်စွဲချက်တင်ထားတဲ့ ပို့(စ်)ကိုပါ ဖျက်ပြေးသွားတယ်။ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်သွားမည်ဆိုတဲ့ ဇီးရိုး ပြောက်ကျားတပ်ဖွဲ့လည်း ဘာလေသံမှ ထပ်မဟာဘဲ အသံတိတ်နည်းနဲ့ သူတို့ရဲ့ ရာဇဝတ်မှုကို ဖုံးဖိထားတော့တယ်။

ဖေ့(စ်)ဘွတ်(ခ်)ပေါ်မှာသာ ပို့(စ်)လေးတခုနဲ့ "တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်သွားမည်"လို့ လူကြားကောင်းအောင် ရေးနေပေမယ့် မြန်မာနောင်းက ဇီးရိုး ပြောက်ကျားတပ်ဖွဲ့ကို ဆက်သွယ်ရာမှာတော့ "တော်လှန်ရေးကို သစ္စာဖောက်၍ ရှင်းလင်းရခြင်း ဖြစ်သည်" လို့ အဲဒီအဖွဲ့ခေါင်းဆောင် ကိုသက်ကြီးဆိုသူက ဖြေကြားခဲ့တယ်။ တော်လှန်ရေးကို ဘယ်လို သစ္စာဖောက်တာလဲ၊ ဘာ့ကြောင့် သစ္စာဖောက်လို့ ပြောနိုင်တာလဲဆိုတဲ့ ခိုင်လုံသော သက်သေတခုမှ ပြောထားခြင်း မတွေ့ရပါ။ မလဲသာရွာ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ကိုသူရိန်ဆိုသူက ဦးမြင့်ဆန်းက ဒလန်ဖြစ်လို့ သုတ်သင်ပေးပါ ပြောလိုက်တာနဲ့ အခုလို လက်လွတ်စပယ် ရက်ရက်စက်စက် သတ်သွားတာပဲ။

မြန်မာနောင်းသတင်းမှာပဲ "ဒေသတွင်းတော်လှန်ရေးလုပ်ငန်းများ ထဲထဲဝင်ဝင် လုပ်ကိုင်နေသူ အရာတော် တော်လှန်ရေးအင်အားစု တာဝန်ခံ ကိုဘဦးကမူ ကိုသူရိန် ဆိုသူကို မသိရှိကြောင်း ပြောသည်"လို့ ဖော်ပြထားတယ်။

ဘယ်အဖွဲ့ကမှန်း မသိ၊ ဘယ်သူမှန်းမသိသူ တယောက်က ဒလန်တယောက် ရှင်းပေးပါဆိုရုံနဲ့ လက်နက်မဲ့ အရပ်သားတော်လှန်ရေး ဘက်သားတဦး ကိုသတ်ချင်သလို သတ်ပစ်လိုက်တာ ထင်ရှားပါတယ်။ ဒီလို ဖြစ်ရပ်တွေ ဘယ့်လောက်ရှိနေပြီလဲ ဘယ်သူမှ အတိအကျ မသိနိုင်ပါ။ ဦးမြင့်ဆန်းလို ဒေသတွင်း လူသိများသူ၊ ရပ်ရွာက ကြည်ညိုလေးစားသူ၊ နိုင်ငံရေး အင်အားစုတွေက အချိန်မီ သိရှိပြီး ထုတ်ပြန်ချက်ထုတ်လိုက်နိုင်လို့ အခုလို အများပြည်သူ သိရတဲ့အဆင့် ရောက်လာခြင်း ဖြစ်တယ်။ ဦးမြင့်ဆန်းလိုလည်း လူသိပ်မသိ၊ ဒေသတွင်း နိုင်ငံရေး အင်အားစုတွေကလည်း အချိန်မီ မသိလိုက်တဲ့ ဖြစ်ရပ်တွေဆိုရင် ဘယ်သူမှတောင် သိလိုက်မှာ မဟုတ်ပါ။ အခုလို လက်လွတ်စပယ် အသတ်ခံရတဲ့အပြင် သစ္စာဖောက်၊ ဒလံဆိုတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ပါ တံဆိပ်ကပ် စော်ကားခံရမယ်။ ကျနော်တို့ မေးရလိမ့်မယ်၊ ဒါဟာ ကြီးမြတ်လှသော လက်နက်ကိုင် တော်လှန်ရေးကြီးလား။

## ချဉ်းကပ်နည်းနှစ်မျိုးနဲ့ မာ့(က်စ်)ဝါဒအမြင်

ဒီလိုမျိုး ဖြစ်ရပ်တွေကြုံလာရင် ချဉ်းကပ်နည်းနှစ်မျိုး တွေ့ရလေ့ရှိတယ်။ ပထမတမျိုးက လက်နက်ကိုင် တော်လှန်ရေးလုပ်နေချိန်မှာ ဒီလိုမျိုး အမှားအယွင်းလေးတွေ အဖိတ်အစင်လေးတွေ ရှိတတ်တာပဲ။ ဒါမျိုး ဖြစ်ရပ်တခု တလေကို လက်ညှိုးထိုးပြပြီး ပုံကြီးချဲ့ဝေဖန်တာဟာ ကြီးမြတ်လှသော လက်နက်ကိုင် တော်လှန်ရေးကို ပုံဖျက် တာပဲလို့ အော်တတ်ကြတယ်။ မော်ဝါဒီဆိုသူတွေ မကြာခဏ ပြောတတ်ပါတယ်။ သေချာတာကတော့ ဒီလို ဖြစ်ရပ်တွေက တခုတလေ မဟုတ်ပါ။ သာမန်အမှားအယွင်းလေးတွေ၊ ရင်းသင့်ရင် ရင်းရမယ့် မပြောပလောက်တဲ့ အဖိတ်အစင်လေးတွေလည်း မဟုတ်ပါ။ လက်နက်ကိုင်ထားတဲ့ အစုအဖွဲ့က လက်နက်မဲ့ အရပ်သားကို စွပ်စွဲချက် သံသယသက်သက်နဲ့ သတ်ချင်သလို သတ်ပြီး အများပြည်သူက အမှန်တရားအတိုင်း ဖြေရှင်းပေးပါ တောင်းဆိုနေ တာတောင် 'သောက်ဂရုမစိုက်ဘူးကွာ'ဆိုတဲ့ အချိုးမျိုး ချိုးနေတာ ဖြစ်တယ်။

နောက်ချဉ်းကပ်နည်း တမျိုးက လူ့အခွင့်အရေး ရှုထောင့်အရ ဂျနီဗာကွန်ဗန်းရှင်းက ဘယ်လိုရှိတယ်၊ စစ်အတွင်း "Code of Conduct" က ဘယ်လိုရှိတယ်လို့ ရွတ်ပြပြီး ဒီစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ 'ကိုယ်ကျင့်တရား' ရှုထောင့်အရ ချဉ်းကပ်တာပါ။ ဦးမြင့်ဆန်း အသတ်ခံရတဲ့ ကိစ္စနဲ့ပတ်သက်လို့ ၂၁ ပင်လုံ ဖြစ်မြောက်ရေး ကော်မတီရဲ့ တမူးမြို့နယ် တာဝန်ခံက အန်ယူဂျီကို တိုင်တန်းသွားမယ်လို့ မြန်မာနောင်း သတင်းဌာနက ဖော်ပြထားပါ တယ်။ အခုထိတော့ အန်ယူဂျီရဲ့ ကြားဝင်ဖြေရှင်းမှု လေသံတောင် မကြားရပါ။



ဒီချဉ်းကပ်နည်း နှစ်မျိုးလုံးဟာ လွဲမှားနေတယ်လို့ ကျမတို့ မာ့(က်စ်)ဝါဒီတွေက သုံးသပ်ပါတယ်။ ဒီလိုမျိုး ဖြစ်ရပ်တွေ ပေါ်ထွက်လာရတာဟာ အများထင်နေသလို 'မှားသွားလို့၊ စွပ်စွဲချက်တခုကို ခိုင်လုံမှုရှိမရှိ သေချာစစ်ဆေးပြီး လုပ်ရမယ့် ပရိစီဂျာအတိုင်း မသွားလို့' ဒါမှမဟုတ် လစ်ဘရယ်တွေပြောသလို 'moral code' တွေကို ချိုးဖောက်မိ လို့ ဖြစ်နေခြင်း မဟုတ်ပေ။

လူထုတရပ်လုံး တိုက်ပွဲဝင် တော်လှန်အုံကြွခဲ့တဲ့ ၂၁ နွေဦး တော်လှန်ရေးကို အာဏာသိမ်း စစ်တပ်က ရက်ရက် စက်စက် ဖြိုခွဲပစ်ခဲ့တယ်။ ၂၀၂၁ မေလ နောက်ပိုင်းကစပြီး တခွင်တပြင်လုံး အတိုင်းအတာနဲ့ အထွေထွေ နိုင်ငံရေး သပိတ်ကြီး မဆင်နွှဲနိုင်တော့ဘူး၊ လူထု အုံကြွမှုကြီး မရှိတော့ဘူး၊ ဒီအခြေအနေမှာ ဒေသအလိုက် လက်နက်ကိုင် ပြောက်ကျားအဖွဲ့လေးတွေ၊ ရဲရင့်သော လူငယ်တွေရဲ့ လက်နက်ကိုင် အစုလေးတွေက အလုပ်သမား လူတန်းစား၊ ဆင်းရဲ လယ်သမား လူတန်းစားရဲ့ လူထု တိုက်ပွဲနေရာကို အစားထိုး ဝင်ရောက်လာတယ်။ လူထုတရပ်လုံး ပါဝင်ခဲ့ တဲ့ တော်လှန်ရေး ပြိုလဲသွားချိန်မှာ နာမည်မျိုးစုံနဲ့ ပေါ်လာတဲ့ လက်နက်ကိုင် အစုလေးတွေက လူထု ကိုယ်တိုင် တိုက်ပွဲဝင်ခြင်းနေရာမှာ သူတို့ကိုယ်သူတို့ အစားထိုးပစ်လိုက်တာ ဖြစ်တယ်။ ဒီလိုနည်းနဲ့ လူထုကြီးကို စစ်ကျွန် ဘဝက လွတ်မြောက်စေမယ်။ ဒါဟာ ကယ်တင်ရှင်ဝါဒတမျိုး ဖြစ်နေမှန်း သတိမရကြဘူး။

ပြဿနာက အဲဒီလိုနည်းလမ်းနဲ့ လူထုကြီးကို လွတ်မြောက်စေမလား ဘယ်သူမှ အာမမခံနိုင်ပေမယ့် သေချာတာ တခုက နာမည်မျိုးစုံနဲ့ ပေါ်ထွက်လာတဲ့ လက်နက်ကိုင် အစုအဖွဲ့တွေကို ကယ်တင်ခံရမယ့် လူထုက ဒီမိုကရေစီ နည်းကျ ထိန်းချုပ်နိုင်ခြင်း လုံးဝမရှိဘူး။ ဒီလက်နက်ကိုင် အစုအဖွဲ့တွေဟာ တိုက်ပွဲဝင် လူထုကြားကနေ ထွက်ပေါ်လာတဲ့ ဒီမိုကရေစီနည်းကျ ရွေးကောက်ဖွဲ့စည်းထားတဲ့ ဦးဆောင်သပိတ် ကော်မတီဖြစ်စေ၊ အလုပ်သမား ကောင်စီဖြစ်စေ 'Democratic Organs' ရဲ့ ထိန်းချုပ်မှုအောက်ကနေ လက်နက်တပ်ဆင်ထားတာ မဟုတ်ဘူး။ ဒါ့ကြောင့် လူထုရဲ့ ဒီမိုကရေစီ ထိန်းချုပ်မှု ရှိမနေသလို လူထုကို တာဝန်ခံမှုလည်း ရှိမနေပေ။

အင်မတန် ရက်စက်ယုတ်မာတဲ့ အာဏာသိမ်း စစ်တပ်ပဲဖြစ်ဖြစ် ကမ္ဘာ့သမိုင်းမှာ ဘယ်အုပ်စိုးသူ လူတန်းစားကမှ ဒင်းတို့အာဏာနဲ့ အခွင့်ထူးတွေကို အသာတကြည် စွန့်လွှတ်ရိုး ထုံးစံမရှိပါဘူး။ ဒီလို မှန်ကန်တဲ့ သမိုင်းရေး အမြင် ရှိတဲ့ ကျမတို့

မော့(က်စ်)ဝါဒီတွေက အာဏာသိမ်း စစ်အစိုးရ၊ စစ်တပ်ကို ရင်ဆိုင်ရမယ့် လူထု တော်လှန်ရေး စတင် ချိန်ကတည်းက လစ်ဘရယ်တွေရဲ့ အကြမ်းမဖက်ရေး ရွှေပြည်အေးဝါဒ မှိုင်းတွေကို အစောဆုံး ဖွင့်ချဝေဖန်ခဲ့ပါတယ်။ လက်နက်ကိုင် ပြောက်ကျားနည်းတွေ၊ အကြမ်းဖက် လုပ်ကြံရေးဝါဒတွေကို မော့(က်စ်)ဝါဒီတွေ ဝေဖန်တဲ့အခါ မော်ဝါဒီတွေ၊ အန်းနားခစ်(စ်)တွေက 'Sentimental' အလုံးတွေနဲ့ စကားနာထိုးတတ်ကြလို့ ဒီအချက်ကို ရှင်း အောင် ပြောရခြင်း ဖြစ်တယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်၊ အာဏာသိမ်းလိုက်တဲ့ နေ့ကတည်းက ဝန်ထမ်း သမဂ္ဂတွေ ဖွဲ့စည်းပြီး ဝန်ထမ်းပေါင်းစုံ အထွေထွေ သပိတ်ကြီး ဆင်နွှဲဖို့၊ သပိတ်တိုက်ပွဲဝင် လူထုကြားကနေ ဒီမိုကရေစီနည်းကျ ရွေးကောက်ပြီး ဦးဆောင် သပိတ်ကော်မတီတွေ ဖွဲ့စည်းဖို့၊ အဲဒီလို ဦးဆောင် သပိတ်ကော်မတီတွေရဲ့ ထိန်းချုပ်မှုအောက်ကနေ 'self-defense committee' တွေ ဖွဲ့စည်းထားဖို့၊ လစ်ဘရယ်တွေရဲ့ အကြမ်း မဖက်ရေး ရွှေပြည်အေးဝါဒကို မယုံကြည်ဖို့ လူထုရှေ့မှောက် တင်ပြခဲ့တယ်။

ဒီလိုနည်းနဲ့ လူထုကိုယ်တိုင် တိုက်ပွဲဝင် ဦးဆောင် သပိတ်ကော်မတီတွေ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပြီး သူတို့ရဲ့ ထိန်းချုပ်မှုအောက်ကနေ ခုခံကာကွယ်ရေး လက်နက်တပ်ဆင်ထားမယ်ဆိုရင် တကယ့်မြေပြင်မှာ စနစ်တကျ ပြင်ဆင်စုစည်းထားနိုင်တဲ့ တော်လှန်ရေးအစိုးရတရပ်ကို တနိုင်ငံလုံးအတိုင်းအတာနဲ့ ထူထောင်နိုင်မယ်။ မှန်ကန်တဲ့ တော်လှန်ရေး ခေါင်းဆောင်မှုသာ ရှိခဲ့ရင် ဒီလို အခြေအနေမှာ ရန်သူ့စစ်တပ်အတွင်း အောက်ခြေ စစ်သားထုနဲ့ အရာရှိအလွှာကြား ကွဲအက်မှုတွေ ပိုပြင်းထန်လာလိမ့်မယ်။ နဂိုရှိနှင့်ပြီးသား လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်း တွေကို မိမိတို့ တော်လှန်ရေးဘက် စည်းရုံးနိုင်လိမ့်မယ်။ ဒီလုပ်ငန်းစဉ် အသေးစိတ်ကို ၂၁ နွေဦး တော်လှန်ရေး အရှိန်တက်နေချိန် ၂၀၂၁ ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ 'လူထုဒီမိုကရေစီ ထူထောင်ရေး' ခေါင်းစဉ်နဲ့ ကျမတို့ မော့(က်စ်)ဝါဒီတွေ တင်ပြခဲ့ပါတယ်။

အဖိနှိပ်ခံ လုပ်သားထုကြီး လက်နက်မဲ့ဖြစ်ပြီး 'ကယ်တင်ရှင် ဟီးရိုး ပြောက်ကျားအဖွဲ့ငယ်မျိုးစုံ'က လက်နက်ကိုင် တော်လှန်ရေးကြီး ဆင်နွှဲနေတဲ့ အခြေအနေမျိုး မရောက်ဘဲ လူထုကိုယ်တိုင် သိစိတ်ရှိရှိ တော်လှန်တိုက်ပွဲဝင်ရင်း ဒီမိုကရေစီနည်းကျ ဦးဆောင် သပိတ်ကော်မတီတွေ၊ အလုပ်သမား ကောင်စီတွေရဲ့ ထိန်းချုပ်မှုနဲ့ လူထုကိုယ်တိုင် လက်နက်တပ်ဆင်ပြီး တော်လှန်အုံကြွရေး လမ်းကြောင်းဖြစ်ပါတယ်။ အဲဒီလို လူထုတိုက်ပွဲ၊ လူထုကိုယ်တိုင်

ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုရှိနေမှသာ လက်နက်ကိုင်ထားတဲ့ အစုအဖွဲ့တွေက လက်နက်မဲ့ အရပ်သားကို လက် လွတ်စပယ် သတ်ဖြတ်တဲ့ ဖြစ်ရပ်တွေ မရှိနိုင်မှာ ဖြစ်တယ်။ အဲဒီလိုမဟုတ်ရင် ဒီလိုမျိုး ဖြစ်ရပ်တွေက မလွဲမရှောင် သာ ထွက်ပေါ်လာမှာပဲ။ လစ်ဘရယ်တွေရဲ့ ‘Moral Code’ တွေနဲ့ မထိန်းနိုင်တာ လက်တွေ့ပဲ။ ဒါ့ကြောင့်လည်း လူထု တိုက်ပွဲ ‘Mass Struggle’ မရှိတော့တဲ့ အခုလိုအချိန်မှာ (အခုလိုအချိန်လို့ အတိအကျ ပြောပါတယ်၊ ဘယ် တော့မှ လူထု တော်လှန်ရေး မဖြစ်ဘူးလို့ လုံးဝ မပြောတာ သတိချပ်စေချင်တယ်) လူထုတိုက်ပွဲနဲ့ နီးနီးကပ်ကပ် ချိတ်ဆက်ထားခြင်း မရှိရုံသာမက သီးခြား လှုပ်ရှားမှုပုံစံ ဖြစ်နေတဲ့၊ တိုက်ပွဲဝင် လူထုရဲ့ ဒီမိုကရေစီနည်းကျ ထိန်း ချုပ်မှု ကင်းမဲ့နေတဲ့ ပြောက်ကျားအဖွဲ့မျိုးစုံရဲ့ ‘လက်နက်ကိုင် တော်လှန်ရေးဆိုသောအရာ’ကို ကျမတို့ မာ့(က်စ်) ဝါဒီတွေ ပြတ်ပြတ်သားသား ဆန့်ကျင်ဝေဖန်ခြင်း ဖြစ်တယ်။

ဝင်းစံဖြူ



Marxist Perspective

LOCAL ARTICLES

# လူတန်းစား တိုက်ပွဲနဲ့ အကြမ်းဖက်မှု ပြဿနာ

သူရိန်မွန်



# လုပ်တန်းစား တိုက်ပွဲနဲ့ အကြမ်းဖက်မှု ပြဿနာ

အကြမ်းဖက်မှုကို abstract ဆန်တဲ့ သီအိုရီပြဿနာတခုလို ပုံဖော်ပြောလေ့ရှိကြတယ်။ ရှေ့ပြည်အေးဝါဒီတွေက 'အကြမ်းဖက်မှု' အယူအဆကို စည်းခြားခွဲထုတ်ပြီး လူ့ဘဝ ဆက်ဆံရေးတွေရဲ့ တခြားမျက်နှာစာအားလုံးနဲ့ ဘာမှမဆိုင်သယောင် ပုံဖော်တတ်ကြတယ်။ စစ်ရေး သဘောတရားဆရာ Carl von Clausewitz ပြောခဲ့သလိုပဲ 'စစ်ဆိုတာ နိုင်ငံရေးကို အခြားသော နည်းနဲ့ ဆက်လုပ်ခြင်း ဖြစ်တယ်'။ နိုင်ငံရေး 'မှန်သမျှ' ပစ်ပယ်ခြင်းဟာ အဓိပ္ပါယ်မရှိ၊ စိတ်ကူးယဉ်ဆန်သလို အကြမ်းဖက်မှု 'မှန်သမျှ' ပစ်ပယ်ခြင်းဟာလည်း အဓိပ္ပါယ်မရှိ၊ စိတ်ကူးယဉ်ဆန်လှတယ်။ ဒီလို ဝါးလုံးရှည်နဲ့ သိမ်းရမ်းတဲ့ ယေဘုယျအမြင်ကို ဆန့်ကျင်ရမယ်။ အခိုင်အမာ လက်တွေ့ဆန်ရမယ်။ ဘယ်လို အကြမ်းဖက်မှုမျိုးကို ကျနော်တို့ ဆန့်ကျင်ကြသလဲ။ အကြမ်းဖက်မှုကို ဘယ်လို ဆန့်ကျင်တိုက်ပွဲ ဝင်ကြမလဲ။

## • အရင်းရှင်စနစ်၊ စစ်နဲ့ အကြမ်းဖက်မှု

မာ့(က်စ်)ဝါဒီတွေဟာ ကမ္ဘာလောကကို ပကတိ ဖြစ်ရှိနေတဲ့အတိုင်း ရှုကြည့်သုံးသပ်တယ်၊ စိတ်ဆန္ဒအရ ဖြစ်စေ ချင်သလို မြင်ပြီး သုံးသပ်တာမျိုး မလုပ်ဘူး။ စစ်ပွဲနဲ့ အကြမ်းဖက်မှုဆိုတာ အရင်းရှင်စနစ်ရဲ့ အုတ်မြစ်အတွင်းက နေ ဖြစ်ပေါ်လာတာ။ အခန့်မသင့်လို့၊ အလွဲအမှားတချို့ရှိနေလို့ ထွက်ပေါ်လာတာမျိုး မဟုတ်ဘူး။ အရင်းရှင် စနစ် ရှိနေသရွေ့ အကြမ်းဖက်မှုဟာ လူသားဘဝတွေရဲ့ အရှိတရားတခု ဖြစ်နေဦးမယ်။



မာ့(က်စ်)ဝါဒီတွေက ဖြစ်နေတဲ့ အခိုင်အမာ အချက်တွေကို မျက်စိမှိတ်ပြီး မရှိပါစေနဲ့လို့ ဆုတောင်းမနေဘူး။ ဘာ့ ကြောင့် ဖြစ်နေသလဲ နားလည်အောင် ကြိုးစားတယ်၊ ဒီလို နားလည်မှုကို အသုံးပြုပြီး ဖြစ်ရှိနေတဲ့ အခြေအနေကို ပြောင်းလဲဖို့ ကြိုးစားတယ်။

ဗမာပြည်က အာဏာသိမ်း စစ်ခေါင်းဆောင်တွေ (ဆူဒန်က စစ်ခေါင်းဆောင်တွေ၊ စသဖြင့်) တိုင်းပြည်က လူထုကို ဆန့်ကျင် အကြမ်းဖက်နေခြင်းဟာ အုပ်စိုးသူ လူတန်းစားနဲ့ သူတို့ မှီခိုအားထားနေရသော နယ်ချဲ့သခင်ကြီးတွေရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ချင်လို့ ဖြစ်တယ်။


အရင်းရှင် လူတန်းစားက အကြမ်းဖက်မှုကို လိုအပ်တယ်၊ အရင်းရှင်စနစ်ဆိုတာ လူတန်းစားတွေကြားက ပဋိပက္ခ တွေအပေါ် အခြေခံထားတဲ့ စနစ်ဖြစ်နေလို့ အုပ်စိုးသူ လူတန်းစားအနေနဲ့ အလုပ်သမားထုကို ဆက်လက်ဖိလ်ကျ သွေးစုပ်နိုင်ဖို့ဆိုရင် အကြမ်းဖက်မှုကို လိုအပ်တယ်။ အရင်းရှင် လူတန်းစားအတွင်းမှာကို မတူညီတဲ့ အုပ်စုတွေ ကြား ပဋိပက္ခတွေ ရှိနေသေးတယ်။ မတူညီနိုင်တဲ့ နိုင်ငံအသီးသီးက အရင်းရှင် လူတန်းစားကြား ပဋိပက္ခတွေ လည်း ရှိသေးတယ်။ ဒါ့ကြောင့် အရင်းရှင်စနစ်ရှိနေသရွေ့ စစ်နဲ့ အကြမ်းဖက်မှုဟာ တည်ရှိနေဦးမယ်။

မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ အာဏာသိမ်း စစ်အုပ်စုဟာ လူတန်းစားအရ အရင်းရှင် လူတန်းစား ဖြစ်တယ်။ ကမ္ဘာ့ လက်ဝါးကြီးအုပ် အရင်းကို မှီခိုရပ်တည်နေရတဲ့ အရင်းရှင် လူတန်းစား ဖြစ်တယ်။

မင်းအောင်လှိုင်တို့ စစ် အုပ်စု ကမ်းကုန်အောင် အကြမ်းဖက် သတ်ဖြတ်နေခြင်းဟာ 'violence for its own sake' မဟုတ်ဘူး။ ဒင်းတို့အရင်းရှင် လူတန်းစားရဲ့ အကျိုးစီးပွားတွေ၊ အခွင့်ထူးတွေ၊ အာဏာတွေကို ခုခံကာကွယ်ဖို့ ဖြစ်တယ်။ အုပ်စိုးသူ လူတန်းစားအဖို့ အကြမ်းဖက်မှုဆိုတာ သူတို့ကိုယ်စားပြုထားတဲ့ စနစ်ကို ကာကွယ်နိုင်အောင် သုံးတဲ့ 'နည်းလမ်း' ပဲ ဖြစ်တယ်။

အရင်းရှင် နိုင်ငံတွေက အုပ်စိုးသူ လူတန်းစား





စစ်တိုက်တယ်ဆိုရင်လည်း 'War for its own sake' တိုက်တာ မဟုတ်ဘူး။ စျေးကွက်အသစ်တွေ သိမ်းပိုက်ဖို့၊ ကုန်ကြမ်း ရင်းမြစ်တွေ အပိုင်စီးထားဖို့၊ ဩဇာခံနယ်တွေ ချဲ့ထွင်ဖို့ နဲ့ အရင်းရှင် လူတန်းစားရဲ့ အုပ်စိုးမှုကို တည်တံ့စေဖို့ ဖြစ်တယ်။

စစ်က နိုင်ငံရေးကို အခြားနည်းနဲ့ ဆက်လုပ်ခြင်း ဖြစ်တယ်ဆိုရင် နိုင်ငံရေးဆိုတာ လီနင့် စကားနဲ့ပြောရရင် concentrated economics ဖြစ်တယ်။ ဒါ့ကြောင့် စစ်၊ နိုင်ငံရေးနဲ့ စီးပွားရေးဟာ ရစ်ပတ်ယှက်နွယ်နေကြတယ်။

အရင်းရှင် နယ်ချဲ့ပါဝါတွေရဲ့ 'ငြိမ်းချမ်းရေး'ကာလ ရည်မှန်းချက်တွေဟာ အရင်းရှင် နယ်ချဲ့ စစ်ပွဲကာလ ရည်မှန်း ချက်တွေနဲ့ ဘာမှ မခြားနားဘူးလို့ ထရော့စကီး ထောက်ပြခဲ့ဖူးတယ်။ အရင်းရှင် နိုင်ငံတော်တွေဟာ ငြိမ်းချမ်းရေး ကာလမှာတောင် အများတကာ့အများစု လုပ်သားထုကြီးကို အနည်းစုလေးက သွေးစုပ်ခြယ်လှယ်ဖို့၊ ဖိနှိပ်ထားဖို့ အတွက် အသုံးပြုတဲ့ 'စုစည်းထားသော အကြမ်းဖက်မှု စနစ်တွေ' organised systems of violence ဖြစ်နေတယ်။ ရဲဌာနတွေ၊ စစ်တပ်တွေ၊ တရားရုံးတွေ၊ အကျဉ်းထောင်တွေ ဆိုတာ စုစည်းထားသော အကြမ်းဖက်မှု စနစ်ပဲ။




စစ်နဲ့ အကြမ်းဖက်မှုဆိုတာ အရင်းရှင်စနစ်ရဲ့ အတွင်းသား အစိတ်အပိုင်းတွေ ဖြစ်တယ်။ ဒီအတွင်းသား အစိတ် အပိုင်းတွေ မရှိဘဲ အရင်းရှင်စနစ်ဆိုတာ မတည်ရှိနိုင်ဘူး။ ဗမာပြည် စစ်အုပ်စုက ပြည်တွင်းစစ်ကို နှစ်ပေါင်း ၇၀ တိုက်ရင်း အရင်းရှင် လူတန်းစား ဖြစ်လာခဲ့တယ်။ အမေရိကန် အရင်းရှင်စနစ် ကျယ်ကျယ်ပြန့်ပြန့်

ဖြစ်ထွန်းနိုင် အောင် ပြည်တွင်းစစ်တိုက်ပြီး တောင်ပိုင်း ကျွန်စနစ်ကို ဖျက်သိမ်းခဲ့ရတယ်။ တခြား နမူနာတွေ ဆက်ချဲ့ကြည့်နိုင် ပါတယ်။

ဒီကနေ ကောက်ချက်ဆွဲလို့ရတာက အကြမ်းဖက်မှုနဲ့ စစ်ပွဲတွေကို အပြီးတိုင် အဆုံးသတ်လိုရင် အရင်းရှင်စနစ်ကို ဖြိုချရမယ်။

## • အကြမ်းဖက်မှုဆိုတာ နည်းနာပြဿနာ

ဂန္ဒီ၊အောင်ဆန်းစုကြည်အစရှိတဲ့ ရွှေပြည်အေးဝါဒီတွေကဒီသဘောတရားတွေကို လက်မခံကြဘူး။ ရွှေပြည်အေး ဝါဒီတွေက အကြမ်းမဖက်ခြင်းဆိုတာကို ကိုယ်ကျင့်စံနှုန်းတခုအဖြစ် သဘောထားကြတယ်။ အချိန်အခါမရွေး လူ တိုင်း ဒီကိုယ်ကျင့်စံကို မဖြစ်မနေ ကျင့်သုံးကြဖို့ တောင်းဆိုတယ်။ ဒါပေမယ့် လူ့အဖွဲ့အစည်းကို abs-tract ဆန်တဲ့ ပုံသေ ကိုယ်ကျင့်စံတွေနဲ့ အုပ်စိုးနေတာ မဟုတ်ဘူး။ သက်ဝင်လှုပ်ရှားနေတဲ့ သမိုင်းဆိုင်ရာ အင်အားစုတွေရဲ့ လူတန်းစား တိုက်ပွဲနဲ့ လူ့အဖွဲ့အစည်းကို မောင်းနှင်နေတာ။

ဒါ့ကြောင့် မာ့(က်စ်)ဝါဒီတွေက စစ်ပွဲမှန်သမျှ၊ အကြမ်းဖက်မှု မှန်သမျှ ပစ်ပယ်တယ် ဒါမှမဟုတ် ထောက်ခံတယ်လို့ တရားသေ သတ်မှတ်မထားဘူး။ ဖြစ်ရှိနေတဲ့ ပကတိ အခိုင်အမာ အခြေအနေကို မူတည်ပြီး ပေါ်လစီကို ချမှတ် ကြတယ်။ အကြမ်းဖက်ခြင်း အကြမ်းမဖက်ခြင်းကို နည်းနာပြဿနာအနေနဲ့ သဘောထားတယ်။

အဖိနှိပ်ခံ လူမျိုးစုတွေ၊ လူတန်းစားတွေ လွတ်မြောက်ရေး စစ်ပွဲတွေကို သမိုင်းရှုထောင့်အရ တရားတယ်၊ မှန်ကန် တယ်လို့ ကျနော်တို့ မာ့(က်စ်) ဝါဒီတွေ ယူဆကြပါတယ်။ အကြမ်းဖက်မှု မှန်သမျှ မကောင်းဘူးဆိုပြီး ကိုယ်ကျင့် တရားရှုထောင့်အရ abstract ဆန်ဆန် မဆန့်ကျင်ပါဘူး။ ဒါပေမယ့် ဒီလို စစ်ပွဲတွေကို ဘယ်လိုနည်းနဲ့ပဲ လုပ်လုပ် လက်သင့်ခံတယ်လို့ မဆိုလိုဘူး။



ဥပမာဒီကနေ့ခေတ်စားနေတဲ့တဦးချင်းအကြမ်းဖက် လုပ်ကြံရေးနည်း နဲ့ ပြောက်ကျားစစ်နည်းတွေဟာ လူထု အရေးတော်ပုံ မရှိတော့တဲ့အချိန်၊ လူထု လှုပ်ရှားမှုနဲ့ ကင်းကွာသွားပြီဆိုရင် လူတန်းစား တိုက်ပွဲကို အားမကောင်း စေတော့ဘူး။ လူတန်းစား တိုက်ပွဲရဲ့ collective action နေရာမှာ လက်နက်ကိုင် အစုလေးတွေ (ဒါမှမဟုတ် တဦး တယောက်ချင်းစီ) ရဲ့ လုပ်ဆောင်ချက်တွေနဲ့ အစားထိုးပစ်လိုက်တယ်။ ဒီလို တိုက်ပွဲနည်းတွေဟာ လူထုကိုယ်တိုင် လူထုရဲ့ စွမ်းအားအပေါ် ယုံကြည်မှုတိုးမလာစေဘဲ လက်နက်ကိုင် အစုလေးတွေ (ပီဒီအက်ဖ်တွေ၊ လူမျိုးစု လက် နက်ကိုင် အဖွဲ့တွေ၊ စသဖြင့်) က စစ်ဘီလူးတွေကို နှိမ်နင်းပေးသွားမယ်၊ ဒီလိုနည်းနဲ့ သူတို့ လွတ်မြောက်သွားမယ် ဆိုတဲ့ ထင်မှတ်မှားမှုမျိုးပဲ ဖြစ်စေတယ်။

တကယ်တော့ ဒီလို နည်းလမ်းတွေဟာ လူတန်းစား တိုက်ပွဲကို အားမကောင်းစေဘဲ နိုင်ငံတော်ရဲ့ အကြမ်းဖက်ယန္တယားကိုသာ ပိုအားကာင်းစေတတ်တယ်။ ဒီနည်းလမ်းတွေကို အကြောင်းပြပြီး 'အကြမ်းဖက်သမားတွေလို့တံဆိပ် ကပ်ကာ ပိုပြင်းထန်တဲ့ ဖိနှိပ်ရေးတွေပဲ လုပ်လာမယ်။

ဒီလို တိုက်ပွဲနည်းနာတွေကို ဘူဇွာ ရွှေပြည်အေးဝါဒီတွေလို ကိုယ်ကျင့်တရား ရှုထောင့်ကနေ မကြည့်ပါဘူး၊ နည်း ဗျူဟာ ပြဿနာအဖြစ်ပဲ မာ့(က်စ်)ဝါဒီတွေ ချဉ်းကပ်ပါတယ်။ လူ့အဖွဲ့အစည်းကို ပြောင်းလဲရာမှာ အလုပ်သမား လူတန်းစားက သူ့အခန်းကဏ္ဍကို ကောင်းကောင်း သိမြင်လာစေတဲ့ နည်းဗျူဟာတွေကိုပဲ အသုံးပြုသင့်တယ်။

၁၉၀၁ ခုနှစ်က ရေးခဲ့တဲ့ 'ဘယ်ကစကြမလဲ' ဆောင်းပါးထဲမှာ အကြမ်းဖက်မှု ပြဿနာနဲ့ ပတ်သက်လို့ မာ့(က်စ်) ဝါဒအမြင်ကို လီနင်က အတိုချုပ် ဖော်ထုတ်ခဲ့တယ်-

"အကြမ်းဖက်မှု ပြဿနာဟာ ပြဿနာအသစ်တခု လုံးဝ မဟုတ်ပါဘူး။ ဒီနေရာမှာ ရုရှား ဆိုရှယ် ဒီမိုကရေစီရဲ့ တည်ဆောက်ပြီးသား အမြင်တွေကို အတိုချုပ် ဖော်ပြရင် လုံလောက်ပါပြီ။

"အကြမ်းဖက်မှုကို မူအရ ငြင်းပယ်တာမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး၊ မူအရ ငြင်းပယ်လို့လည်း မရနိုင်ဘူး။ အကြမ်းဖက်မှုဆိုတာ တိကျခိုင်မာတဲ့ အခြေအနေတွေ တည်ရှိနေပြီး တပ်ဖွဲ့တွေရဲ့ အခိုင်အမာ အနေအထား တခု မှာ ဆင်နွှဲတဲ့ တိုက်ပွဲအတွင်းက တိကျခိုင်မာတဲ့ အဆင့်တခုမှာ လုံးဝ ဆီလျော်နိုင်တဲ့၊ မဖြစ်မနေ လိုအပ်ကောင်း လိုအပ်နိုင်တဲ့ စစ်ရေး လှုပ်ရှားမှု ပုံစံတမျိုး ဖြစ်တယ်။ ဒါပေမယ့် အရေးကြီးတဲ့ အချက်က လက်ရှိအချိန်မှာ အကြမ်းဖက်မှုကို တိုက်ပွဲစနစ်တခုလုံးနဲ့ တင်းတင်းကြပ်ကြပ် ချည်နှောင်ထားတဲ့၊ ပေါင်းစပ်ထားတဲ့ စစ်ရေး လှုပ် ရှားမှုတခုအဖြစ် အဆိုပြုနေကြတာ မဟုတ်ဘူး၊ ဘယ်တပ်ဖွဲ့နဲ့မှ မဆိုင်တဲ့ သီးခြားကင်းလွတ်နေသော တိုက်ခိုက် ရေး ပုံစံတခုအနေနဲ့ အဆိုပြုနေကြခြင်း ဖြစ်တယ်။

တခွင်တပြင်လုံး အင်အားစုတွေရဲ့ ဗဟိုဦးစီးအဖွဲ့တခု မရှိသ လို၊ ဒေသန္တရ တော်လှန်ရေး အဖွဲ့တွေလည်း အားချိနေသေးတဲ့ ကာလမှာ ဒီလို အကြမ်းဖက်မှုမျိုးပဲ ဖြစ်နိုင်မယ်။ ဒါ့ကြောင့် လက်ရှိ အခြေအနေတွေအရ အဲဒီလို တိုက်ပွဲ

နည်းလမ်းတွေဟာ အချိန်အခါ မသင့်သေးဘူး၊ မဆီလျော် သေးဘူးလို့ ငါတို့ ပြတ်ပြတ်သားသား ကြေညာတယ်။ ဒီလို တိုက်ပွဲပုံစံမျိုးဟာ အတက်ကြွဆုံး ဖိုက်တာတွေကို သူတို့တကယ် လုပ်ရမယ့် အလုပ်ကနေ သွေဖည်သွားစေတယ်၊ လှုပ်ရှားမှုတခုလုံး အကျိုးစီးပွား ရှုထောင့်ကကြည့် ရင် အရေးအကြီးဆုံး အလုပ်ကနေ လမ်းလွဲသွားစေတယ်။ ဒီတိုက်ပွဲနည်းလမ်းတွေဟာ အစိုးရအင်အားကို ဖရိုဖရဲ မဖြစ်စေဘဲ တော်လှန်ရေး အင်အားတွေကို ဖရိုဖရဲ ဖြစ်စေတယ်။ လောလောလတ်လတ် ဖြစ်ရပ်တွေကို ပြန်စဉ်း စားကြည့်ဖို့ လိုအပ်တယ်။ အလုပ်သမားထုနဲ့ မြို့နေ 'သာမန်ပြည်သူတွေ'က တိုက်ပွဲဝင် ချီတက်လာခဲ့တယ်။

ဒီအချိန်မှာ တော်လှန်ရေးသမားတွေဘက်က ခေါင်းဆောင်မှု ပေးနိုင်မယ့် သူတွေ၊ စည်းရုံးရေးမှူးတွေ ကင်းမဲ့နေခဲ့ တယ်။ အဲဒီလို အခြေအနေတွေအောက်မှာ အတက်ကြွဆုံး တော်လှန်ရေးသမားတွေက အကြမ်းဖက်ရေးဘက် ရောက်သွားရင် ချေမှုန်ရေး တပ်သားတွေ အားချိသွားမယ့် အန္တရာယ် မရှိဘူးလား။ တော်လှန်ရေး အဖွဲ့အစည်း တွေနဲ့ စည်းရုံးစုစည်းမထားရသေးတဲ့ လူထုကြီးကြား အချိတ်အဆက် ပြတ်သွားနိုင်တဲ့ အန္တရာယ် မရှိဘူးလား။ ဆက်သည်းမခံနိုင်တော့လို့ ဆန္ဒပြ တိုက်ပွဲဝင်လာတဲ့ လူထုကြီးဟာ စုစည်းမှု မရှိသေးဘူး။ မစုစည်းနိုင်သေးလို့ပဲ လူထုက အားနည်းနေတာ။ ငါတို့အောင်ပွဲရဲ့ တခုတည်းသော အာမခံချက်က တော်လှန်ရေး အဖွဲ့အစည်းတွေနဲ့ လူထုကြားက အချိတ်အဆက်ပဲ။ သူရဲကောင်းပီသတဲ့ တဦးချင်းစီရဲ့ ထိုးနက်ချက်တွေ အရေးကြီးပုံကို ငါတို့ မဆန့် ကျင်ဘူး၊ ဒါပေမယ့် အကြမ်းဖက်မှုနဲ့ပဲ မွှန်ထူသွားမယ့် အန္တရာယ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သတိပေးရမှာ ငါတို့ တာဝန်ဖြစ်တယ်။ အကြမ်းဖက်မှုကိုပဲ အဓိက တိုက်ပွဲနည်းလမ်း၊ အခြေခံကျသော တိုက်ပွဲနည်းလမ်းအဖြစ် ယူဆသွားမှာကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရမယ်၊ လက်ရှိအချိန်မှာ လူတော်တော်များများက အဲဒီလို တိမ်း ညွှတ်နေကြတယ်။ အကြမ်းဖက်မှုဟာ ပုံမှန် စစ်ရေး လုပ်ရှားမှု ဘယ်တော့မှ မဖြစ်နိုင်ဘူး။ အဆုံးအဖြတ် တိုက်ပွဲ တခုမှာ အသုံးပြုတဲ့ နည်းလမ်းတွေထဲက ပုံစံတမျိုးသာ ဖြစ်နိုင်တယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ အဲဒီလို အဆုံး အဖြတ် နောက်ဆုံးတိုက်ပွဲတခု ငါတို့ ခေါ်နိုင်ပြီလား။ *Rabocheye Dyelo က ခေါ်နိုင်တယ်လို့ ယူဆတယ်။ (* အင်္ဂလိပ်လို The Workers' Cause လို့ အမည်ရတဲ့ ဂျာနယ် ဖြစ်ပါတယ်။ အလုပ်သမား လူတန်းစားက နိုင်ငံရေး တိုက်ပွဲတွေ၊ တော်လှန်ရေးတွေ စဉ်းစားစရာမလိုဘူး၊ လက်ငင်း စားဝတ်နေရေး၊ အလုပ်ခွင် ပြေလည်ရေး ပြဿ နာတွေကို အဓိက တောင်းဆိုတိုက်ရမယ်ဆိုတဲ့ Economist အမြင်တွေ ကိုင်စွဲထားတဲ့ ဂျာနယ်ဖြစ်တယ်)။ ဒီဂျာ နယ်က "ချေမှုန်းရေး တပ်စိတ်တွေ ဖွဲ့စည်းကြ"လို့ ကြွေးကြော်တယ်။ ဒါပေမယ့် ဒီကြွေးကြော်သံဟာ ဆင်ခြင်မှု ကနေ ထွက်ပေါ်လာတာ မဟုတ်ဘဲ ဆန္ဒစွဲနဲ့ အော်နေခြင်း ဖြစ်တယ်။ ငါတို့ စစ်အင်အားမှာ အဓိက ပါဝင်နေတာ က ဇော်လံတီယာတွေ နဲ့ သူပုန်တွေပဲ ရှိသေးတယ်။ ပုံမှန် တပ်ဖွဲ့တွေရဲ့ အသေးစား ယူနစ်လေး အနည်းအပါးပဲ ရှိ သေးတယ်။ ဒီရှိပြီးသား အင်အားကိုတောင် တပ်လှန့်ပြင်ဆင်မထားရသေးဘူး။ တခုနဲ့တခု မချိတ်ဆက်မိသေးဘူး၊ ချေမှုန်းရေး တပ်စိတ်မပြောနဲ့၊ ဘယ်လို တပ်စိတ်မျိုးမှ ဖွဲ့စည်းနိုင်တဲ့

အနေအထား မရှိသေးဘူး။ ဒီအခြေအနေ အရပ်ရပ်ကို ကြည့်လိုက်မယ်ဆိုရင် ငါတို့ တိုက်ပွဲရဲ့ အထွေအထွေ အခြေအနေတွေကို အကဲဖြတ်နိုင်စွမ်းရှိပြီး သမိုင်းဖြစ်စဉ်ရဲ့ အချိုးအကွေ့တိုင်းမှာ ဒီအခြေအနေတွေကို စဉ်းစားသုံးသပ်နိုင်စွမ်းရှိတဲ့ ဘယ်သူမဆို လက်ရှိ အချိန်မှာ ငါတို့ရဲ့ ကြွေးကြော်သံက "ချေမှုန်းရေး" မဖြစ်နိုင်ဘူးဆိုတာ ရှင်းမယ်၊ "ရန်သူ့ ခံတပ်ကို ဝိုင်းထားကြ" ဆိုတဲ့ ကြွေးကြော်သံပဲ ဖြစ်ရမယ်။ တနည်းဆိုရရင် ငါတို့ ပါတီရဲ့ လက်ငင်းအလုပ်က ရှိပြီးသား အင်အားတွေ အားလုံး အစု ထတိုက်ကြဖို့ ဆော်သြရမှာ မဟုတ်ဘူး၊ ပါးစပ်နဲ့ မဟုတ်ဘဲ တကယ့် လက်တွေ့မှာ လှုပ်ရှားမှုကို လမ်းညွှန်ဦးဆောင် ပေးနိုင်စွမ်းရှိပြီး၊ အင်အားတွေ အားလုံးကို စုစည်းပေးနိုင်စွမ်းရှိတဲ့ တော်လှန်ရေး အဖွဲ့အစည်း တခု တည်ဆောက်ရေးပဲ နှိုးဆော်ရမယ်။ ဆိုလိုတဲ့သဘောက ဘယ်ခါအဆို ဆန္ဒပြပွဲတွေ၊ အုံကြွမှုတွေ ပေါက်ကွဲ ထွက်လာတာနဲ့ ထောက်ခံအားပေးဖို့ အသင့်ဖြစ်နေပြီး အဆုံးအဖြတ် တိုက်ပွဲအတွက် ဖိုက်တာအင်အားစုတွေ အစိုင်အမာ တည်ဆောက်ထားနိုင်အောင် အခွင့်အလမ်းကို အမိအရ အသုံးချနိုင်စွမ်းရှိတဲ့ အဖွဲ့အစည်းတခု တည် ဆောက်ရေး ဖြစ်ရမယ်။"

အကြမ်းဖက်မှု ပြဿနာအပေါ် လီနင်ရဲ့ ချဉ်းကပ်နည်းကို ဖမ်းဆုပ်နိုင်အောင် ရှည်ရှည်လျားလျား ဘာသာပြန် ကိုး ကားလိုက်တာပါ။ ရုရှား တော်လှန်ရေး သမိုင်းနဲ့ စိမ်းနေသူတွေအဖို့ ဖတ်ရတာ ရှုပ်သွားနိုင်ပါတယ်။ လီနင်ရေးတဲ့ ၁၉၀၁ ခုနှစ်မှာ ဘော်ရှီဗစ်ပါတီ အစပျိုးကာစပဲ ရှိသေးတယ်။ အပီအပြင် ရုပ်လုံးမပေါ်သေးဘူး။ "ဘယ်က စကြမလဲ" ဆောင်းပါးက တော်လှန်ရေး ပါတီတခု တည်ဆောက်ရာမှာ မဖြစ်မနေ လေ့လာသင့်တဲ့ လီနင်ရဲ့ ဂန္ထဝင် မြောက်လက်ရာ "ငါတို့ဘာလုပ်ကြမလဲ" စာအုပ်ရဲ့ ရှေ့ပြေး ဆောင်းပါးဖြစ်ပါတယ်။ ဒီကာလမတိုင်ခင် ဆယ်စုနှစ် သုံးခုလောက်က ရုရှားမှာ နရော့နစ်(ခ်) လှုပ်ရှားမှုဆိုတာ ရှိခဲ့တယ်။ အကြမ်းဖက် လုပ်ကြံရေး နည်းလမ်းတွေကို အသုံးပြုခဲ့ကြတယ်။ ရုရှား မာ့(က်စ်)ဝါဒက နရော့နစ်(ခ်)တွေရဲ့ အတွေးအခေါ်၊ နည်းလမ်းတွေကို တိုက်ဖျက်ခဲ့ရတယ်။ ဒါ့ကြောင့် လီနင်က အကြမ်းဖက်မှု ပြဿနာဟာ အသစ်လုံးဝ မဟုတ်ဘူးလို့ ၁၉၀၁ ခုနှစ်မှာ ရေးခဲ့ခြင်း ဖြစ် တယ်။ လီနင် ချဉ်းကပ်ပုံဟာ မူအရ (in principle) ဆိုပြီး အကြမ်းဖက်မှုကို ပစ်ပယ်တာမျိုး မလုပ်သလို မူအရ ထောက်ခံတာမျိုးလည်း မလုပ်ဘူး။ နည်းဗျူဟာ ပြဿနာအဖြစ် ချဉ်းကပ်တယ်။ ပကတိ အခြေအနေကို ဆန်းစစ် တယ်။ လက်ရှိ အခြေအနေမှာ လူတန်းစား အချိုးအစား ဘယ်လိုရှိသလဲ ဆန်းစစ်တယ်။ တော်လှန်ရေး အဖွဲ့တွေ နဲ့ လူထုကြား အဆက်ပြတ်သွားနိုင်တဲ့ အန္တရာယ်ကို ထောက်ပြတယ်။ တော်လှန်ရေး အဖွဲ့အစည်းတွေနဲ့ လူထု ကြား ချိတ်ဆက်မိနေမှ အောင်ပွဲကို အာမခံချက်ရှိနိုင်မယ်လို့ သတိပေးတယ်။ အကြမ်းဖက်မှုကို လူတန်းစား တိုက် ပွဲနဲ့ ကင်းလွတ်နေတဲ့ independent form တခုအဖြစ် လက်မခံဘူး။ အကြမ်းဖက်မှုကိုပဲ အဓိက တိုက်ပွဲနည်းလမ်း၊ အခြေခံကျသော တိုက်ပွဲနည်းလမ်းအဖြစ် ယူဆသွားမှာကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရမယ်လို့ ဆိုတယ်။ လီနင် ဝါဒီလို့ ကြွေးကြော်နေကြတဲ့ လက်ဝဲသူငယ်နာ ဂိုဏ်းသားတွေအနေနဲ့ လီနင်ရဲ့ ဒိုင်ယာလက်တစ် နည်းလမ်းကို ဖမ်းဆုပ်နိုင်အောင် အသေအချာ လေ့လာသင့်တယ်။ လီနင်ကို အကြမ်းဖက်မှုပဲ

ဖက်တွယ်နေသယောင် ဘူဇွာ လူတန်းစားနဲ့ ကိုယ်စားလှယ်တော် ပညာတတ်တွေက ပုံဖျက်တတ်ကြတယ်။ လီနင်ရဲ့ ရပ်တည်ချက်အမှန်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။

အကြမ်းဖက်မှုကို ကိုယ်ကျင့်တရား ရှုထောင့်ကနေ မှုအရဆိုပြီး ပစ်ပယ်နေကြတဲ့ ရွှေပြည်အေးဝါဒီတွေဟာ စိတ် ကူးယဉ်ဆန်တဲ့ ကြောင်သူတော်တွေ ဖြစ်သလို မှုအရ၊ ကိုယ်ကျင့်ရှုထောင့်အရ အကြမ်းဖက်မှု မှန်သမျှ ထောက်ခံ တယ်ဆိုတာဟာ မာ့(က်စ်)ဝါဒအမြင် လုံးဝ မဟုတ်ဘူး။ လက်ဝဲ သူငယ်နာထနေတဲ့ လက္ခဏာသာ ဖြစ်တယ်။

အောက်တိုဘာ တော်လှန်ရေး ဘယ်ဆီမှန်းမသိခင် ၁၉၀၁ ခုနှစ်က ဆောင်းပါးမှာပဲ လီနင် အဲသလို ရေးခဲ့တာ မဟုတ်ဘူး။ ၁၉၁၇ အောက်တိုဘာ အုံကြွမှုကနေ တော်လှန်ရေး အောင်ပြီး ၃ နှစ်အကြာမှ ရေးခဲ့တဲ့ နာမည်ကျော် ‘Left--wing Communism: An Infantile Disorder’ စာအုပ်မှာလည်း ဒီသဘောမျိုး ရေးခဲ့ပါသေးတယ်။ “အလုပ် သမား လှုပ်ရှားမှုအတွင်းက ဘယ်ရန်သူတွေကို ဆန့်ကျင်တိုက်ပွဲဝင်ခြင်းဟာ ဘော်ရှီဗစ်ဇင်ကို တိုးတက် အား ကောင်းစေခဲ့သလဲ၊ သံမဏိလို ခိုင်မာစေခဲ့သလဲ” ဆိုတဲ့ အခန်းမှာ ဒီပြဿနာကို ရှင်းပြခဲ့တယ်။ ပထမဆုံးအနေနဲ့ နိုင်ငံတကာ အလုပ်သမား လှုပ်ရှားမှုအတွင်းက အချောင်သမားဝါဒကို ဘော်ရှီဗစ်တွေ တိုက်ခဲ့ရတာ အတော်များ များ သိကြတယ်၊ ၁၉၁၄ မှာ ပထမကမ္ဘာစစ်ဖြစ်တော့ ဒုတိယ အင်တာနေရှင်နယ် ခေါင်းဆောင်ပိုင်းက သက်ဆိုင် ရာ တိုင်းပြည်က အုပ်စိုးသူ လူတန်းစားဘက်ကနေ ရပ်တည်ပြီး နယ်ချဲ့စစ်ကို ထောက်ခံခဲ့ကြတဲ့ ဆိုရှယ် ရှိုဗင်နစ်ဇင် အချောင်သမားဝါဒကို တိုက်ခဲ့ရတယ်။ ဒီအကြောင်းကို လူသိများတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အလုပ်သမား လှုပ်ရှားမှုအတွင်း ဘော်ရှီဗစ်တွေ တိုက်ခဲ့ရတဲ့ နောက်ရန်သူတမျိုးကိုတော့ သိပ်မသိကြ သေးဘူးလို့ လီနင် ရေးခဲ့တယ်။ အန်းနားခစ်(စ်) သဘောတရားတွေ ဆွဲယူထားတဲ့ ပက်တီး ဘူဇွာ တော်လှန်ဝါဒ ကို နှစ်ရှည်လများ ဆန့်ကျင်တိုက်ပွဲဝင်ရင်း ဘော်ရှီဗစ်ဇင် ရုပ်လုံးပေါ်လာခဲ့တယ်၊ ကြီးထွားလာခဲ့တယ်၊ ခိုင်မာ အားကောင်းလာခဲ့တယ် ဆိုတဲ့အချက်ကို သိပ်မသိကြဘူး။ အန်းနာခစ်ဇင်ဆိုတာ အလုပ်သမား လှုပ်ရှားမှုရဲ့ အချောင်သမားဝါဒ အမှားတွေကြောင့် တန်ပြန်ခံရတဲ့ အပြစ်ဒဏ်မျိုးပဲ။ ဒီနှစ်မျိုးဟာ ဆန့်ကျင်ဖက်လို့ ထင်ရပေ မယ့် တကယ်တမ်း တခုနဲ့တခု ဖြည့်ဖက်တွေသာ ဖြစ်တယ်။ ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ပန်းလိုပဲ။ ပက်တီး ဘူဇွာ တော် လှန်ဝါဒကို ထုတ်ဖော်ထားတဲ့ “ဆိုရှယ်လစ် ရက်ဗလူရှင်နရီ” ပါတီကို ဆန့်ကျင်တိုက်ပွဲဝင်ရင်း ဘော်ရှီဗစ်ဇင် အားကောင်းလာခဲ့တယ်။ အဓိက ပြဿနာကြီး သုံးခုမှာ တိုက်ပွဲဝင်ခဲ့ရတယ်လို့ လီနင်က အခုလို ရှင်းပြခဲ့တယ်-

၁-“ဆိုရှယ်လစ် ရက်ဗလူရှင်နရီ” ပါတီက မာ့(က်စ်)ဝါဒကို ငြင်းပယ်တယ်၊ နိုင်ငံရေး လှုပ်ရှားမှုမဖော်ခင်မှာ လူ တန်းစား အင်အားအချိုးအစားကို ဓမ္မဓိဌာန်ကျကျ အခိုင်အမာ ဆန်းစစ်သုံးသပ်ဖို့ လိုအပ်မှန်း နားလည်နိုင်စွမ်း မရှိကြဘူး၊ ဒီလိုအပ်ချက်ကို ငြင်းပယ်ကြတယ်။

၂ - ဒီပါတီက တဦးချင်း အကြမ်းဖက်ဝါဒ နဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို အသိအမှတ်ပြု ထောက်ခံလို့ သူ့ကိုယ်သူ "တော်လှန်တယ်"၊ "လက်ဝဲဆန်တယ်"လို့ ယူဆတယ်။ ငါတို့မာ့(က်စ်)ဝါဒီတွေက တဦးချင်း အကြမ်းဖက်ဝါဒနဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ပြတ်ပြတ်သားသား ဆန့်ကျင်တယ်။ တဦးချင်း အကြမ်းဖက် လုပ်ကြံရေးဝါဒကို ငါတို့ ဆန့်ကျင်တာဟာ "expediency" ရှုထောင့်အရပဲ ဆန့်ကျင်ခြင်း ဖြစ်တယ်။ မဟာ ပြင်သစ် တော်လှန်ရေးကြီးရဲ့ အကြမ်းဖက်မှု (ဒါမှမဟုတ်) တကမ္ဘာလုံးက ဘုရင်တွေ ဝိုင်းပတ်ချေမှုန်းတာ ခံနေရတဲ့ တော်လှန်ရေး အောင်ထား သော ပါတီတခု ကျင့်သုံးလိုက်ရတဲ့ အကြမ်းဖက်မှုကို "မှုအရ" ပြစ်တင်ရှုတ်ချနိုင်တဲ့ သူတွေကို မာ့(က်စ်)ဝါဒီ တော်လှန်ရေးသမား ဖြစ်နေသေးချိန် ၁၉၀၀-၃ ခုနှစ်မှာ ပလက်ခနော့(ဗ်)က လှောင်ရယ်ခဲ့ဖူးတယ်။

၃ - "ဆိုရှယ်လစ် ရက်ဗလူရှင်နရီ" ပါတီက ဂျာမန် ဆိုရှယ် ဒီမိုကရက်တစ် ပါတီရဲ့ နှိုင်းယှဉ်ချက်အားဖြင့် မပြောပ လောက်သော အချောင်သမားဝါဒ အမှားတွေကို ပြက်ရယ်ပြုရတာကို "လက်ဝဲဆန်လှပြီ" ထင်ခဲ့တယ်၊ သူတို့ကိုယ် တိုင်က ဂျာမန် ဆိုရှယ်ဒီမိုကရက်တစ် ပါတီရဲ့ ဆိုးဆိုးရွားရွား အချောင်သမားဝါဒီတွေကို ပုံတူလိုက်ကူးနေခဲ့ကြ တယ်၊ ဥပမာ မြေယာ ပြဿနာ ဒါမှမဟုတ် ပစ္စည်းမဲ့ အာဏာရှင်စနစ် ပြဿနာတွေနဲ့ ပတ်သက်လို့။"

ဒီမှာလည်း အကြမ်းဖက်မှုကို နည်းဗျူဟာ ပြဿနာအဖြစ် လီနင် ဘယ်လိုချဉ်းကပ်ခဲ့သလဲ အထင်အရှား တွေ့ရ မယ်။ အချောင်သမားတွေက အကြမ်းဖက်မှုကို ကိုယ်ကျင့်တရား ရှုထောင့်ကနေ "မှုအရ" ဆန့်ကျင်ကြတယ်၊ ဒါနဲ့ ဆန့်ကျင်ဖက် ပက်တီး ဘူဇွာ တော်လှန်ဝါဒီတွေက "မှုအရ" အကြမ်းဖက်မှုကို အားပေးတယ်၊ ထောက်ခံတယ်၊ ဒီလို ထောက်ခံအားပေးလို့ "လက်ဝဲဆန်လှပြီ"၊ "တော်လှန်ရေးသမား" ဖြစ်ပြီလို့ ထင်နေကြတယ်။ ဒီနှစ်မျိုးလုံးကို လီနင် ဆန့်ကျင်ကြောင်း တွေ့ရလိမ့်မယ်။

## • အလုပ်သမားထုကို လက်နက်တပ်ဆင်ရေး

မာ့(က်စ်)ဝါဒီတွေက ရွှေပြည်အေးဝါဒီတွေရဲ့ လက်နက်ဖြုတ်သိမ်းရေး ကြွေးကြော်သံကို ဆန့်ကျင်သလို တဦးချင်း အကြမ်းဖက် လုပ်ကြံရေး ဒါမှမဟုတ် ပြောက်ကျားစစ်နည်းတွေကိုလည်း ဆန့်ကျင်တယ်။ ဒီနည်းလမ်းတွေနဲ့ ဆန့်ကျင်ဖက် လူထုကို လက်နက်တပ်ဆင်ပြီး စစ်တပ် အောက်ခြေထုကို အလုပ်သမား လူတန်းစား တိုက်ပွဲဘက် ပါလာအောင် စည်းရုံးပြီး စစ်တပ်ကို ဖြိုခွဲရေး တင်ပြကြတယ်။ ပက်တီး ဘူဇွာတွေနဲ့ ပြုပြင်ရေးဝါဒီတွေက ဒါကို လက်တွေ့မကျဘူးလို့ ပြောတတ်ကြတယ်။ ဒါပေမယ့် သမိုင်းမှာထပ်တလဲလဲဖြစ်ခဲ့ပါတယ်။ သမိုင်းတလျှောက် ကမ္ဘာတလွှားက တော်လှန်ရေး အခြေအနေတွေမှာ လက်တွေ့ မကျဘူးဆိုတာတွေ ခဏခဏ ဖြစ်ခဲ့တယ်။

၂၀၀၂ ခုနှစ်က ဗင်နီဇွဲလား သမ္မတ Hugo Chavez ကို ဖြုတ်ချဖို့ ကြိုးစားတဲ့ စစ်အာဏာသိမ်းပွဲမှာ လူထု လှုပ်ရှားမှု ဖိအားတွေကြောင့် စစ်တပ် အောက်ခြေထုက သူတို့အထက် အရာရှိအလွှာနဲ့

ကွဲထွက်သွားခဲ့တယ်၊ လူထုနဲ့ ရပ်တည်ခဲ့တယ်၊ စစ်အာဏာသိမ်းပွဲ ဖြိုလဲသွားခဲ့ရတယ်။

၁၉၂၀ အီတလီမှာလည်း အလုပ်သမားတွေက စက်ရုံတွေကို ဝင်သိမ်းပိုက်ခဲ့တယ်။ အဲဒီကာလ သတင်းစာတစောင် က အခုလို ရေးခဲ့တယ် ‘မနေ့ကပဲ လေယာဉ်နဲ့လာတိုက်ဖို့ လုပ်ခဲ့တဲ့ စစ်လေယာဉ်မှူးတွေကို အလုပ်သမားတွေက သူတို့ဘက် ဆွဲသွင်းထားတာ တွေ့ရတယ်။’ အဲဒီကာလ အစိုးရ အရာရှိတယောက်က အခုလို ပြောထားတယ် ‘စက်ရုံဝင်သိမ်းထားသူတွေမှာ စက်သေနတ်တွေ ရှိပုံရတယ်။ ဖိယက်ကားစက်ရုံမှာ တည်ဆောက်ထားတဲ့ တင့်ကားတစီးကို အလုပ်သမားတွေက လက်နက်တပ်ဆင်ထားတယ်လို့ ပြောကြတယ်။’

အဲဒီတပ်နီတွေက သာမန် လက်နက်ကိုင်ထားတဲ့ လူပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ စက်ရုံတွေကို ဝင်သိမ်းထားတဲ့ အလုပ်သမား အဖွဲ့အစည်းတွေရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတဲ့ စုစည်းထားသော အလုပ်သမား အင်အားစုတွေ ဖြစ်တယ်၊ ရွေးကောက်ခံ စစ်ရေး ကော်မတီကနေ ပဲ့ကိုင်မောင်းနှင်တယ်။

၁၉၅၆ ခုနှစ်က စတာလင်နစ်(စ်)ဇင်ကို ဆန့်ကျင်ပြီး စစ်မှန်သော အလုပ်သမား ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ဟန်ဂေရီတော်လှန်ရေးမှာလည်း အလားတူ ဖြစ်ရပ်မျိုး တွေ့ခဲ့ရတယ်။

အလုပ်သမား လူတန်းစားကို လက်နက်တပ်ဆင်ရေးနဲ့ စစ်တပ်ကို ဖြိုခွဲရေး ပြောတဲ့အခါ လက်တွေ့မကျဘူးလို့ ဘယ်တော့မှ ရွှေပြည်အေးဝါဒီတွေကို ပြောခွင့်မပေးသင့်ဘူး။ သမိုင်းမှာ လုပ်ခဲ့သလို နောက်ထပ်လည်း လုပ်လို့ရနိုင်တယ်။ အရင်းရှင် နယ်ချဲ့စစ်ပွဲတွေကို ဒီလိုနည်းနဲ့ပဲ တိုက်နိုင်ကြောင်း သက်သေပြထားတယ်။

ဒါပေမယ့် စစ်တပ်ကို ဖြိုခွဲရေးဟာ တခန်းရပ် ပြဇာတ်မျိုး မဟုတ်ဘူးဆိုတာတော့ အလေးထား ပြောရမယ်။ သိ စိတ်ရှိရှိ ပေါ်လစီတခုအနေနဲ့ ချမှတ်အကောင်အထည်ဖော်ရမယ်၊ လူထုရဲ့ အလိုအလျောက် လှုပ်ရှားမှုကိုပဲ ပုံထားမယ်ဆိုရင် ဗင်နီဇွဲလား၊ အီတလီနဲ့ ဟန်ဂေရီတို့မှာ ဖြစ်ခဲ့သလိုမျိုး ယာယီသက်ရောက်မှုပဲ ရှိနိုင်မယ်။

ဘူဇွာ လူတန်းစားရဲ့ ဖိနှိပ်ရေး အင်အားစုတွေကို ဖြိုဖျက်ရေး တိုက်ပွဲဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ရေး နယ်ပယ် တွေအတွင်း အစဉ်မပြတ် စည်းရုံးဖွဲ့စည်းမှုနဲ့ မဟာဗျူဟာ လိုအပ်တယ်၊ ဥပမာ စစ်တပ် အရာရှိ အလွှာနဲ့ အောက် ခြေထုကြား သပ်လျှိုခွဲထုတ်ဖို့ ရွေးကောက်ခံ စစ်သား ကော်မတီတွေ ဖွဲ့စည်းတာမျိုး။

ဒီလိုပေါ်လစီကို ၁၉၁၇က ဘော်ရှီဗစ်တွေက ကျင့်သုံးခဲ့တယ်။ အောက်ခြေနဲ့ အရာရှိအလွှာကြားသပ်လျှိုပေးနိုင်ခဲ့တယ်။ ရုရှား အုပ်စိုးသူ လူတန်းစားအနေနဲ့ ပထမ ကမ္ဘာစစ်အတွင်း ဆက်မတိုက်နိုင်တော့သလို တော်လှန်ရေး ကိုလည်း မဖြိုခွဲနိုင်တော့ဘူး။

## • ၂၁နွေဦးတော်လှန်ရေးမှာ မာ့(က်စ်) ဝါဒီတွေဘယ်လိုကြား ဝင်လှုပ်ရှားခဲ့သလဲ

၂၁နွေဦးတော်လှန်ရေးမစခင် စစ်အာဏာ သိမ်းလိုက်တဲ့ နေ့ကတည်းက အလုပ်သမား၊

လယ်သမားထုကိုယ်တိုင် အလုပ်သမား ဆိုဗီယက်၊ လယ်သမား ဆိုဗီယက်တွေ ဖွဲ့စည်းပြီး တိုက်ပွဲဝင် လက်နက်အဖြစ် ကိုင်စွဲသွားရမှာ ဖြစ် ကြောင်း တင်ပြခဲ့တယ်။ ရပ်ရွာအလိုက်၊ ရပ်ကွက်အလိုက် လုပ်သားထုကိုယ်တိုင်ခုခံကာကွယ်ရေးကော်မတီတွေ စတင်ဖွဲ့စည်းထားဖို့လည်း ဆော်သြခဲ့ပါတယ်။ အထွေထွေ သပိတ်တွေနဲ့ တော်လှန်ရေးအဆင့် ရောက်လာတဲ့ ဖေဖော်ဝါရီလ အစောပိုင်းမှာပဲ သပိတ်မှောက် လူထုကိုယ်တိုင် ရွေးကောက်ထားတဲ့ ဦးဆောင် သပိတ်ကော်မတီ တွေ ဖွဲ့စည်းထားဖို့၊ ဒီသပိတ်ကော်မတီတွေရဲ့ ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုအောက်ကနေ ကာကွယ်ရေးအဖွဲ့ တွေ ဖွဲ့စည်းကြဖို့ လူထုကြား လှုံ့ဆော်ခဲ့တယ်။ ဒီလိုနည်းနဲ့ လူထုတရပ်လုံး လက်နက်တပ်ဆင်ထားဖို့ တင်ပြခဲ့ ပါတယ်။ တိုက်ပွဲဝင် လူထုကိုယ်တိုင် သပိတ်ကော်မတီတွေစုစည်း၊ သပိတ်ကော်မတီတွေရဲ့ ဦးဆောင်မှုအောက် ကနေ လက်နက်တပ်ဆင်ရေးကို တကယ်လုပ်ခဲ့ရင် စစ်တပ်အတွင်းမှာလည်း အပြင်းအထန် ရိုက်ခတ်သွားမယ်။ အခုလို တဦးချင်းတယောက်ချင်း စစ်ပြေးတာမျိုး မဟုတ်ဘဲ စစ်တပ်တွင်း အုံနဲ့ကျင်းနဲ့ ပုန်ကန်မှုတွေ ဖြစ်လာနိုင် တယ်။ ဒီလို လူထု အရေးတော်ပုံကို ဦးဆောင်နိုင်တဲ့ လူထုပါတီကြီးသာ တော်လှန်ရေး ခေါင်းဆောင်မှုနေရာ ရှိ နေခဲ့ရင် နဂိုရှိပြီးသား လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းတွေကိုလည်း ဖေဖော်ဝါရီ၊ မတ်လကတည်းက တော်လှန်ရေးဘက် ပါလာအောင် စည်းရုံးနိုင်ခဲ့လိမ့်မယ်။ ဒါဆိုရင် လက်တွေ့မကျဘူးလို့ ထင်နေတဲ့ လူထုတရပ်လုံး လက်နက်တပ်ဆင်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့မှာ သေချာတယ်။

ဒီလိုသာ ဖြစ်ခဲ့ရင် လူတန်းစား တိုက်ပွဲ ဒီရေအမြင့်ဆုံးကာလမှာ အာဏာသိမ်း စစ်အုပ်စုကို ဖြိုချနိုင်ရုံသာမက ဆိုရှယ်လစ် လမ်းကြောင်းအတိုင်း လူ့အဖွဲ့အစည်းကို ပြောင်းလဲရေးအထိ ချီတက် သွားနိုင်ခဲ့လိမ့်မယ်။ ဒါပေမယ့် ခေါင်းဆောင်ပိုင်းနေရာ ခွထိုင်ထားတဲ့ လစ်ဘရယ် ဘူဇွာတွေက အချောင်သမား လမ်းကိုသာလိုက်ခဲ့တယ်။ CDM တခုတည်းနဲ့ စစ်အာဏာယန္တယား ပြိုကျသွားမယောင် လှည့်ဖျားရင်း အခါအခွင့်ကောင်းကို ဖြုန်းတီးပစ်ခဲ့တယ်။ ရန်သူဘက်က တရစပ်ဖြိုခွဲပြီးမှ မိမိကိုယ်ကိုယ်ခုခံပိုင်ခွင့် ရှိပါတယ်လို့ လစ်ဘရယ် ဘူဇွာ အန်ယူဂျီက ထအော်ခဲ့ ခြင်း ဖြစ်တယ်။ ဒီလို အချောင်သမားဝါဒ အမှားတွေကြောင့် ဒီကနေ့အချိန်မှာ လက်နက်ကိုင် အစုလေးတွေရဲ့ အကြမ်းဖက် လုပ်ကြံရေးနည်း၊ ပြောက်ကျားနည်းတွေကို အားကိုးလို့ရမယ် ထင်ကုန်ကြတယ်။

ဒါ့ကြောင့် ဒီကနေ့အချိန်မှာ အလုပ်သမား လူတန်းစား တိုက်ပွဲနည်းလမ်းတွေကို ခုခံကာကွယ်ရေးဟာ ငါတို့ မာ့(က်စ်)ဝါဒီတွေရဲ့ တာဝန်ဖြစ်တယ်။ အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး ခေါင်းဆောင်မှု အခန်းကဏ္ဍကို ရပ်ခံကာကွယ်ရင်း မှန်ကန်တဲ့ အမြင်တွေနဲ့ တကျော့ပြန် လူတန်းစား တိုက်ပွဲအတွက် စုစည်း ပြင်ဆင်ထားကြ ရမယ်။

သူရိန်မွန်

References: War, peace and class struggle: Marxism vs. pacifism By Ben Gliniecki / Where to begin? By V.I. Lenin / Left-wing Communism: An Infantile Disorder By V.I. Lenin



Marxist Perspective

WORLD AFFAIRS

# အဲဗားဂရန်ဒီ အိမ်ခြံမြေလုပ်ငန်း ပြိုလဲလာခြင်း နှင့် တရုတ် လက္ခဏာဆောင်သော အရင်းရှင်စနစ်

ကွန်မြူနစ်

## Evergrande Crisis: Capitalism with Chinese characteristics

အရင်းရှင်စနစ်ကျင့်သုံး ပြီးတဲ့နောက် ကမ္ဘာ့စီးပွားရေးမှာ ထိပ်တန်းရောက်လာတဲ့ တရုတ်နိုင်ငံဟာ အခုဆိုရင် စီးပွားရေး အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတာကို တွေ့လာရပါတယ်။ အကြောင်းအရင်းကတော့ တရုတ်ရဲ့ အကြီးဆုံး အိမ်ခြံမြေလုပ်ငန်းစုကြီး Evergrandeက ပြိုလဲခါနီး အခြေအနေမှာ ရောက်နေပြီးအကြွေး ကန်ဒေါ်လာ ၃၀၀ ဘီလီယံကျော် တင်နေပါတယ်။ ဒီဖြစ်ရပ်က ၂၀၀၇-၀၈ ခုနှစ်က အမေရိကန်နိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ ဘဏ်ချေးငွေဂယက် ( subprime mortgage crisis ) နဲ့ အဖြစ်ချင်းတူနေပါတယ်။ ဒါကြောင့် အခုနှစ်မှာ တရုတ်အစိုးရအနေနဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်က အမေရိကန်တို့ ရင်ဆိုင်ခဲ့ရတဲ့ ပြဿနာမျိုး ကြုံတွေ့နေရပြီး အရင်းရှင်စနစ်ရဲ့ ဘေးကျပ်နံကျပ် ကာလအတွင်း ရောက်ရှိနေပါတယ်။

## Evergrande ဆိုတာ ဘာလဲ။

တရုတ်နိုင်ငံရဲ့ စီးပွားရေးကို ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း အဓိက မြှင့်တင်ပေးခဲ့တာကတော့ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ အိမ်ခြံမြေလုပ်ငန်းကရတဲ့ ဝင်ငွေဟာ GDP ရဲ့ ၃၀ ရာခိုင်နှုန်း ရှိပါတယ်။ ဒီအိမ်ခြံမြေဈေးကွက်ထဲမှာ Evergrandeက အကြီးဆုံးလုပ်ငန်းဖြစ်ပြီး အိမ်ရာစီမံကိန်းတွေအတွက် သူချေးယူထားတဲ့ ငွေ ပမာဏမှာ မရေမတွက်နိုင်အောင် ရှိနေပါတယ်။ ဒါ့အပြင် သူ့အလုပ်သမားတွေဆီကပါ ငွေချေးပြီး လုပ်ငန်းအတွက် သုံးစွဲထားပါသေးတယ်။

Evergrandeလိုမျိုး အိမ်ခြံမြေလုပ်ငန်း တစ်ခုဖြစ်တဲ့ Fujian Fusheng ဆိုရင်လည်း "၃၆၉၁" ဆိုတဲ့ စီမံကိန်းပုံစံကို အသုံးပြုပြီး လုပ်ငန်းလည်ပတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီပုံစံရဲ့ သဘောကတော့ (၃)လအတွင်း နေရာသစ်တစ်ခုကို ရှာပြီး လုပ်ငန်းစထားရမှာဖြစ်ပြီး

အရောင်းဆိုင်ရာ ကိစ္စတွေကို (၆)လအတွင်း လုပ်ဆောင်ရပါမယ်။ ဆောက်လုပ်ရေးကိုတော့ (၉)လနဲ့ အပြီးတည်ဆောက်ရမှာဖြစ်ပြီး (၁) နှစ်အတွင်း ချေးငွေအားလုံးကို အတိုးရောအရင်းပါ အကျေဆပ်နိုင်ရေးပင်။ ဒီလိုအချိန်တိုအတွင်း ပြီးစီးရေးက အန္တရာယ်သိပ်များပြီး ဂရုတစိုက် ကိုင်တွယ်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အိမ်ခြံမြေလို အတက်အကျမြန်ပြီး မတည်ငြိမ်တဲ့ စျေးကွက်အဖို့ အချိန်ကောင်းမှာရောင်းထွက်နိုင်ရေးနဲ့ အမြန်ဆုံး အကြွေးဆပ်နိုင်ဖို့ကို အလေးပေး စဉ်းစားပုံရပါတယ်။ ဒီလိုနည်းနဲ့ Fujian Fusheng အကြွေးနွံနစ်သွားခြင်းမှာ မထူးဆန်းပေ။

အိမ်ခြံမြေ လုပ်ငန်းအားလုံးပေါင်းရဲ့ တင်ရှိနေတဲ့ အကြွေးမှာပမာဏ အတော်များတာကြောင့် အိမ်ရာစျေးနှုန်းတွေက တက်မြဲတက်နေပါတော့တယ်။ အကြွေးစုစုပေါင်းမှာ ၂ဒသသမရ ထရီလီယံ (သို့) ဂျီဒီပီရဲ့ ၁၈ ရာခိုင်နှုန်း ရှိနေပြီး ဒီအခြေအနေမှာ အကြောင်းတစ်ခုခုကြောင့် အိမ်ရာစျေးနှုန်းတွေ ကျဆင်းသွားမယ်ဆိုရင် အိမ်ခြံမြေလုပ်ငန်းအားလုံး အကြွေးနွံ နစ်ကုန်ကြမှာ ဖြစ်ပါတယ်။

ဒါဟာ အခုကာလ Evergrande ရင်ဆိုင်နေရတဲ့ အခက်အခဲဖြစ်ပါတယ်။ သူက အခြေမခိုင်တော့တဲ့ စျေးကွက်ရဲ့ နိုင်ငံတကာ ထိ ခြေဆန့် ထားတဲ့ အကြီးဆုံးလုပ်ငန်းဖြစ်နေပြီး သူတင်နေတဲ့ အကြွေးက တရုတ် ဂျီဒီပီရဲ့ ၃ရာခိုင်နှုန်းရှိတာကြောင့် သူ့အနာဂတ်မှာ အထူးစိုးရိမ်စရာ ဖြစ်နေပါတယ်။

ဒီအခြေအနေမှာ သတိထားရမယ့်



နောက်ဆက်တွဲ ပြဿနာကတော့ သူသာ ပြိုကွဲသွားရင် ကမ္ဘာ့ဒုတိယ အကြီးဆုံး စီးပွားရေး (တရုတ် အရင်းရှင်စနစ်) ကိုခြိမ်းခြောက်လာမယ်၊ အဲ့ဒီကမှတဆင့် ကမ္ဘာ့စီးပွားရေးကို ခြိမ်းခြောက်လာဖွယ် ရှိနေတာပဲ ဖြစ်ပါတယ်။

## Evergrande ဘာကြောင့် ပြိုကွဲရသလဲ၊

ဘယ်တော့မှ မဆုံးနိုင်တဲ့ ဒီအကြွေးသံသရာရဲ့ ရိုက်ခတ်မှုကို မြင်တွေ့လာတဲ့အခါ တရုတ်အစိုးရက လုပ်ငန်းအရွယ်အစားအလိုက် ချေးယူနိုင်တဲ့ ငွေပမာဏကို သတ်မှတ်ပေးလေ့ရှိပါတယ်။ ဒီအတိုင်းဆက်သွားရင် ပိုကြီးမားတဲ့ အကြပ်အတည်း ကြုံလာနိုင်လို့ အစိုးရကဝင်တားဖို့ ကြိုးစားခြင်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီလိုတားဖို့ ကြိုးစားခြင်းဟာ အရင်က တရှိန်ထိုး သွားနေတဲ့ စီးပွားရေးကို ဟုန်းခနဲထိုးကျသွားအောင် လုပ်ပေးလိုက်သလိုပဲ။ အကြပ်အတည်းက ထိန်းလို့မရတော့တဲ့ အခြေအနေ ရောက်နေပြီးသားလည်း ဖြစ်နေနိုင်တယ်။

နောက်ပိုင်းမှာ အခြားအိမ်ခြံမြေလုပ်ငန်းတွေပါ လုပ်ငန်းပိတ်သိမ်းလာတာ တွေ့ရပါတယ်။ လုပ်ငန်းငယ် တစ်ခုဖြစ်တဲ့ Fantasia Holdings ဆိုရင်လည်း အကြွေးမဆပ်နိုင်တဲ့ အခြေအနေမှာ ရောက်နေသလို Modern Land လုပ်ငန်းကလည်း ကန်ဒေါ်လာ ၂၅၀ မီလီယံ ငွေတိုက်စာချုပ်အတွက် အကြွေးဆပ်ဖို့ အချိန် (၃)လ ထပ်စောင့်ပေးရန် တောင်းဆိုထားရတဲ့ အခြေအနေမှာ ရောက်နေပါတယ်။ ဒီ့အပြင် Sinic နှင့် Fujian Fusheng လုပ်ငန်းတွေကလည်း အကြွေးတင်နေတဲ့ လုပ်ငန်းစာရင်းမှာ ပါနေကြပါတယ်။

## အကျပ်အတည်း

ဩဂုတ်လနဲ့ စက်တင်ဘာလတွေမှာ အိမ်ရာတန်ဖိုး ၁၉.၇ ရာခိုင်နှုန်း နဲ့ ၁၇ ရာခိုင်နှုန်းစီ ကျဆင်းနေပြီး တချို့ အခြေအနေတွင် ငွေသားနဲ့လက်ငင်းချေသူကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ဈေးပေးပြီး အတင်းကာရော ရောင်းထုတ်လိုက်ရတာမျိုးတွေ ရှိနေပါတယ်။

တရုတ်စီးပွားရေး တိုးတက်မှုကို အဓိက ကျားကန်ပေးထားတဲ့ အိမ်ခြံမြေဈေးကွက်အနေနဲ့ နှစ်စဉ်ဂျီဒီပီရဲ့ ၃၀ ရာခိုင်နှုန်းအထိ ရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ထိုမှတဆင့် ကမ္ဘာ့စီးပွားရေးကို မြင့်တက်စေသော်လည်း အခုလို အိမ်ရာဈေးနှုန်း အလျင်အမြန် ကျဆင်းမှုမှာ အလွန်ကြီးမားတဲ့ အန္တရာယ်တစ်ခုပဲဖြစ်ပါတယ်။ Evergrande က အိမ်ခြံမြေလုပ်ငန်းသာမက ကားလုပ်ငန်း နဲ့ အခြားရင်းနှီးမြှုပ်နှံမှုများစွာ လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ အခြားတရုတ်ကုမ္ပဏီအချို့ကလည်း သူ့ထဲမှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ ဒါကြောင့် သူရင်ဆိုင်နေရတဲ့ အကျပ်အတည်းကြောင့် ထိခိုက်ရသူများတွင် အခြားနယ်ပယ်မှ စီးပွားရေးလုပ်ငန်းများလည်း ပါဝင်မှာဖြစ်ပါတယ်။

ဒီအခြေအနေတွင် စဉ်းစားစရာ ရှိနေသည်က "စီးပွားရေးတစ်ခုလုံးရဲ့ အဓိက ဇာတ်ကောင်က ဘာကြောင့် အိမ်ခြံမြေဈေးကွက်ဖြစ်နေသလဲ"

ဆိုတာရယ် "ဘာကြောင့် တရုတ်က အမေရိကန်ရဲ့ ဘဏ်ချေးငွေဂယက်(the subprime mortgage crisis) လို အဖြစ်အပျက်မျိုးနဲ့ တူညီတဲ့ အပြုအမူကို ထပ်မံ ပုံဖော်နေတာလဲ" ဆိုတာတွေပဲ ဖြစ်ပါတယ်။

တကယ်တော့ တရုတ်လည်း ၂၀၀၈ ခုနှစ်က စီးပွားပျက်ကပ်ကို ခဏတာ ကြုံခဲ့ရတယ်။ အလုပ်သမားပေါင်း သန်းနဲ့ချီ အလုပ်လက်မဲ့ ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ အစိုးရက ငွေတွေပုံအောထောက်ပံ့တဲ့ "fiscal stimulus" နည်းကိုသုံးပြီး ပြဿနာကို ဖြေရှင်းနိုင်ခဲ့တာကြောင့် စီးပွားရေးပြန်လည် ဦးမော့လာခဲ့ပြန်တယ်။ ဒီဖြေရှင်းနည်းအရ အစိုးရက ချေးငွေပြန်ဆပ်မှု ဆိုင်းငံ့ခြင်းနဲ့ ငွေတိုက်စာချုပ်များ ကန်ဒေါ်လာ (၅၈၆) ဘီလီယံစာ ဝယ်ယူပေးပြီး တရုတ်စီးပွားအကျပ်အတည်းကိုသာမက ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကို ပြန်လည်ဆယ်ယူနိုင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ (၂၀၀၈ ခုနှစ်ကို ရည်ညွှန်း) တရုတ်က အရင်းရှင်စီးပွားရေးစနစ် ဖြစ်နေပြီ ဒါ့ကြောင့် အကြွေးနွံအနစ်ခံပြီး အဲဒီလို အစိုးရငွေတွေ ပုံအောထောက်ပံ့ပေးခဲ့ရတယ်၊ စီမံကိန်းကျ ကုန်ထုတ်ခြင်းနည်းနဲ့ အကျပ်အတည်းကနေရုန်းထွက်နိုင်ခဲ့တာမဟုတ်ပါဘူး။

အကယ်၍ ၂၀၀၈ခုနှစ်တွင် တရုတ်ပုဂ္ဂလိက ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံမှုတွေ ရပ်တန့်ပြီး အလုပ်သမားတွေကို ဖြုတ်ခဲ့လျှင် အကြောင်းပြချက်ကောင်း တစ်ခုရှိပါတယ်၊ အဲဒါက ဘဏ္ဍာရေး အကျပ်အတည်းကာလမှာ ကား၊ အဝတ်အစားနဲ့ ဖုန်း စတဲ့ ပစ္စည်းတွေကို ကမ္ဘာ့စျေးကွက်က အကန့်အသတ်နဲ့ပဲ ဝယ်ယူသုံးစွဲနိုင်လို့ ဖြစ်ပါတယ်။ ဗဟိုအစိုးရက ငွေတွေ အမြောက်အမြား ထုတ်ချေးပေးနေပေမယ့် ဒီပြဿနာ ပြေလည်မသွားခဲ့ဘူး။ အကြပ်အတည်းနဲ့ နပန်းလုံးနေရတဲ့ ဂလိုဘယ် စျေးကွက်မှာ ဝယ်လိုအား နည်းပါးမှုက ဆက်ရှိနေခဲ့တယ်။

ဒါ့ကြောင့်အကျပ်အတည်းကနေရုန်းထွက်နိုင်အောင် အသည်းအသန် ကြိုးစားနေရတဲ့ အစိုးရက အတိုးနှုန်း သက်သက်သာသာနဲ့ ငွေချေးပေးခဲ့ရင်တောင် ဒီငွေတွေကို ရောင်းလို့မစွံနိုင်တဲ့ ကုန်ပစ္စည်းတွေ ထပ်ထုတ်ဖို့ စက်ရုံအလုပ်ရုံကြီးတွေတည်ထောင်ရာမှာ သုံးစွဲကြမှာမဟုတ်ဘဲ စျေးကစားဖို့အတွက်သာ သုံးစွဲကြမှာဖြစ်တယ်။

အစိုးရပိုင်လို့နာမည်ခံထားတဲ့ လုပ်ငန်းများအပါအဝင် ကုမ္ပဏီအားလုံးဟာ (အတိုးနှုန်းသက်သက်သာသာနဲ့) ချေးငွေများများ ရရှိပါက ကုန်ထုတ်လုပ်မှုအတွက် သုံးမယ့်အစား တဆင့်ပြန်ချေးပြီး စျေးကစားဖို့သာ အာရုံစိုက်တတ်ကြပါတယ်။ အစိုးရပိုင် စတီးကုမ္ပဏီများက လျှို့ဝှက်ဘဏ်ခွဲ (shadow banks)များ ဖွင့်ထားပြီး အိမ်ခြံမြေလုပ်ငန်းရှင်များကို ငွေချေးပေးကြပါတယ်။ ဒီလိုနည်းနဲ့ ရလာတဲ့ အကျိုးအမြတ်မှာ မူလလုပ်ငန်းရဲ့ ဝင်ငွေထက်ပင် ပိုရကြပါတယ်။

မာ့က်စ် ပြောခဲ့သလိုပဲ အကြွေးစနစ်ဆိုတာ 'အရင်း'ကို သူ့မူလ အကန့်အသတ်တွေထက် ကျော်လွန်ချဲ့ထွင်ခွင့်ပေးပြီး ယာယီအားဖြင့် အကျပ်အတည်းကို ကျော်လွှားစေနိုင်တယ်၊ ယာယီပြေလည်သွားပေမယ့် အဲဒီအကြွေးတွေ ပြန်ဆပ်ရတဲ့အခါ အရင်တခါထက် ပိုကြီးမားတဲ့ အကျပ်အတည်းကို ရင်ဆိုင်ရတော့တယ်။

အကြွေးစနစ် ကျယ်ပြန့်လာလေလေ ထိရောက်မှုအားနည်းလာလေလေပင် ဖြစ်ပါတယ်။ အစိုးရကငွေထုတ်ချေးတဲ့ နည်းမသုံးခင်က တရုတ်စီးပွားရေးရဲ့ အပိုစောင်း တိုးတက်မှု တစ်ဒေါ်လာ ရရှိဖို့ ၁ ဒသမ ၄ ဒေါ်လာ ကျသင့်မည့်နေရာတွင် အခုဆို အကြွေး ၄ ဒေါ်လာ တင်ရသလိုဖြစ်နေပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ အသစ်ထပ်ယူလိုက်တဲ့ ချေးငွေတွေကို ကုန်ထုတ် အင်အားစုအသစ်တွေ ဖန်တီးထုတ်လုပ်ရေးမှာ အသုံးမပြုနိုင်ဘဲ နဂိုရှိပြီးသား အကြွေးတွေ ဆပ်ဖို့ပဲ သုံးနေရလို့ ဖြစ်ပါတယ်။

တစ်နည်း အားဖြင့် အကြွေးပေါ် အကြွေးဆင့်လာတာကြောင့် အချိန်ကြာလေလေ ပြန်ဆပ်နိုင်တဲ့ အခြေအနေနဲ့ ဝေးကွာလေလေ ဖြစ်နေတာ ဖြစ်ပါတယ်။ ၂၀၀၈ မတိုင်ခင်က တရုတ်နိုင်ငံက တင်နေတဲ့ အကြွေးစုစုပေါင်းမှာ ဂျီဒီပီရဲ့ ၁၆၀ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ပေမဲ့ ၂၀၁၆ ခုနှစ်မှာတော့ ၂၆၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

စီးပွားရေး ဦးမော့လာအောင် အစိုးရက အကြွေးတင်ခံပြီး ငွေတွေပုံအောသုံးခဲ့ရတာဟာ တခြားကြောင့် မဟုတ်ပေ၊ ဈေးကွက်စီးပွားရေးစနစ်မှာ ဒီနည်းကလွဲပြီး တခြား ဖြေရှင်းနည်း မရှိလို့ ဖြစ်ပါတယ်။ အချက်အချာကျတဲ့ ပင်မ စီးပွားရေး လုပ်ငန်းတွေအားလုံး ပုဂ္ဂလိကပိုင် ဖြစ်နေပြီး လူ့အဖွဲ့အစည်း လိုအပ်ချက်ထက် အမြတ်ရဖို့ပဲ ဦးစားပေး ထုတ်လုပ်နေလို့ တရုတ်အစိုးရအနေနဲ့ စီမံကိန်းကျ ကုန်ထုတ်လုပ်ရေးကို အစမပြုနိုင်ခဲ့ဘူး။ (၂၀၀၈ စီးပွားရေး အကျပ်အတည်းကာလကို ရည်ညွှန်း ပြောနေခြင်း ဖြစ်ပါတယ်)။

## ရှုတ်တရက် ပေါက်ကွဲမှုကြီး

Evergrande လုပ်ငန်းက အကြွေးတွေထပ်ခါတလဲလဲ ယူရင်း ပြိုလဲရတော့မယ့်ကိန်း ဆိုက်ရောက်ရတာမှာ အခြေခံကျကျ ယိုယွင်းနေတဲ့ အချက်ကို ဖွင့်ပြသွားတယ်။

ဒီလိုကြည့်မယ်ဆိုရင် အဲဗားဂရန်ဒီဟာ တရုတ် အရင်းရှင်စနစ်ရဲ့ အခုနောက်ဆုံး အကျပ်အတည်းကို နမူနာဆောင်နေတဲ့ ပုံစံငယ်တခုနဲ့ တူတယ်။ တရုတ် အရင်းရှင်စနစ်ကိုယ်တိုင်က အကြွေးတွေ ထပ်တလဲလဲ ချေးယူတဲ့နည်းနဲ့ပဲ ဆက်လက်ကြီးထွားအောင် လုပ်နေရတယ်။ အကြွေးဝန် မနိုင်မနင်း ထမ်းကြရတဲ့ ပြဿနာကို ဖြေရှင်းဖို့ အစိုးရက "စည်းမျဉ်းနီ သုံးကြောင်း"(-Three Red Lines) ကိုအသစ်ပြဋ္ဌာန်းခဲ့ပါတယ်။ အလွန်အကျွံ ငွေချေးယူလို့ မရအောင် တင်းကြပ်ဖို့ ပြဋ္ဌာန်းလိုက်တဲ့ စည်းမျဉ်းတွေ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ အကြီးဆုံး အိမ်ခြံမြေလုပ်ငန်း ၁၅ ခုမှာ တစ်ခုတည်းကပဲ အစိုးရ ထုတ်ပြန်လိုက်တဲ့ အဲဒီစည်းမျဉ်းတွေကို အပြည့်အဝ လိုက်နာနိုင်တယ်။ ဒါ့ကြောင့် အဲဗားဂရန်ဒီတခုတည်းရဲ့ ပြဿနာမဟုတ်ဘဲ တရုတ် အရင်းရှင်စနစ် တခုလုံး ရင်ဆိုင်နေရသော နက်ရှိုင်းလှတဲ့ ပြဿနာ ဖြစ်ပါတယ်။

အစိုးရကတော့ ဒီလို အကြွေးဝန်ပိစေမယ့် ပြဿနာမျိုးကို ကြိုတင်ရှောင်ရှားလိုတဲ့ သဘောနဲ့ အကြွေးယူစနစ်အပေါ် စည်းကမ်းသတ်မှတ်လိုက်တာဖြစ်ပါတယ်။ ပြဿနာက အစောပိုင်းကတည်းက ချေးငွေအများကြီး ယူမိလျက်သားဖြစ်နေတယ်၊ ဒီလိုမျိုး

ကြွေးမြီပူဖောင်းကို ဖောက်ခွဲဖို့ဆိုတာ အစိုးရ ထိန်းချုပ်ကိုင်တွယ်နိုင်တဲ့ အရာမဟုတ်ဘူး။

Evergrande အတွက် အာမခံ ထားရှိတယ်ဆိုတာမျိုး မတွေ့ရသလို အကျပ်အတည်းက လွတ်မြောက်မယ့် လမ်းစလည်း မတွေ့သေးပါ။ သူ့ကို ထောက်ပံ့ကူညီမယ် ဆိုရင်လည်း "ကိုယ်ကျင့်တရား အန္တရာယ်" (moral hazard) ကို ဖန်တီးသလို ဖြစ်သွားပါလိမ့်မယ်။ အကြောင်းရင်းမှာ အခြားကုမ္ပဏီတွေကပါ အကြွေးယူတာကို လွယ်လင့်တကူ လုပ်လာပြီး ဘယ်လို အခက်အခဲပဲ ကြုံကြုံ အစိုးရက ဝင်ကူညီပေးမှာဆိုတဲ့ အတွေးနဲ့ အကြွေးယူဖို့ ဝင်မလေးတော့တဲ့ အခြေအနေတွေဖြစ်လာနိုင်တာကြောင့် ဖြစ်ပါတယ်။


Evergrande ကို အစိုးရက ဝင်ကူညီဖို့ဆိုတဲ့ အခြေအနေကလည်း ထင်သလောက် မလွယ်ပါဘူး။ အဲဗားဂရန်ဒီ တခုတည်းတင် မပြီးသေးတဲ့ ဆောက်လက်စ အိမ်ရာပေါင်း၁.၆သန်းကျော် ရှိနေတာကြောင့် နောက်ထပ်အကြွေးတင်နေကြတဲ့ လုပ်ငန်းတွေကိုပါ ထည့်တွက်မယ်ဆိုရင် ပမာဏ အဆမတန်များသွားမှာ ဖြစ်ပါတယ်။ ကြိုပွဲငွေနဲ့ ဝယ်ယူထားတဲ့ အိမ်တွေအတွက် ဘယ်လိုအပြီး သတ်ပေးမလဲဆိုတာ မေးစရာ ဖြစ်လာပါတယ်။

The Economist မှာ ရှင်းပြထားတာက "မပြီးသေးတဲ့ စီမံကိန်းတွေကို ပြီးဆုံးအောင် ဆောက်မယ်ဆိုရင်တော့ သက်ဆိုင်တဲ့ ဒေသဆိုင်ရာအစိုးရတွေက မြို့ပေါင်းများစွာမှာ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်ပြီး သူတို့လုပ်ငန်းတွေကို အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့လိုပါမယ်။ ဒီပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်မလားဆိုတာ ကိုတော့ ရှင်းရှင်းလင်းလင်း သိရဖို့ ခက်ပါတယ်"။

ဒါ့အပြင် ဒီလိုသာ တရုတ်ဘီလျံနာတွေရဲ့ လောဘလွန်ကဲမှုကို မြင်သာစေတဲ့ ကုမ္ပဏီကြီးတစ်ခုကို အစိုးရက ဝင်ကယ်ပေးလိုက်မယ်ဆိုရင် သမ္မတ ရှီကျင့်ဖျင်ရဲ့ မိမိကိုယ်ကို ပုံဖော်ထားတဲ့ ဆင်းရဲချမ်းသာ ကွာဟမှု ပပျောက်ရေး နဲ့ တာဝန်မဲ့ စီးပွားရေးဆိုင်ရာ အပြုအမူတွေကို ရပ်တန့်ရေး ကြိုးစားနေသူ ဆိုတဲ့ ပုံရိပ်ကို ထိခိုက်လာမှာ ဖြစ်ပါတယ်။

တကယ်လို့အစိုးရက ဒီပြဿနာကို ဈေးငွေစနစ်နဲ့ပဲ ဖြေရှင်းလိုက်မယ်ဆိုရင် ဗဟိုဘဏ်က ပိုက်ဆံတွေ ဈေးကွက်ထဲကို ဒလဟော ဝင်ရောက်လာမှာဖြစ်လို့ အခုကြုံနေရတဲ့ ပြဿနာရပ်ဝန်းထဲကို တစ်ကြော့ပြန်လည် ဆင်းသက်မိသလို ဖြစ်သွားပါလိမ့်မယ်။ ယူရိုဇုန် အကျပ်အတည်းကာလတုန်းက EU ကြုံခဲ့ရသလိုပဲ တရုတ်က လိပ်ခဲတည်းလည်း အခြေအနေမှာရှိနေပြီး ဝေခွဲရခက်တဲ့ အနေအထားမှာ ရောက်နေပါတယ်။ ဥရောပ ကြုံခဲ့ရတဲ့ အကျပ်အတည်းက ဘယ်အခြေဆိုက်သွားသလဲ။ ဂရိလို အမြဲအကြွေးတင်နေတဲ့ နိုင်ငံတွေကြောင့် ဘဏ္ဍာရေး အကျပ်အတည်းကာလတွေ ထပ်ကျော့လာနိုင်ပြီး EU ပြိုကွဲသွားနိုင်တဲ့ အန္တရာယ်မျိုး အခက်အခဲတွေကို ကြုံတွေ့နိုင်ပါတယ်။ အနောက်နိုင်ငံတွေမှာ အကျပ်အတည်းကာလအတွင်း ဗဟိုဘဏ်တွေ ဒလဟော လောင်းထည့်ပေးလိုက်တဲ့ အတုအယောင် အရင်းတွေက အရင်းရှင်စနစ် ပြိုလဲကျမယ့် နေ့ရက်ကိုပဲ

ယာယီရွှေ့ဆိုင်းပေးနိုင်တယ် (တကယ်တမ်း အကျပ်အတည်းပြန်ဆိုက်ပြီပေ့ဆိုရင် ပိုဆိုးရွားအောင် လုပ်ပေးနိုင်တယ်)၊ ဒါတင်မကသေး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်သွားစေတယ်၊ တကယ်တမ်း ပြိုလဲသွားသင့်ပေမယ့်အစိုးရတွေ ကျားကန်ပေးထားတဲ့ ချေးငွေတွေကြောင့် အသက်ဆက်နေသေးတဲ့ လုပ်ငန်းတွေ (ဒါ့ကြောင့် သူတို့ကို ‘ဇွန်ဘီး ကုမ္ပဏီတွေ’လို့ ခေါ်ကြတယ်) အများအပြား





ရှိနေခြင်းက စီးပွားရေး တန့်နေတဲ့ လက္ခဏာဖြစ်တယ်။ ဒီလိုနည်းလမ်းကိုပဲ တရုတ် နိုင်ငံက ကျင့်သုံးမယ်ဆိုရင်တော့ သူ့အနာဂတ်ကလည်း ဒီလိုပဲ ဖြစ်လာပါလိမ့်မယ်။

အခြားတစ်ဖက်ကကြည့်ရင်လည်း အစိုးရက Evergrandeကိုဝင်မကယ်ဘဲလက်ပိုက်ကြည့်နေမယ်ဆိုရင် အိမ်ခြံမြေဈေးကွက် ပျက်စီးသွားမယ်၊ တရုတ်ဘဏ္ဍာရေး အကျပ်အတည်းဆီကို ဦးတည်သွားမယ့်အပြင် စီးပွားရေးနယ်ပယ်အားလုံး အကျဘက်ပဲ ရောက်သွားမယ်။ ထိုမှတဆင့် အခြားနိုင်ငံတွေရဲ့ စီးပွားရေးကိုလည်း အကျဘက်ကို တွန်းပို့သွားမှာ ဖြစ်ပါတယ်။

တကယ်တော့ Evergrande ရဲ့ ပြဿနာက အရင်းရှင်စနစ်ရဲ့ အကန့်အသတ်တွေကို ထုတ်ပြလိုက်ခြင်း ဖြစ်တယ်။ တရုတ်ဟာ အရင်းရှင်စနစ်ရဲ့ စီးပွားရေး အတက်ကာလ လမ်းဆုံးကို ရောက်သွားပြီ၊ အတုအယောင် အရင်းတွေပေါ် အားပြုထားရသော အချိန်မရွေးထပေါက်ကွဲနိုင်တဲ့ စီးပွားရေးတိုးတက်မှု ပူဖောင်းကြီးနဲ့သာ ဒီအတက်ကာလကို ထိန်းထားနိုင်ခဲ့တယ်။

တချို့သော တရုတ်အစိုးရကို ထောက်ခံသူ လက်ဝဲဝါဒီသမားတွေကတော့ တရုတ်နိုင်ငံက ဆိုရှယ်လစ်စနစ်အတွက် စီးပွားရေး အခြေခံအုတ်မြစ်ချပေးဖို့ အရင်းရှင်စနစ်ကိုအသုံးပြုရတာဖြစ်ကြောင်း၊ ဒါဟာ အစိုးရက ပြဋ္ဌာန်းထားတဲ့ ဆယ်စုနှစ် များစွာကြာမယ့် စီမံကိန်းတစ်ခုကို လိုက်နာခြင်းသာဖြစ်ကြောင်း အဆိုပြုကြပါတယ်။

တရုတ်အစိုးရက စစ်မှန်တဲ့ ကွန်မြူနစ်ဖြစ်ပြီး သူတို့ယူဆသလိုသာ ဖြစ်နေမယ်ဆိုရင် အခုကြုံနေရတဲ့

အကျပ်အတည်းကို အဲဒီ ရေရှည်စီမံကိန်းရဲ့ အမြင့်ဆုံးရလဒ်အဖြစ်သူတို့သေချာပေါက်မြင်လိမ့်မယ်။ ဒီလို အခြေအနေမှာ လက်ရှိအကျပ်အတည်းက အာဏာတွေ ပိုဆုပ်ကိုင်ထားပြီး လက်ဝဲဝါဒီ ပုံရိပ်ထူထောင်ထားတဲ့ ရှီကျင့်ဖျင်အတွက် Evergrande နဲ့ အခြားလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းလိုက်ပြီး စီမံကိန်း စီးပွားရေးစနစ်ဆီ အသွင်ကူးပြောင်းမှုကို အစပြုနိုင်မယ့် အကောင်းဆုံး အခွင့်အလမ်းတခု ဖြစ်လိမ့်မယ်။ ဒါပေမဲ့ သေချာတာကတော့ ဒီလိုဖြစ်လာမှာ မဟုတ်ပါဘူး။

တကယ်တော့လတ်တလောကာလမှာဖြစ်ခဲ့တဲ့ အကျပ်အတည်းတစ်ခုမှာ ဒါနဲ့ဆန့်ကျင်ဘက် အရွေ့တခုကို မြင်တွေ့နိုင်ပါသေးတယ်။ ကျောက်မီးသွေးစျေးနှုန်း ခုန်တက်သွားရာကနေ တရုတ်နိုင်ငံရဲ့ နေရာအတော်များများမှာ မီးပြတ်သွားပါတယ်။ သုံးစွဲသူတွေအပေါ်ကောက်ခံရမယ့် ပမာဏကို အစိုးရက တရားဝင်သတ်မှတ်ထားတာမို့ စွမ်းအင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေအနေနဲ့ ကျောက်မီးသွေး အရင်း စျေးကြီးတာကြောင့် အမြတ်မရနိုင်တဲ့ အခြေအနေ ရောက်လာပါတော့တယ်။ ဒါကြောင့် သူတို့ရဲ့ လျှပ်စစ်ဓာတ်အားပေးစက်တွေကို အလွယ်တကူ ရပ်လိုက်ပါတော့တယ်။ ဒီလိုနဲ့ သာမန်တရုတ်ပြည်သူ သန်းနဲ့ချီပြီး ရုတ်တရက် မီးပြတ်တဲ့ ဒဏ်ကို ခံစားလိုက်ရပါတယ်။ အစိုးရက အမြတ်တစ်ခုတည်းကိုပဲ ကြည့်တဲ့ ကုမ္ပဏီကြီးတွေကို ပြည်သူပိုင်သိမ်းပြီး တုံ့ပြန်လိုက်သလား။ မဟုတ်ပါ။ ဒါနဲ့ဆန့်ကျင်ဖက်ပဲ လုပ်ခဲ့တယ်။ ကျောက်မီးသွေးစျေးတွေ ခေါင်ခိုက်နေချိန်မှာတောင် စွမ်းအင်ထုတ် လုပ်ငန်းတွေ အမြတ်ကောင်းကောင်းနဲ့ ဓာတ်အား ရောင်းစားလို့ရအောင် တရားဝင်ပြဌာန်းထားတဲ့ စျေးနှုန်းကန့်သတ်မှုတွေ ဖယ်ရှားပေးဖို့ လုပ်လာတယ်(The Economist, 23.10.2021)။ အရင်းရှင် လုပ်ငန်းကြီးတွေ အမြတ်ငွေ ကောင်းကောင်းရစေဖို့ တရုတ် အလုပ်သမား လူတန်းစားက ဆက်လက်ပေးဆောင်ရတော့မှာ ဖြစ်ပါတယ်။

## တရုတ်အကျပ်အတည်း = ကမ္ဘာ့အကျပ်အတည်း

၂၀၀၇ခုနှစ်က ဖြစ်ပွားခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ hဘဏ်ချေးငွေ ဂယက်က ကမ္ဘာ့စီးပွားရေးကိုအပြင်းအထန် အကျပ်ရိုက်စေခဲ့ပါတယ်။သမိုင်းရဲ့ ပြက်ရယ်ပြု ချက်ပေလား၊ အဲ့ဒီတုန်းက အကျပ်အတည်းကို ပျက်ကပ်တခု မဖြစ်သွားအောင် ကာကွယ်ပေးခဲ့တဲ့ တရုတ် အိမ်ခြံမြေ စီးပွားရေးလုပ်ငန်း ပူဖောင်းကြီးဟာ အခုတော့ ဘဏ်ချေးငွေ ဂယက်နဲ့ အလားတူ အကျပ်အတည်းတခုဆီ ဦးတည်နေပြီ ဖြစ်တယ်။ ၂၀၀၈ ခုနှစ် အကျပ်အတည်းကနေ ရုန်းထွက်ဖို့ တရုတ်စီးပွားရေး စနစ်အတွက် ချေးငွေတွေ တောင်ပုံရာပုံ ဖြည့်သွင်းလိုက်တဲ့အခါ ကုန်ထုတ်လုပ်ဖို့ လိုအပ်တဲ့ ကုန်ကြမ်းတွေနဲ့ အရင်းအနှီးကုန်စည်တွေကို အလုအယက် ဝယ်ကြပါတော့တယ်။ ဒီလိုနဲ့ ဂျာမနီနဲ့ဩစတြေးလျနိုင်ငံတွေရဲ့ စီးပွားရေးကိုပါ မြင့်တက်စေခဲ့ပါတယ်။

ဒီကနေ့ တရုတ်နိုင်ငံကြုံနေရတဲ့ ပြဿနာကလည်း ၂၀၀၈ တုန်းက အနောက်နိုင်ငံတွေက စတင်တဲ့ အကျပ်အတည်းလိုပဲ ကမ္ဘာ့စီးပွားရေးကို လာရိုက်ခတ်မှာ အသေအချာပါပဲ။ ကမ္ဘာ့စီးပွားရေးဟာ ၂၀၀၈-၉ ဘဏ္ဍာရေး အကျပ်အတည်းကနေ

အမှန်တကယ် နာလန်ပြန်ထူမလာခဲ့ဘူး၊ ဒါ့အပြင် ကိုဗစ်ကပ်ဘေးဒဏ်လည်း ခံထားရသေးတယ်။ ဒီလို ကမ္ဘာ့စီးပွားရေး အခြေအနေဆိုးနေချိန် ဖြစ်လာမယ့် အကျပ်အတည်းဟာ ၂၀၀၈ အကျပ်အတည်းထက် ပိုပြီးတော့ ဆိုးရွားလိမ့်မယ်။ ဒါ့အပြင် အခုအကျပ်အတည်းက ကမ္ဘာ့စီးပွားရေးသာ အမှန်တကယ် ထိပါးလာရင် နိုင်ငံတကာ စီးပွားရေးကျဆင်းမှုကိုပါ ဝင်ထိန်းနိုင်တဲ့ တရုတ်လို နိုင်ငံမျိုး နောက်ထပ်မရှိတာကြောင့် နောက်ဆုံးဖြစ်ပွားခဲ့တဲ့ အကျပ်အတည်းနဲ့ အခြေအနေချင်း ကွာခြားနိုင်ပါတယ်။

ကမ္ဘာ့ လုပ်ငန်းဆိုင်ရာ ကြွေးမြီထဲတွင် တရုတ်နိုင်ငံရဲ့ ကြွေးမြီက ၃၁ ရာခိုင်နှုန်းရှိတာကြောင့် အလွန်များတဲ့ ပမာဏနဲ့ပါဝင်နေပါတယ်။ သူ့ရဲ့ အကြွေးနဲ့ ဂျီဒီပီ အချိုးအစားက ကမ္ဘာ့နိုင်ငံတွေထဲမှာ အမြင့်ဆုံး ဖြစ်ပါတယ်။ ဒါ့ကြောင့် တရုတ်ကြွေးမြီ အကျပ်အတည်းက ကမ္ဘာ့စျေးကွက်တွေကို လှုပ်ခတ်စေမှာဖြစ်ပြီး ကမ္ဘာ့စီးပွားရေးတစ်ခုလုံးကို အကျိုးသက်ရောက်လာမှာ ဖြစ်ပါတယ်။

တကယ်တော့ အိမ်ခြံမြေစျေးကွက် ပြင်ပက အကြွေးနွံနစ်နေတဲ့ တရုတ်လုပ်ငန်းအချို့မှာ ‘ငွေသား ရှားပါးမှု’ကြုံနေရပြီ။ဒီလိုဘာမှမရေရာတဲ့ကာလတွေမှာ သူတို့ပြဿနာတွေကို ရင်ဆိုင်ကျော်လွှားဖို့ အပူတပြင်း လိုအပ်နေတဲ့ ငွေတွေကို အဲဒီလုပ်ငန်းတွေ ဘယ်လိုမှ ချေးငှားမရနိုင်တဲ့ အခြေအနေ ကြုံနေရတယ်။ Evergrande ကတော့ တရုတ်နိုင်ငံ ပြင်ပက ငွေချေးစာချုပ် ဝယ်ယူထားသူတွေအပေါ် ဘီလီယံနဲ့ချီတဲ့ အကြွေးတင်နေပါတယ်။ အဲဗားဂရန်ဒီ အကြွေးပြန်မဆပ်နိုင်ရင် အဲဒီလူတွေ ပထမဆုံး ခံရလိမ့်မယ်။

တချို့ကတော့ မကြာသေးခင်က ဖြစ်ခဲ့တဲ့ ‘ခွဲခွာမှုဖြစ်စဉ်’ကြောင့် တရုတ်နိုင်ငံရဲ့ ပြဿနာက ကမ္ဘာ့ စီးပွားရေးတစ်ခုလုံးကို ပြင်းပြင်းထန်ထန် မသက်ရောက်နိုင်ဘူးလို့ ဆိုကြပါတယ်။ ပြင်ပလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်မှုကနေ ပြည်တွင်းလုပ်ငန်းတွေကို ကာကွယ်ရေးဝါဒ မြင့်တက်လာတာက အလွန်ရှိနေတဲ့ ဖြစ်စဉ်တခု ဖြစ်ပေမဲ့ ( အရင်းရှင် စီးပွားရေးစနစ် ကျန်းမာကြံ့ခိုင်တဲ့ လက္ခဏာတော့ မဟုတ်ဘူး) တရုတ် နဲ့ အမေရိကန်၊ ဥရောပတို့ကြား ပေါ်ပေါက်လာတဲ့ ကုန်သွယ်မှု စစ်ပွဲက တရုတ်စီးပွားရေးကို ပြတ်ပြတ်သားသား ‘ခွဲထုတ်ပစ်ဖို့’ အားကောင်းတဲ့ အနေအထားမှာ မရှိပါဘူး။ တရုတ်စျေးကွက်ရဲ့ အရွယ်အစားနဲ့ ဗဟိုချက်ကျမှုက အားကောင်းလွန်းတာကြောင့် သူနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်ဖို့က မလွယ်ကူတဲ့ အနေအထားမှာ ရှိနေပါတယ်။

ကာကွယ်ရေးဝါဒ ပျံ့နှံ့လာတာကြောင့် ဥရောပ နဲ့ အမေရိကန် စီးပွားရေးလုပ်ငန်းတွေက တရုတ်ပြည်တွင်း သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လျှော့ချလာနိုင်ပြီး သမ္မတ ရှီကျင့်ဖျင် လက်ထက်မှာ သူတို့ရဲ့ ရင်းနှီး မြှုပ်နှံမှုတွေအပေါ် ခြိမ်းခြောက်လာနိုင်တဲ့ လုံခြုံရေးအန္တရာယ်ကို စိုးရိမ်သော်လည်း ဒီလိုစဉ်းစားချက်တွေက နောက်ပိုင်းမှာ ကွယ်ပျောက်သွားမှာ ဖြစ်ပါတယ်။ အခုနှစ်နွေရာသီ အစောပိုင်းက ဥရောပ ကုန်သည်ကြီးများ အသင်း (European Chamber of Commerce) ရဲ့ နှစ်စဉ်ထုတ်ပြန်တဲ့ စာတမ်းတစ်စောင်မှာဆိုရင် တရုတ်နိုင်ငံမှာ ဥရောပ လုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာတဲ့အပြင်

တရုတ်နိုင်ငံက ကူးစက်ရောဂါ ကပ်ဘေးကနေ မြန်မြန်နာလန်ထလာနိုင်တာကြောင့် သူတို့လုပ်ငန်းတွေရဲ့ ထောက်ပံ့ရေး ကွင်းဆက်တွေ (supply chains) ပါ တရုတ်နိုင်ငံထဲကို ရွှေ့ပြောင်းနေကြောင်း အစီရင်ခံထားပါတယ်။ ၂၀၂၁ ခုနှစ်မှာ ဥရောပကုမ္ပဏီတွေရဲ့ ခန့်မှန်းခြေ (၆၀) ရာခိုင်နှုန်းက တရုတ်နိုင်ငံတွင်း သူတို့ လုပ်ငန်းတွေကို ချဲ့ထွင်သွားဖို့ စီစဉ်ထားကြတယ်၊ ၂၀၂၀ ခုနှစ်နဲ့စာရင် (၅၁) ရာခိုင်နှုန်း တိုးချဲ့ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရခြင်းအတွက် သူတို့ရဲ့ အကြောင်းပြချက်ကတော့ တရုတ်နိုင်ငံမှာဆို အမြတ်အစွန်း ပိုရတယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

မကြာသေးမီက အဖြစ်အပျက်တွေ (ဒီအထဲမှာ အဲဗားဂရန်ဒီ အကြွေးပြန်မဆပ်နိုင်မယ့် ပြဿနာက သေးသေးမွှားမွှား ကိစ္စမဟုတ်ဘူး) ကြောင့် အဲဒီလို များပြားလှတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ထပ်လာတော့မှာ မဟုတ်ဘူးလို့ ထင်ရတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ လတွေကတင် ဥရောပ လုပ်ငန်းကြီး အများစု တရုတ်ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု ထပ်တိုးဖို့ စီစဉ်နေတာကြည့်ရင် အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် နယ်ချဲ့စနစ်ခေတ်မှာ 'ခွဲခွာမှု'ကို အကန့်အသတ်နဲ့ပဲ လုပ်နိုင်ကြောင်း တွေ့ရမယ်။ (အရင်းရှင်စနစ်ဟာ နိုင်ငံတနိုင်ငံတည်းမှာပဲ သီးခြားနေလို့မရတော့တဲ့ ကမ္ဘာ့စနစ် ဖြစ်နေခဲ့တာ ရာစုနှစ်တခုကျော်ခဲ့ပြီ။ ဒီလို တနိုင်ငံနဲ့ တနိုင်ငံ အပြန်အလှန် မှီခိုနေရတဲ့ ကမ္ဘာ့အရင်းရှင်စနစ်ခေတ်မှာ တရုတ်က အမေရိကန်နဲ့ ခွာမယ်၊ အမေရိကန်က တရုတ်နဲ့ ခွာမယ်လို့ ဘယ်လိုပဲကြိုးစားပါစေ လက်တွေ့မဖြစ်နိုင်ဘူး။ ကုန်သွယ်ခွန်တွေ အဆမတန် မြှင့်တင်ပြီး ပြည်တွင်းဈေးကွက်ကို ကာကွယ်ဖို့ကြိုးစားတဲ့ ကာကွယ်ရေးဝါဒ ကျင့်သုံးလာပေမယ့် အမှန်တကယ်တော့ ကမ္ဘာ့အရင်းရှင်စနစ်မှာ ဘယ်နိုင်ငံမှ



သီးခြားရပ်တည်လို့ မရပါဘူး။ ဒါကြောင့် decou-pling လို့ခေါ်တဲ့ ခွဲခွာမှုဖြစ်စဉ်ဟာ အကန့်အသတ်နဲ့ပဲ လုပ်လို့ရနိုင်တယ်။ အရင်းရှင်နိုင်ငံတွေ တခုနဲ့တခု လွတ်လွတ်ကင်းကင်း ဖြစ်သွားအောင် ခွဲထုတ်လို့ ခွဲခွာလို့ မရဘူးလို့ ဆိုလိုပါတယ်။ ဘာသာပြန်သူ)။

ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၁၃ ဒသမ ၆ ရာခိုင်နှုန်းကို တရုတ်နိုင်ငံ ကရရှိထားပြီးအခြားနိုင်ငံအားလုံးထက် အများဆုံးအနေအထားမှာရှိနေတဲ့ အချက်ကလည်း ဒီသဘောတရားကို သက်သေထူပေးတယ်။ ဒီအချိုးအစားဟာ (၂၀၁၃) ကနေ (၂၀၁၈) ခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှု တိုးတက်မှုရဲ့ (၂၈) ရာခိုင်နှုန်းကို ကိုယ်စားပြုခဲ့ပြီး အမေရိကန်ထက် နှစ်ဆ ရှိနေတယ်။ ဒါတွေကြောင့်မို့လို့အချိန်အကြာကြီး ရွှေ့ဆိုင်းလာခဲ့တဲ့ တရုတ်အရင်းရှင်စနစ် အကျပ်အတည်းက ကမ္ဘာ့ စီးပွားရေးကို အကျပ်အတည်းဆီ တွန်းပို့မယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိပါ။

## မညီမျှမှု

အရင်းရှင်စနစ် ဆယ်စုနှစ်များစွာ ထွန်းကားလာခြင်းက တရုတ်လူ့အဖွဲ့အစည်းကို ဆိုးဆိုးရွားရွား ပြောင်းလဲသွားစေခဲ့ပါတယ်။ ဆင်းရဲချမ်းသာ ကွာဟမှု ဆိုးဆိုးရွားရွား ကြီးမားနေခြင်းက ဒီစနစ်ရဲ့ ဝိသေသ လက္ခဏာတစ်ရပ်ဖြစ်နေပြီး အုပ်ချုပ်သူတွေရဲ့ အတွေးတွေကို တချိန်လုံး ခြောက်လှန့်နေတယ်။ ဇန်နဝါရီလက ရှီကျင့်ဖျင်ရဲ့ မိန့်ခွန်းမှာတော့ အန္တရာယ်များပြီး ညှိယူရခက်တဲ့ ဆင်းရဲချမ်းသာကွာဟချက်ကို ဒီထက်ပိုကြီးထွားခွင့် မပေးတော့ဟု ပြောကြားထားပါတယ်။

ဒီမိန့်ခွန်းက ရှီကျင့်ဖျင်အား အရင်းရှင်စနစ်ကို ဖျက်သိမ်းရန် အစီအစဉ်ရှိတဲ့ "ခေတ်သစ်မော်ဝါဒီ" တစ်ယောက်အဖြစ် ဂုဏ်သတင်းမွှေးလာစေပါတယ်။ ဒါပေမဲ့ သူ့မှတ်ချက်ထဲမှာ လှစ်ဟပြထားသလိုပဲ အရင်းရှင်စနစ်ရဲ့ မညီမျှမှုပြဿနာတွေကို သူကဆန့်ကျင်နေတာ မဟုတ်ဘဲ ဒီစနစ်ရဲ့ ရှင်သန်ဖြစ်ထွန်းမှုကို ခြိမ်းခြောက်လာတဲ့အထိ ဆိုးရွားလာတဲ့"အလွန်အကျွံဖြစ်မှုတွေ" ကိုသာဆန့်ကျင်နေ ခြင်းဖြစ်ပါတယ်။

ယခုအချိန်တွင် တရုတ်နိုင်ငံ၌ အမေရိကန်ကဲ့သို့ ဘီလီယံနာ အများအပြား (တရုတ်- ၆၉၈ ဦး နှင့် အမေရိကန်-၇၂၄ ဦး) ရှိနေပြီး တရုတ် ပါလီမန်က အမေရိကန်ထက် အဆများစွာ ပိုချမ်းသာနေပါတယ် (ထိပ်တန်း စီးပွားရေးသမားများ တဖြစ်လဲ ဥပဒေပြုသူ ၂၀ ဦးဟာ ကန်ဒေါ်လာ ၅၃၄ ဘီလီယံ ကြွယ်ဝချမ်းသာသူတွေ ဖြစ်ပါတယ်)၊ တစ်ဖက်မှာတော့ တရုတ်နိုင်ငံအတွင်းက ရွှေ့ပြောင်းလုပ်သား (၂၈၆) သန်းရဲ့ (၂၈) ရာခိုင်နှုန်းကျော်ကတော့ ကိုယ်ပိုင်အိမ်သာတောင် မရှိတဲ့ အနေအထားမှာ ရောက်နေပါတယ်။ (၁၀) လပိုင်းမှာထုတ်ဝေတဲ့ The Economist မဂ္ဂဇင်းတွင် ၂၀၁၆ခုနှစ်က လေ့လာမှုတစ်ခုအရ တရုတ် ကျေးလက်ဒေသများရှိ ကျောင်းသားတွေရဲ့ (၁၆-၂၇) ရာခိုင်နှုန်းမှာ ဗီတာမင်နဲ့ သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါခံစားနေရကြောင်း ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံရဲ့ ဆင်းရဲချမ်းသာ ကွာဟမှုပြဿနာဟာ

တရှိန်ထိုး ကြီးထွားလာခဲ့တယ်၊ ကမ္ဘာမှာ တန်းတူညီမျှမှုအရှိဆုံး နိုင်ငံအဖြစ်ကနေ မညီမျှမှုအများဆုံး နိုင်ငံတစ်ခုဖြစ်လာခဲ့တယ်။ စီးပွားရေး မညီမျှမှုကို တိုးတာတဲ့ ( Gini Coefficient) ညွှန်းကိန်းမှာ အမေရိကန်နဲ့ ပြိုင်တိုက်တို့ထက် အနည်းငယ် ပိုကြီးနေပြီ။ တရုတ် မြို့ကြီးတွေဟာ ကမ္ဘာပေါ်က နေထိုင်စားရိတ် အကြီးမားဆုံး မြို့တွေထဲ ပါဝင်နေတယ်။

မညီမျှမှု ရှိနေခြင်းသက်သက်က လူတန်းစား အသိစိတ်ကို တရှိန်ထိုး ဆွဲမတင်နိုင်ဘူး၊ မညီမျှမှု မြန်မြန်ဆန်ဆန် ကြီးထွားလာခြင်းကသာ လူတန်းစား အသိစိတ်ကို တရှိန်ထိုး ဆွဲတင်ပေးတယ်။ တရုတ်မှာ လူတန်းစား အမျက်ဒေါသတွေ သိသိသာသာ မြင့်မားလာခြင်းမှာ ရေပေါ်ဆီလူတန်းစား အဆမတန် ကြွယ်ဝချမ်းသာလာခြင်းက သမားရိုးကျမဟုတ်တဲ့ မသမာတဲ့ နည်းတွေကြောင့် ရရှိခြင်းဖြစ်တဲ့အပြင် တိုင်းပြည်ရဲ့ ကွန်မြူနစ်စံနှုန်းတွေကို ချိုးဖောက်ပြီး အဂတိလိုက်စားမှုကြောင့် ရလာခြင်းဖြစ်တယ်ဆိုတဲ့ ခံစားချက်တွေ ပြင်းပြင်းထန်ထန် ရှိနေလို့ဖြစ်တယ်။

တရုတ်လူငယ်တွေကြားမှာ အင်မတန် ပြင်းထန်တဲ့ သူစိမ်းပြင်ပြင် ကင်းကွာမှု (alienation) ရှိနေပါတယ်။ သူတို့တွေက ဘယ်မှမရောက်နိုင်တဲ့ ပြေးစက်ပေါ် တက်ပြေးနေရသလို ခံစားလာရတယ်၊ တိုးတက်လာပါတယ်ဆိုတဲ့ အရင်းရှင် စီးပွားရေး စနစ်ကပေးတဲ့ ဖိအားတွေကို အလူးအလဲ ခံစားနေရပါတယ်။ ဒီ "ပြေးစက် အကျိုးသက်ရောက်မှု" က အိမ်ရာ ပူဖောင်းပြဿနာနဲ့ ဆက်စပ်နေပါသေးတယ်။ လူတွေကို အလုပ်အကိုင်ရစေတဲ့ အိမ်ခြံမြေ စီးပွားရေး တိုးတက်မှုက အိမ်ရာဈေးတွေကို လူငယ်တွေ လုံးဝ မတတ်နိုင်တဲ့ ပမာဏအထိ မြင့်တက်သွားစေခဲ့တယ်။

လူငယ်အများစုက တရုတ်စီးပွားရေး တိုးတက်နေမှုကို ပြည်ချစ်စိတ်နဲ့ ငါတို့တရုတ်ပြည်ကြီးရဲ့ မဟာအောင်မြင်မှုလို့ မမြင်ကြပါဘူး၊ တခြားသူတွေရဲ့ အောင်မြင်မှု တနည်းဆိုရင် အကျင့်ပျက် ရေပေါ်ဆီလူတန်းစားရဲ့ ပိုင်ဆိုင်မှုလို့သာ မြင်ကြပါတယ်။ သူတို့မှာ လူတန်းစား အသိရှိကြပါတယ်၊ ဒါပေမယ့် တရုတ်အစိုးရကတော့ ဒါတွေကို ထုတ်ဖော်ပြောကြားခွင့် မပြုပေ။ ဒီကြားထဲကနေ လူငယ်တွေက တခါတလေ သူတို့မကျေနပ်ချက်တွေကို ဖြစ်တဲ့နည်းနဲ့ ထုတ်ဖော်ပြတတ်ကြတယ်။

## ဘိုနာပတ်တစ်ဇင်

ဒီလိုမကျေနပ်မှုတွေကို အုပ်ချုပ်သူတွေက သတိထားမိလာတဲ့ အခါမှာတော့ ရှီက လက်ဝဲယိမ်း သမားလို ပြန်နေပြဖို့ လိုလာပါတော့တယ်။ သပိတ်တွေ၊ ဆန္ဒပြပွဲတွေ ဖြစ်မှာစိုးတာကြောင့် လူချမ်းသာတွေဘက်က ရပ်တည်မယ့်သူ မဟုတ်ကြောင်း သူ့ကိုယ်သူ ကြိုတင်ပုံဖော်ထားပြီး လူထုကို လှည့်စားဖို့ ကြိုးစားပါတော့တယ်။ သာဓက ပြရမယ်ဆိုရင် Evergrande ရဲ့ ပိုင်ရှင်ကို ကုမ္ပဏီအကြွေး တချို့ကို သူပိုင်ဆိုင်မှုထဲက ဖဲ့ဆပ်ဖို့ တိုက်တွန်း လိုက်ခြင်းကိုကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။

ဒါပေမဲ့ချမ်းသာသူတွေ အပေါ် တကြိမ်ထိုးနှက်တိုင်း အလွန်အကျွံ လုပ်မှာ မဟုတ်ကြောင်းတပါတည်း အာမခံ ချက်ပေးပြီးသားဖြစ်တယ်။ ဥပမာအားဖြင့် စက်တင်ဘာလ၆

ရက်နေ့တွင် လက်ထောက်ဝန်ကြီးချုပ် Liu He က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေဟာ တိုင်းပြည်ရဲ့ စီးပွားရေးအတွက် အရေးကြီးကြောင်း ပြောဆိုပြီး အားပေးခဲ့ပါသေးတယ်။ (Economist 2.10.21)

ပါတီအနေနဲ့ "အများသာယာဝပြောရေး" (common prosperity) ဆိုတဲ့ ဆောင်ပုဒ်ကို စတင် မိတ်ဆက်ပြီး မကြာခင်မှာပဲ "လူချမ်းသာတွေရဲ့ ပိုင်ဆိုင်မှုကို လုယူခြင်းနည်းနဲ့ အများသာယာဝပြောရေး ရလာမှာမဟုတ်ကြောင်း" ပြောကြားပြီး အရင်းရှင်လူတန်းစားကို စိတ်မပူဖို့ ပါတီက အားပေးခဲ့တယ်။

တရုတ်နိုင်ငံအနေနဲ့ အရင်းရှင်စနစ်ကို စတင်ကျင့်သုံးခဲ့တာဟာ ဖျူရိုကရက်အလွှာရဲ့ အာဏာနဲ့ အခွင့်ထူးတွေကို ရေရှည်ထိန်းသိမ်းဖို့သာ ဖြစ်တယ်။ ဒင်ပြည့်ကျပ်ပြည့် အရင်းရှင်စနစ်ဆီ အဆုံးထိ ချီတက်မယ်လို့ သူတို့ မရည်ရွယ်ခဲ့ဘူး၊ ဒါပေမယ့် အခုချိန်မှာ ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲဝင်ဖို့ စိတ်ကူးမရှိတော့ဘူး။ အရင်းရှင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေ၊ သားရေကျလောက်တဲ့ အမြတ်အစွန်းတွေနဲ့ ခေတ်မီနည်းပညာတွေကို အသုံးပြုလာနိုင်ခြင်းက သူတို့ရဲ့ ဩဇာအာဏာနဲ့ ကြွယ်ဝမှုတွေကို ပိုမို အားကောင်းစေတယ် ဆိုတာပဲ ဖျူရိုကရက်တွေ မြင်တော့တယ်။

အရင်းရှင်စနစ် ပြန်လည်အသက်သွင်းတဲ့ ဖြစ်စဉ်ကို သူတို့ကြိုးကိုင် စီမံနိုင်မယ်လို့ ဖျူရိုကရက်အလွှာက ယူဆခဲ့တယ်။ တနည်းအားဖြင့် သူတို့စီမံနိုင်ခဲ့တယ်လို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုတော့ ဒီလို ဗျူရိုကရေစီ ချုပ်ကိုင်မှုနဲ့ အရင်းရှင်စနစ်ကို ပြန်လည် အသက်သွင်းပြီး တရုတ်ကို အလွန်အင်အားကြီး နိုင်ငံဖြစ်အောင် လုပ်ခဲ့လို့ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အင်အားကြီးလာပြီလို့ ထင်ရတဲ့ တရုတ်အစိုးရဟာ အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေက ပိုပြီးအင်အားကြီးနေမှန်း နားလည်လာပါပြီ။ အရင်းရှင်စနစ်ကို ပြန်လည် အသက်သွင်းလိုက်တဲ့ တရုတ်အစိုးရဟာ ကွန်မြူနစ် ကြေညာစာတမ်းထဲ မှာ(က်စ်)ဖော်ပြခဲ့သလို "မှော်ဂါထာတွေရွတ်ပြီး အောက်လောကသားတွေ ခေါ်လိုက်ပြီးကာမှ သူ့ဖာတ်သူ မနိုင်တော့တဲ့ အောက်လမ်းပယောဂဆရာကြီး"လို ဖြစ်နေတယ်။

တရုတ် ကွန်မြူနစ်ပါတီ CCP ကတော့ သူရဲ့တည်မြဲရေး အတွက် နိုင်ငံရေး တည်ငြိမ်မှုတွေကို ပိုမိုအာရုံစိုက်ပါတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကာလက အရင်းရှင်စနစ် အကျပ်အတည်းကြောင့် အနောက်နိုင်ငံတွေမှာ မတည်မငြိမ်ဖြစ်ခဲ့တာကို တရုတ်အစိုးရ မြင်တွေ့ခဲ့ရတယ်၊ ဒီအချက်ကို သတိထားတယ်။ de Tocquville ရေးတဲ့ The Old Regime and the Revolution စာအုပ်က ၂၀၁၅ခုနှစ်မှာ ထိပ်ပိုင်း ပါတီဝင်တွေ ဖတ်ရမယ့် စာအုပ်အဖြစ် ဖြစ်လာခဲ့တယ်။

မနှစ်ကလည်း ရှီက တည်ငြိမ်မှုကို ထိန်းဖို့အတွက် မညီမျှမှုတွေကို ဟန့်တားဖို့ လိုကြောင်း သတိပေးဖို့ Thomas Piketty ရဲ့ Capital in the 21st Century စာအုပ်ကို အထူးကိုးကား ဖော်ပြခဲ့ပါတယ်။

၂၀၀၈ခုနှစ်စီးပွားရေး အကျပ်အတည်းကြောင့် အနောက်နိုင်ငံတွေရဲ့ မတည်ငြိမ်မှုကို မြင်တွေ့ခဲ့တဲ့ တရုတ် အစိုးရ ဗျူရိုကရေစီက သူတို့စနစ် တည်ငြိမ်မှုကို ကာကွယ်ဖို့ လက်ဦးမှုယူ ဆောင်ရွက်နိုင်အောင် ကြိုးစားနေကြတယ်။ အရင်းရှင်စနစ်ကို လက်ခံမိပြီဆိုရင် ဒီစနစ်ရဲ့ နိယာမတွေကို လက်ခံရတော့မယ်။ အခြားသော အရင်းရှင် အစိုးရများနည်းတူ ရေရှည်မှာ ပဋိပက္ခတွေကို ပိုဆိုးစေမယ့် နည်းတွေ(ဥပမာ ချေးငွေထုတ်ပေးခြင်း) သုံးပြီးတော့မှပဲ တည်ငြိမ်မှုကို ဆက်ထိန်းနိုင်ပါတယ်။ တစ်နည်းဆိုရသော် အနာဂတ်အတွက် ပိုပြင်းထန်တဲ့ မတည်ငြိမ်မှုတွေ ဖန်တီးပြီး ဖြေရှင်းရတယ်။

သူတို့က ကြိုးတန်းပေါ် လမ်းလျှောက်နေကြသူတွေဖြစ်ပြီး ထာဝစဉ် ဟန်ချက်ညီအောင် လျှောက်နိုင်မှာ မဟုတ်ပါဘူး။ အရင်းရှင်စနစ်ရဲ့ အကျပ်အတည်းတွေက တရုတ်နိုင်ငံနောက်ကို ထပ်ကြပ်မကွာ လိုက်နေပါပြီ။ ဒီအကျပ်အတည်းက တရုတ်နိုင်ငံနဲ့ ကမ္ဘာကြီးကို ပြောင်းပစ်လိမ့်မယ်။ တရုတ်နိုင်ငံက ကမ္ဘာ့စျေးကွက်ထဲကို ဝင်ရောက်လာပြီး လွန်ခဲ့တဲ့ နှစ် ၃၀ လုံးလုံး ကမ္ဘာ့အရင်းရှင်စနစ်ကြီးကို ထိန်းပေးထားခဲ့ပါတယ်။ အဲဒီလို ထိန်းပေးနိုင်တဲ့ အခြေအနေ အခုမရှိတော့ဘူး။ တရုတ်နိုင်ငံရဲ့ အနာဂတ်ကတော့ အတိတ်ကာလက အခြေအနေနဲ့ တူတော့မှာ မဟုတ်ပါ။ တရုတ်စီးပွားရေး အကျပ်အတည်းက မကြုံစဖူး ပြင်းထန်လာမယ့် လူတန်းစားတိုက်ပွဲခေတ်ကို ချဉ်းနင်း ဝင်ရောက်နေပြီဆိုတဲ့ နောက်ထပ် လက္ခဏာတစ်ရပ်ပဲ ဖြစ်ပါတယ်။

ကွန်မြူနစ် (၂.၁၀.၂၁)





# ကာဇက်စတန် တော်လှန်ရေး

“ဒီလှုပ်ရှားမှုကို အစပျိုးပေးလိုက်တဲ့ အင်အားတွေက ရှေ့အလားအလာကို ရည်ညွှန်းပြနေသလို ရှိတယ်။ လူမှုစီးပွားဆိုင်ရာ တောင်းဆိုချက်တွေနဲ့ အစပြုခဲ့တဲ့ ဆန္ဒပြပွဲဖြစ်လေတော့ ဒီနောက် ကြီးထွားပြီးရင်း ကြီးထွားသွားခဲ့ တယ်၊ လေဘာ အဖွဲ့အစည်းတွေက အလုပ်သမား စုဝေးပွဲကြီးတွေကို အသုံးချပြီး လုပ်ခလစာ ၁၀၀% တိုးမြှင့်ပေး ရေး၊ အဆင်ခြင်မဲ့ ကုန်ထုတ်စံချိန်သတ်မှတ်ချက်တွေ ပယ်ဖျက်ပေးရေး၊ လုပ်ငန်းခွင် အခြေအနေတွေ တိုးတက် ကောင်းမွန်ရေး၊ အလုပ်သမား သမဂ္ဂတွေ လွတ်လွတ်လပ်လပ် လှုပ်ရှားဆောင်ရွက်ခွင့် ရရှိရေးလို သူတို့ကိုယ်ပိုင် တောင်းဆိုချက်တွေ ဖော်ထုတ်ခဲ့ကြတယ်။ ဒါရဲ့အကျိုးဆက်အနေနဲ့ ဇန်နဝါရီ ၃ ရက်နေ့မှာ Mangystau ဒေသ တခုလုံးကို အထွေထွေ သပိတ်လှိုင်းလုံးကြီးနဲ့ သွက်ချာပါဒလိုက်သွားစေခဲ့တယ်။ ဒီကနေ အိမ်နီးချင်း Atyrau ဒေသကို ကူးစက်ပြန့်နှံ့သွားခဲ့တယ်။”

## ဇန်နဝါရီ ၅ ရက်နေ့အထိ အခြေအနေ

ဇန်နဝါရီ ၄-၅ ရက်နေ့တွေကတည်းက ကာဇက်စတန် မြို့ကြီးတွေမှာ လူထု ဆန္ဒပြပွဲကြီးတွေ တခဲနက် မြင်တွေ့ခဲ့ ရတယ်။ နှစ်သစ်ကူးနေ့ကစပြီး Mangystau မြို့မှာ ဓာတ်ငွေ့ဈေးတွေ ထိုးတက်သွားတာကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲ တွေကနေ လူထု လှုပ်ရှားမှုကြီး ဖြစ်လာခဲ့တယ်။ ဒါပေမယ့် ဖြစ်ရပ်တွေဟာ တဟုန်ထိုး ခုန်ကူးပြောင်းလဲသွားပြီး လူထု အုံကြွမှုအဆင့် ရောက်သွားတယ်။ Aktau နဲ့ Aktobe မြို့တွေမှာဆိုရင် ဆန္ဒပြလူထုက ဒေသန္တရအုပ်ချုပ်ရေး ရုံးတွေကို ဝင်စီးဖို့ ကြိုးစားခဲ့တယ်။ မြို့ကြီးအတော်များများမှာ အစိုးရ လက်နက်ကိုင် အဖွဲ့တွေနဲ့ ဆန္ဒပြ လူထု ကြား ပဋိပက္ခတွေ အပြင်းအထန် ဖြစ်ခဲ့တယ်။ ဆန္ဒပြလူထုက သူတို့ကို ဖြို့ခွဲဖို့/ ဖမ်းဆီးဖို့ ကြိုးပမ်းတဲ့ အစိုးရ လက်နက်ကိုင် အဖွဲ့တွေကို အောင်အောင်မြင်မြင် မောင်းထုတ်နိုင်ခဲ့တာတွေ ရှိခဲ့တယ်။

Almaty မြို့မှာ အခြေအနေ အပြင်းအထန်ဆုံးပဲ။ လမ်းပေါ် တိုက်ပွဲတွေ တညလုံး ဖြစ်နေခဲ့တယ်၊ စစ်တပ် ရဲတပ် က မျက်ရည်ယိုဗုံးတွေ၊ ရာဘာကျည်တွေ၊ ဗုံးတွေနဲ့ ပစ်ခတ်ဖြိုခွဲခဲ့တယ်။ ရဲကားတွေ ဒါဇင်နဲ့ချီ မီးရှို့ခံခဲ့ရတယ်။ ဆန္ဒပြ လူထုက စစ်တပ်ရဲ့ ပို့ဆောင်ရေး ယာဉ် အမြောက်အမြားကို သိမ်းနိုင်ခဲ့တာလည်း တွေ့ရတယ်။

ဒီလို လမ်းပေါ် တိုက်ပွဲတွေပဲ ဖြစ်နေတာ မဟုတ်ပါဘူး။ စက်ရုံ အလုပ်သမားထုကလည်း အလုပ်ခွင်တွေ ရပ်ဆိုင်းပစ်လိုက်ပြီး သူတို့ကိုယ်ပိုင် တောင်းဆိုချက်တွေ တင်လာတယ်။ ကာဇက်စတန် အနောက်ခြမ်းက လောင် စာဆီနဲ့ ဓာတ်ငွေ့ စက်ရုံတွေမှာ အလုပ်သမားထုက သပိတ်တိုက်ပွဲ ဆင်နေကြတယ်။ အလားတူပဲ၊ သတ္တု အလုပ် သမားတွေ၊ မိုင်းတွင်းအလုပ်သမားတွေကလည်း သ ပိ တ် တို က် ပွဲ ဝ င် လာ ကြ တ ယ် ။

ကာဇက်စတန် အစိုးရကတော့ ဒီအခြေအနေကို တဖက်မှာ ဖိနှိပ်မှုတွေ တိုးလုပ်ရင်း တဖက်မှာ လိုက်လျောချက် တချို့ပေးပြီး သတိထား တုံ့ပြန်လာခဲ့တယ်။ ဆန္ဒပြပွဲတွေရဲ့ ကနဦး တောင်းဆိုချက်ဖြစ်သော သဘာဝ ဓာတ်ငွေ့ ဈေးနှုန်းတွေ လျှော့ချပေးဖို့ ကတိပေးခဲ့သလို သမ္မတ Tokaev က အစိုးရ ကက်ဘိနက်အဖွဲ့ကိုပါ ဖယ်ရှားပေးခဲ့ တယ်။ ရေနံဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့နဲ့ အရေးကြီး စားသောက်ကုန် ဈေးနှုန်းတွေကို ကန့်သတ်ထိန်းချုပ်ပေး တာတွေလည်း လုပ်လာခဲ့တယ်။ အိမ်ခြေယာမဲ့ ဖြစ်သွားနိုင်တဲ့ မိသားစုတွေကို နိုင်ငံတော်က အိမ်ငှားခ အမတော် ကြေးပေးဖို့ရာ "စဉ်းစားပေးသွားမယ်"၊ ရေဖိုး မီးဖိုး ဓာတ်ငွေ့ဖိုး ကုန်ကျစရိတ်တွေ သက်သာအောင် ပုံသေဈေး သတ်မှတ်ပေးဖို့ လိုအပ်မလား "စဉ်းစားပေးသွားမယ်"၊ နိုင်ငံသားတဦးချင်းစီ ဒေဝါလီခံရတဲ့ အခြေအနေ မရောက် အောင် ဥပဒေတရပ် ပြဋ္ဌာန်းပေးသွားမယ်လို့ သမ္မတ Tokaev က ကတိပေးခဲ့သေးတယ်။ သို့သော်လည်း "တပြည် ထောင်ဝါဒ၊ ဥပဒေစိုးမိုးရေး၊ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို လေးစားရေးနဲ့ ဈေးကွက်စီးပွားရေး အစရှိတဲ့ အခြေခံမှုတွေ ဟာ ငါတို့ နိုင်ငံတော် ပေါ်လစီရဲ့ အရေးကြီးဆုံး အချက်တွေ ဖြစ်နေဆဲ" လို့ Tokaev က ဆိုထားတယ်။

Tokaev က လိုက်လျောချက်ပေးပြီး တဖက်မှာလည်း တုတ်တရမ်းရမ်းနဲ့ ခြိမ်းခြောက်နေတယ်၊ ဆန္ဒပြ လူထုကို

သူက "အကြမ်းဖက်သမားတွေ"လို့ တံဆိပ်ကပ်လိုက်ပြီး "ဖြစ်နိုင်သမျှ အပြင်းထန်ဆုံး" အရေးယူသွားမယ်လို့လည်း ကြုံးဝါးထားတယ်။ Almaty မြို့၊ Mangystau ဒေသတွေနဲ့ ကာဇက်စတန် မြို့တော်မှာ နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာထားပြီး ကာဖျူးအမိန့်လည်း ထုတ်ထားသေးတယ်။ မိုဘိုင်းအင်တာနက်တွေ၊ လူမှု ကွန်ယက် မီဒီယာတွေ နဲ့ စာပို့စနစ်တွေအားလုံးကို ဖြတ်တောက်ထားတယ်။

ဒီလိုတွေ လုပ်ပေမယ့် အုပ်စိုးသူ လူတန်းစား အလိုရှိသလို ဖြစ်မလာခဲ့ပါဘူး။ နိုင်ငံအဝှမ်း ထိပ်တိုက်တိုးမှုတွေ အပြင်းအထန်ဆက်ဖြစ်လာခဲ့တယ်။ ဆန္ဒပြပွဲတွေက တခြားမြို့တွေဆီ ပိုကျယ်ပြန့်သွားခဲ့တယ်။ ဒေသန္တရ အုပ်ချုပ်ရေး ရုံးတွေကို လူထုက ဝင်စီးနေကြတယ်။ Almaty မှာ ဆန္ဒပြလူထုက မြို့ပြ အုပ်ချုပ်ရေး ရုံးတွေကို ဝင်စီးခဲ့တယ်၊ မြို့ရင်ပြင်မှာ သေနတ်သံတွေ၊ ပေါက်ကွဲသံတွေ ပွက်လောညံနေခဲ့တယ်၊ အုပ်ချုပ်ရေးရုံး မြေညီထပ် မှာ မီးတောက်လောင်နေတယ်။

အလိုအလျောက် ပေါက်ကွဲထွက်လာတဲ့ တော်လှန်ရေး လှုပ်ရှားမှုကြီးဟာ သဘာဝဓာတ်ငွေ့ဈေး တက်သွားတဲ့ အပေါ် တောင်းဆိုဆန္ဒပြတဲ့ အဆင့်ကို ကျော်လွန်သွားခဲ့ပြီ ဖြစ်တယ်။ တယ်လီဂရမ် ချန်နယ်တွေ၊ ဂရု(ပ်) ချတ်တွေ ကနေ ပြန့်လာတဲ့ တောင်းဆိုချက်တွေထဲမှာ ဟောဒီအချက်တွေလည်း ပါဝင်နေတယ် -

- အစိုးရယန္တယား ပြောင်းလဲရေး
- မြို့ပြ၊ ကျေးလက်၊ ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်တွေကို လူထုကိုယ်တိုင် ရွေးကောက်တင်မြှောက်ရေး
- ၁၉၉၃ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြန်လည်အသက်သွင်းရေး
- အရပ်သား တက်ကြွလှုပ်ရှားသူ တွေကို အရေးယူခြင်း လုံးဝမရှိစေရ
- တည်ဆဲစနစ်နဲ့ လက်ရှိအာဏာပိုင်တွေထဲက မဟုတ်သူ၊ တော်လှန်ရေး သစ္စာခံတယောက်ယောက်ကို အာဏာလွှဲအပ်ပေးရေး

## ဆန္ဒပြ လူထုကို ချေမှုန်းဖို့ ပြည်ပ စစ်တပ်တွေ ခေါ်သွင်းလာ

ဇန်နဝါရီလ ၆ ရက်နေ့မှာ ကာဇက်စတန် စစ်တပ်နဲ့ ရုရှား အထူးတပ်ဖွဲ့တွေ ကျောထောက်နောက်ခံပြုထားတဲ့ လက်နက်ကိုင်အဖွဲ့တွေက ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲပြီးတဲ့နောက် အကြီးမားဆုံး လူထု လှုပ်ရှားမှုကြီးကို ဖြိုခွဲပစ်ဖို့ ဒလကြမ်း ဝင်ရောက်လာခဲ့တယ်။

အာဏာပိုင်တွေက အရေးပေါ် အခြေအနေ ကြေညာပြီး သူတို့အာဏာ ခိုင်မြဲအောင် ပြန်လုပ်ဖို့ စစ်တပ် ခေါ်သွင်းလိုက်တာနဲ့ ဇန်နဝါရီ ၆ရက် ကြာသပတေးနေ့က ကာဇက်စတန် မြို့ကြီး အတော်များများမှာ လမ်းမထက် တိုက် ပွဲတွေ ဖြစ်ပွားခဲ့တယ်။ ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက လူထုကို ခြိမ်းခြောက်ဖို့ နိုင်ငံတော်ပိုင် မီဒီယာကနေ အခု လို ပြောသွားတယ် - "တိုက်ခိုက်ရေးသမားတွေ ဒါဇင်နဲ့ချီ ချေမှုန်းလိုက်ပြီ"။ ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့ပြီး ထောင်ပေါင်းများစွာ အဖမ်းခံထားရတယ်လို့ အစီရင်ခံစာတွေမှာ ဖော်ပြကြတယ်။ မောက်မာရင့်သီးလှတဲ့ သမ္မတ Kassym-Jomart Tokayev က ဇန်နဝါရီ ၇ ရက်

သောကြာနေ့မှာ တီဗွီကနေ ပေါ်လာပြီး လက်နက်ကိုင် အဖွဲ့ တွေအနေနဲ့ သူ့အခေါ် "သောင်းကျန်းသူတွေ၊ အကြမ်းဖက်သမားတွေ"ကို "အသေပစ်သတ်ဖို့" အမိန့်ပေးထားပြီး ဖြစ်ကြောင်း ပြောသွားခဲ့တယ်။

နိုင်ငံတော်အနေနဲ့ သူတို့အာဏာ မဆုံးရှုံးရလေအောင် ရက်ရက်စက်စက် အကြမ်းဖက်တဲ့ လမ်းကြောင်းအတိုင်း ဒရစပ် ချီတက်နေပြီဆိုတာ ရှင်းပါတယ်။ လေဆိပ်တွေ၊ လမ်းမကြီးတွေ၊ ရင်ပြင်တွေနဲ့ ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာ တခြား အရေးကြီးနေရာတွေကို ဆန္ဒပြလူထုက သိမ်းပိုက်ထားခဲ့ပေမယ့် အခုချိန်မှာ အစိုးရ လက်ထဲ ပြန် ရောက်သွားခဲ့ပြီ။

လူထု လှုပ်ရှားမှုဟာ သူပုန်ထ ပုန်ကန်တဲ့ အဆင့် ရောက်ခဲ့ပြီ၊ ဒါပေမယ့် ရှင်းလင်းတဲ့ တော်လှန်ရေး ခေါင်းဆောင် မှုနဲ့ တခွင်တပြင်လုံး လွှမ်းခြုံနိုင်တဲ့ တော်လှန်ရေး အဖွဲ့အစည်း မရှိဘူး ဖြစ်နေတယ်။ ဒီအခြေအနေမှာ အုပ်စိုးသူ လူတန်းစားဘက်က အင်အားအလွန်အကျွံသုံးပြီး လူထု အုံကြွမှုကို အနည်းဆုံးတော့ လက်ရှိ အခိုက်အတန့်မှာ ဖြို ခွဲပစ်ထားနိုင်ပုံရတယ်။ ပြီးခဲ့တဲ့ အပတ်ကဆိုရင် ကာဇက်စတန်ရဲ့ အဓိက မြို့ကြီးအားလုံးလောက်ကို လူထုက စီးမိထားတယ်။ ဆန္ဒပြလူထုနဲ့ ရဲတပ်ဖွဲ့ကြား ချစ်ကြည်ရင်းနှီးလာတဲ့ လက္ခဏာတွေလည်း မြင်တွေ့ခဲ့ရတယ်။ ဒါပေမယ့် ဒီကနေ ရှေ့ဘယ်လိုဆက်မလဲဆိုတဲ့ ရှင်းလင်းပြတ်သားတဲ့ အစီအစဉ် ရှိမနေတဲ့အခါ တန်ပြန်တော်လှန် ရေးဘက်က လက်ဦးမှုရသွားစေတယ်၊ တန်ပြန် တော်လှန်ရေး အင်အားစုတွေက ပြန်လည် စုစည်းပြီး အပြင်းအ ထန် လက်တုံ့ပြန်လာကြတယ်။

အင်မတန် အင်အားကြီးမားတဲ့ လူထု လှုပ်ရှားမှုကြီးနဲ့ ကြုံတွေ့ရလိုက်တဲ့အခါ နိုင်ငံတော်အနေနဲ့ ကနဦးမှာ လိုက် လျောချက်တွေ တသီကြီး ပေးခဲ့ရတယ်။ တိုက်ပွဲဝင် လူထုအဖို့ ယုံကြည်ချက် ပိုရှိသွားတယ်။ တချိန်တည်းမှာပဲ နိုင်ငံတော် အင်အားစုတွေ တဖြည်းဖြည်း ပြုလိုက်လာတယ်။ သမ္မတ Tokayev က အခြေအနေပေါ် မူတည်ပြီး မီး စင်ကြည့်ကနေခဲ့ရတယ်။ နိုင်ငံတော် ယန္တယားအတွင်းမှာ



စိတ်အားပျက်မှုတွေ၊ ဆောက်တည်ရာမရဖြစ်မှုတွေ ကျယ်ပြန့်ကြီးထွားလာခဲ့တယ်။

ဒါပေမယ့် ကြာသပတေးနေ့ရောက်တော့ Tokayev က ရှေ့တက်လာပြီး အာဏာကို ချုပ်ကိုင်လိုက်တယ်၊ ဒီမတိုင် ခင်အထိ သူက အိမ်စောင့် သမ္မတနေရာမှာပဲ ရှိနေခဲ့ပြီး နောက်ကွယ်မှာ သမ္မတ Nursultan Nazarbayev က အာ ဏာကို ချုပ်ကိုင်ထားဆဲဖြစ်တယ်။ ကြာသပတေးနေ့ကစပြီး အရင်ကက်ဘိနက်အဖွဲ့ကို ရှင်းထုတ်လိုက်တယ်၊ Nazarbayev ကို ဖယ်ပစ်လိုက်တယ်၊ (Collective Security Treaty Organization) ခေါင်းစဉ်အောက်ကနေ ရုရှား စစ်တပ်ကို အကူအညီတောင်းခဲ့တယ်။ သူ့ဘက်က အဲသလို ပြတ်ပြတ်သားသား လုပ်ပြလိုက်တဲ့အခါ နိုင်ငံတော် အင်အားစုတွေကို ဓာတ်ကြမ်းတိုက် မောင်းနှင်ပေးလိုက်နိုင်တယ်၊ ပြီးခဲ့တဲ့ ၂၄ နာရီအတွင်း ကျနော်တို့ မြင်တွေ့ခဲ့ရတဲ့ တန်ပြန် ထိုးစစ်မျိုး သူတို့လုပ်ရဲသွားစေတယ်။

လူထု လှုပ်ရှားမှုရဲ့ ကနဦး တောင်းဆိုချက်တွေကို အစိုးရဘက်က လိုက်လျောပေးမယ်လို့ ကြေညာထားပြီးတော် လှန်ရေးဘက်က ဒီထက် ရှင်းလင်း ပြတ်သားတဲ့ ရည်မှန်းချက် အသစ်တွေ မထုတ်ဖော်ပေးနိုင်တဲ့အခါ တချို့ အလွှာတွေ ယိမ်းယိုင်စပြုလာတယ်။ ဦးတည်ချက်မဲ့ လုယက်ခြင်းတွေ၊ အကြမ်းဖက်ခြင်းတွေကြောင့်လည်း အဲဒီ လမ်းကြောင်းကို ပိုအားကောင်းသွားစေတယ်။ ဒီလို ဦးတည်ချက်မဲ့ လုယက်ခြင်းတွေ၊ အကြမ်းဖက်ခြင်းတွေကို နိုင်ငံတော်ကိုယ်တိုင်က တမင် မီးစာဖြည့်ပေးခဲ့တယ်။ ဒီလို အခြေအနေတွေအောက်မှာ နိုင်ငံတော်ရဲ့ တရစပ် ဖိနှိပ်မှုတွေ ရင်ဆိုင်လာရတယ်၊ ရှင်းလင်းပြတ်သားတဲ့ လုပ်ငန်းစဉ်လည်း မရှိသလို တခွင်လုံး ချိတ်ဆက် ဦးဆောင် နိုင်တဲ့ အဖွဲ့အစည်းလည်း မရှိတဲ့အခါ အလွှာတခုက နောက်ပြန်ဆုတ်သွားနိုင်တယ်။ အဲဒီအခါ လမ်းမထက်မှာ ရယ်ဒီကယ်အဆန်ဆုံး အစိတ်အပိုင်းတွေပဲ အထီးတည်း ကျန်ခဲ့နိုင်တဲ့ အန္တရယ်ရှိတယ်။

သို့သော်လည်း Almaty နဲ့ မြို့တော် Nursultan လို တချို့နေရာတွေမှာ လမ်းမတွေ ရှင်းသွားပေမယ့် Zhanaozen နဲ့ Aktau လို တခြားမြို့ကြီးတွေမှာ ဆန္ဒပြပွဲတွေ ဆက်လက် အားကောင်းနေဆဲဖြစ်ပါတယ်။ အခုလို ရုတ်တရက် ရင်ဆိုင်လိုက်ရတဲ့ အနေအထားကို ကျော်လွှားလိုက်တာနဲ့ လူထု လှုပ်ရှားမှုက ပိုပြီး ရယ်ဒီကယ် ဆန်လာပြီး ရှေ့ တဟုန်ထိုး ချီတက်သွားနိုင်ချေကိုလည်း ချန်လှပ်ထားလို့ မဖြစ်နိုင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ပါ ဒါဟာ ကာဇက်စတန် တော်လှန်ရေးရဲ့ အဆုံးသတ် မဟုတ်ဘူး၊ ဒါဟာ အစပဲ ရှိသေးတယ်။

## ရှေ့မှာ မတည်ငြိမ်မှုတွေပဲ လာတော့မယ်

အခု ကျနော်တို့ မြင်တွေ့နေရတာ ကာဇက်စတန် သမိုင်းရဲ့ အချိုးအကွေ့တခုပဲ ဖြစ်တယ်။ ဘူဇွာတွေက ကာဇက် စတန်ကို တည်ငြိမ်မှုရဲ့ စံပြအဖြစ်

နှစ်ပေါင်းများစွာ ဖန်းတင်ပေးခဲ့ကြတယ်။ အခု အဲဒီနိုင်ငံက မတည်ငြိမ်မှု၊ အကြပ်အတည်းနဲ့ လူတန်းစား တိုက်ပွဲတွေရဲ့ အဆင့်သစ်ကို ချဉ်းနင်းဝင်ရောက်လာပြီ။ အစိုးရရဲ့ မဟာဗျူဟာက အကြမ်းဖက် နှိပ်ကွပ်မှုနဲ့ စီးပွားရေး လိုက်လျောချက်တွေ ပေါင်းစပ်ပြီး လူထု လှုပ်ရှားမှုကို ဖြိုခွဲရေးပဲ ဖြစ်လိမ့် မယ်။

ကာဇက်စတန်မှာ ခရိုမိုက်၊ ဂူးလ်ဖရမ်၊ ခဲ၊ ဇင့်၊ မန်းဂနိစ်၊ ငွေ၊ ယူရေနီယံ အစရှိတဲ့ သဘာဝ သယံဇာတတွေ အများ အပြား ရှိနေတယ်။ ဘောက်ဆိုက်၊ ကြေးနီ၊ ရွှေ၊ သံရိုင်း၊ ကျောက်မီးသွေး၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေလည်း အ တော်များများ ရှိနေသေးတယ်။ ဒီလို အရံအင်အားတွေ ရှိနေသေးတဲ့အတွက် ကာဇက်စတန် အစိုးရအဖို့ လူမှု စီးပွားဆိုင်ရာ လိုက်လျောချက်တွေ ပေးနိုင်သေးတဲ့ အခြေအနေ ရှိတယ်။

သို့သော်လည်း ဒီလိုနည်းနဲ့ ရေရှည်တည်ငြိမ်အောင် ထိန်းထားဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီသယံဇာတတွေဟာ ကမ္ဘာ့ စီးပွားရေးအပေါ် မှီခိုထားရတယ်။ ၂၀၁၄ တုန်းက တရုတ်နဲ့ အနောက်မှာ စီးပွားရေး ဖွံ့ဖြိုးမှု နှေးသွား တာနဲ့ ဆီဈေးတွေ၊ သတ္တုဈေးတွေ ကျလာတော့ ကာဇက်စတန်ရဲ့ ဂျီဒီပီလည်း ၄.၂%ကနေ ၁.၂%အထိ ကျဆင်းခဲ့ တယ်။ တခါကိုဗစ်ကပ် ရိုက်ခတ်လာပြန်တော့ အခြေအနေက ပိုဆိုးလာတယ်။ ကုန်ဈေးနှုန်းတွေ တက်လာခဲ့ တယ်၊ အဆင်းရဲဆုံး အလွှာတွေအဖို့ ဖူလုံရေး ခံစားခွင့်တွေ နည်းပါးသထက် နည်းပါးလာခဲ့တယ်။ ရှေ့လာမယ့် ကာလမှာ ကမ္ဘာ့ စီးပွားရေးက အကျဘက်ကိုပဲ ဦးတည်နေလိမ့်မယ်၊ ကာဇက်စတန် စီးပွားရေးကိုလည်း ဖိအား အသစ်တွေ ထပ်ပေးလာလိမ့်မယ်။ ဒီအခါ အုပ်စိုးသူ လူတန်းစားက သူတို့အာဏာ တည်မြဲရေးအတွက် လုပ်သား ထုရဲ့ လူနေမှု အဆင့်အတန်းကိုသာ ထပ်မံ ထိုးနှက်လာဦးမယ်။

ဘိုနာပတ်ပုံစံနဲ့ Nursultan Nazarbayev ခေါင်းဆောင်ခဲ့တဲ့ ကာဇက် အစိုးရဟာ တရှိန်ထိုး ကြီးထွားနေတဲ့ စီးပွား ရေး နဲ့ လူနေမှု အဆင့်အတန်း အတန်အသင့် မြင့်မားလာခြင်း အခြေခံပေါ်မှာ ဆယ်စုနှစ် ၂ခုကြာ တည်တည်ငြိမ် ငြိမ် ဖြစ်အောင် ထိန်းထားနိုင်ခဲ့တယ်။ ဒါပေမယ့် အဲဒီခေတ်က ပြီးဆုံးသွားခဲ့ပြီ။

## အရောင်တော်လှန်ရေးတခုလား

လက်ဝဲတချို့က ကာဇက်စတန်က လူထု လှုပ်ရှားမှုကို အနောက် အုပ်စု ကြိုးကိုင်ထားတဲ့ 'အရောင် တော်လှန်ရေး တခု'လို့ စွပ်စွဲနေကြတယ်။ သူတို့ ထင်မြင်ချက်အရဆိုရင် ဒီလှုပ်ရှားမှုဟာ ယူကရိန်းမှာ ဖြစ်ခဲ့တဲ့ ဖောက်ပြန်သော Maidan လှုပ်ရှားမှုနဲ့ အတူတူ ဖြစ်နေမယ်။ Maidan လှုပ်ရှားမှုဟာ အနှစ်သာရအားဖြင့် ဝါရှင်တန် အားပေး ထောက်ခံထားတဲ့ လက်ယာစွန်းတွေ၊ ဖက်ဆစ်တွေ ချုပ်ကိုင်ထားတဲ့ လှုပ်ရှားမှုသာ ဖြစ်ခဲ့တယ်။ ဒီနှစ်ခုကို ယှဉ်ပြ တာဟာ ကာဇက်စတန်က

မြေပြင် အချက်အလက်တွေကို လစ်လျူရှုထားတဲ့ သာမန်ကာလျံကာ နှိုင်းယှဉ်မှုတခုပဲ ဖြစ်တယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း ကျနော်တို့ မြင်တွေ့ခဲ့ရတဲ့ ကာဇက်စတန် လူထု အုံကြွမှုမှာ လစ်ဘရယ်တွေ၊ ပက်တီး ဘူဇွာ အစိတ်အပိုင်းတွေ အနည်းအကျဉ်းပဲ ပါဝင်ခဲ့တယ်။ ဒါဟာ အင်မတန် ထင်ရှားတဲ့ အချက်ဖြစ်တယ်။ ၂၀၁၈ နဲ့ ၂၀၂၀ တုန်းက ဖြစ်ခဲ့တဲ့ ဆန္ဒပြ လှုပ်ရှားမှုတွေနဲ့ အတူတာက ဒီတချီ လူထု လှုပ်ရှားမှုကို အလုပ်သမားထုက အစပြုခဲ့တယ်၊ တကယ် စစ်မှန်တဲ့ တော်လှန်ရေး လက္ခဏာဆောင်တယ်။ ဒီလူထု လှုပ်ရှားမှုမှာ အလုပ်သမားထု က အဓိက အခန်းကဏ္ဍကနေ ပါဝင်နေတယ်၊ ဆင်းရဲသား အလုပ်လက်မဲ့တွေ၊ လူလတ်တန်းစား အောက်အလွှာ တွေလည်း ပါဝင်တယ်။

ဒီလှုပ်ရှားမှု အစပြုရာ ဗဟိုချက်က အနောက်ဘက် Mangistau ဒေသဖြစ်တယ်။ ဒီဒေသဟာ လောင်စာဆီ ကုမ္ပဏီကြီးတွေရဲ့ နလုံးသည်းပွတ်မြေလည်း ဖြစ်သလို တော်လှန်ရေး အစဉ်အလာကြီးမားတဲ့ စက်ရုံ အလုပ်သ မား လူတန်းစား အားကောင်းတဲ့ အရပ်လည်း ဖြစ်တယ်။ ဒီဒေသက Zhanaozen မြို့ဟာ သမိုင်းဝင် မြို့တမြို့ ဖြစ် တယ်။ ၂၀၁၁ ခုနှစ်တုန်းက အဲဒီမြို့မှာ လောင်စာဆီ အလုပ်သမား သောင်းနဲ့ချီပြီး သပိတ်မှောက်ခဲ့ကြတယ်။ စစ် တပ်နဲ့ ဝင်မဖြိုခင်အထိ ၇ လ ကြာအောင် အလုပ်သမားတွေက မြို့ကို သိမ်းပိုက်ထားနိုင်ခဲ့တယ်။ ဒီတိုက်ပွဲ အတွေ့အကြုံတွေက ဒီကနေ့ တော်လှန်ရေးမှာ အင်မတန် အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေမယ်ဆိုတာ မြင်သာပါတယ်။ ဒီကနေ့ တော်လှန်ရေး လှုပ်ရှားမှုဟာ အဲဒီဒေသက တိုက်ပွဲ အစဉ်အလာတွေအပေါ် အများကြီး အခြေခံထားတယ်။

ရက်တိုတိုအတွင်း ဒီလှုပ်ရှားမှု တဟုန်ထိုး ကြီးထွားလာပုံကို 'ကာဇက်စတန် ဆိုရှယ်လစ် လှုပ်ရှားမှု' ရဲ့ ကြေညာ ချက်မှာ မြင်သာအောင် ရှင်းပြထားတယ် -

"အခု ကာဇက်စတန်မှာ စစ်မှန်တဲ့ လူထု အုံကြွမှုကြီး ဖြစ်နေတယ်။ ဒီဆန္ဒပြပွဲတွေဟာ ကနဦးကတည်းက လူထု လူတန်းစား လက္ခဏာဆောင်ခဲ့တယ်၊ စတော့(ခ်)အိတ်ချိန်းမှာ လောင်စာဆီ ဓာတ်ငွေ့ဈေး နှစ်ဆတက်သွားတဲ့ ကိစ္စက ဝန်အပြည့်နဲ့ ကုလားအုတ်ကို ပြိုလဲသွားစေခဲ့တဲ့ နောက်ဆုံး ကောက်ရိုးတမျှင်သာ ဖြစ်တယ်။ ဒီဖြစ်ရပ် တွေအားလုံးဟာ Zhanaozen မှာ အစပြုခဲ့သလိုပဲ လောင်စာဆီ အလုပ်သမားတွေရဲ့ ဖွဲခေါ်ဦး လှုပ်ရှားမှုနဲ့ စတင်ခဲ့ခြင်း ဖြစ်တယ်။ Zhanaozen မြို့ဟာ လူထု လှုပ်ရှားမှုကြီး တခုလုံးရဲ့ နိုင်ငံရေး ဗဟိုဌာနချုပ်တခုလို ဖြစ် လာခဲ့တယ်။

"ဒီလှုပ်ရှားမှုကို အစပျိုးပေးလိုက်တဲ့ အင်အားတွေက ရှေ့အလားအလာကို ရည်ညွှန်းပြနေသလို ရှိတယ်။ လူမှု စီးပွားဆိုင်ရာ တောင်းဆိုချက်တွေနဲ့ အစပြုခဲ့တဲ့ ဆန္ဒပြပွဲဖြစ်လေတော့ ဒီနောက် ကြီးထွားပြီးရင်း ကြီးထွားသွားခဲ့ တယ်၊ လေဘာ အဖွဲ့အစည်းတွေက အလုပ်သမား စုဝေးပွဲကြီးတွေကို အသုံးချပြီး လုပ်ခလစာ ၁၀၀% တိုးမြှင့်ပေး ရေး၊ အဆင်ခြင်မဲ့ ကုန်ထုတ်စံချိန်သတ်မှတ်ချက်တွေ ပယ်ဖျက်ပေးရေး၊ လုပ်ငန်းခွင် အခြေအနေတွေ တိုးတက် ကောင်းမွန်ရေး၊ အလုပ်သမား သမဂ္ဂတွေ လွတ်လွတ်လပ်လပ် လှုပ်ရှားဆောင်ရွက်ခွင့် ရရှိရေးလို သူတို့ကိုယ်ပိုင် တောင်းဆိုချက်တွေ

ဖော်ထုတ်ခဲ့ကြတယ်။ ဒါရဲ့အကျိုးဆက်အနေနဲ့ ဇန်နဝါရီ ၃ ရက်နေ့မှာ Mangystau ဒေသ တခုလုံးကို အထွေထွေ သပိတ်လှိုင်းလုံးကြီးနဲ့ သွက်ချာပါဒလိုက်သွားစေခဲ့တယ်။ ဒီကနေ အိမ်နီးချင်း Atyrau ဒေသကို ကူးစက်ပြန့်နှံ့သွားခဲ့တယ်။

"ဇန်နဝါရီ ၄ ရက်နေ့ကတည်းက Tengizchevroil ကုမ္ပဏီက လောင်စာဆီ အလုပ်သမားတွေဟာ သပိတ်တိုက်ပွဲ ဆင်နေကြပြီ။ ဒီကုမ္ပဏီရဲ့ ၇၅%ကို နိုင်ငံစုံဖြတ်ကျော် အမေရိကန် ကော်ပရိတ်ကြီးတခုက



ပိုင်ဆိုင်တယ်။ အဲဒီ ကုမ္ပဏီက ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလထဲမှာ အလုပ်သမား ၄၀၀၀၀ ကို အလုပ်ထုတ်ပစ်ခဲ့တယ်။ နောက်ထပ်လည်း အလုပ်ထုတ်ပစ်ဖို့ စီစဉ်ထားသေးတယ်။ အဲဒီသပိတ်မှောက် အလုပ်သမားတွေကို Aktobe နဲ့ အနောက် ကာဇက်စ တန်၊ Kyzylorda ဒေသတွေက အလုပ်သမားထုက ဆက်တိုက် ထောက်ခံအားပေးခဲ့ကြတယ်။

"ဒါ့အပြင် အဲဒီနေ့ ညနေပိုင်းမှာပဲ Karaganda ဒေသက ArcelorMittal Temirtau ကုမ္ပဏီပိုင် သတ္တုတွင်း အလုပ်သမားတွေ စတင် သပိတ်တိုက်ပွဲဝင်ခဲ့ကြတယ်။ Kazakhmys ကော်ပရေးရှင်းက သတ္တုတွင်း အလုပ်သမားတွေ ကြေးနီ ထုတ်လုပ်ရေး အလုပ်သမားတွေရဲ့ သပိတ်တိုက်ပွဲ စတင်ခဲ့တယ်။ ဒါ့ကြောင့် ကာဇက်စတန် တနိုင်ငံလုံးက သတ္တု တူးဖော်ရေး စက်မှုလုပ်ငန်း တခုလုံးမှာ အထွေထွေ သပိတ်မှောက်နေခဲ့တယ်လို့ သတ်မှတ်နိုင်တယ်။ ဒီမှာ လည်း လုပ်ခလစာ တိုးမြှင့်ရေး၊ ပင်စင်ခံစားခွင့် အသက် လျှော့ချရေး၊ အလုပ်သမား သမဂ္ဂတွေ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်၊ သပိတ်မှောက်ခွင့် ရရှိရေး တောင်းဆိုချက်တွေ ရှိခဲ့တယ်။

“တချိန်တည်းမှာပဲ Almaty မြို့နဲ့ Almaty ဒေသက မြို့တွေ၊ Atyrau, Uralsk, Aktobe, Kyzyl-Orda, Taraz, Taldykorgan, Turkestan, Shymkent, Ekibastuz အစရှိတဲ့ မြို့တွေမှာ အင်္ဂါနေ့ကစပြီး လူထု စည်းဝေးပွဲကြီးတွေ တခဲနက် ကျင်းပခဲ့ကြတယ်။ အဲဒီမြို့တွေမှာ လမ်းမတွေကို ပိတ်ဆို့ပစ်လိုက်တဲ့အခါ ဆန္ဒပြ လူထုနဲ့ ရဲတပ်ဖွဲ့ကြား ဇန်နဝါရီ ၄-၅ ရက်နေ့ ညတွေမှာ ထိပ်တိုက် ပဋိပက္ခတွေ ဖြစ်ခဲ့တယ်။ ရလဒ်ကတော့ အဲဒီမြို့ရဲ့ ဒေသန္တရ အုပ်ချုပ်ရေးကို လူထုက ယာယီ သိမ်းပိုက်ခဲ့တယ်။ ဒီအချက်ကို အကြောင်းပြပြီး Kassym-Jomart Tokayev က အရေးပေါ် အခြေအနေ ကြေညာခဲ့တယ်။

“Almaty မြို့က လူထုစည်းဝေးပွဲ မိန့်ခွန်းတွေကို တက်ရောက် နားထောင်ခဲ့ကြသူ အများစုက အလုပ်လက်မဲ့ လူငယ်တွေနဲ့ မြို့ကြီးပြကြီးကို လာရောက်အလုပ်လုပ်နေကြတဲ့ ပြည်တွင်း ရွှေ့ပြောင်း အလုပ်သမားတွေ။ ပြည်တွင်း ရွှေ့ပြောင်း အလုပ်သမားတွေဟာ အာမခံချက်မရှိတဲ့ ယာယီအလုပ်တွေ၊ လုပ်ခနည်းပါးလွန်းတဲ့ အလုပ်တွေမှာ ဝင်လုပ်ကြရတယ်။ ဒီလို လူထုကို Mangystau နဲ့ Almaty ဒေသတွေအတွက် ဓာတ်ငွေ့ဈေး ၅၀ တန့်(ဂ်)အထိ လျှော့ပေးမယ်လို့ ကတိပေးလိုက်ရုံနဲ့ ကျေနပ်သွားအောင် မစွမ်းနိုင်ဘူး။

“အစိုးရအဖွဲ့ကို ပစ်ပယ်ပြီး သမ္မတဟောင်း Nazarbayev ကို လုံခြုံရေးကောင်စီ ဥက္ကဋ္ဌရာထူးကနေ ဖယ်ရှားပေးဖို့ Tokayev ဆုံးဖြတ်လိုက်ပေမယ့် ဆန္ဒပြပွဲတွေကို ရပ်တန့်မသွားစေခဲ့ဘူး။ တခါမှ ဆန္ဒပြ လှုပ်ရှားမှုတွေ မဖြစ်ခဲ့ဖူး တဲ့ ကာဇက်စတန် အရှေ့ပိုင်းနဲ့ မြောက်ပိုင်း ဒေသတွေ (Petropavlovsk, Pavlodar, Ust-Kamenogorsk, Semipalatinsk) မှာပါ ဇန်နဝါရီ ၅ရက်နေ့ကတည်းက လူထု ဆန္ဒပြ ချီတက်ပွဲကြီးတွေ ရှိနေခဲ့ပြီ။ တချိန်တည်းမှာ ပဲ Aktobe, Taldykorgan, Shymkent and Almaty မြို့တွေမှာ လူထုက ဒေသန္တရ အုပ်ချုပ်ရေး ရုံးတွေကို ဝင်စီးဖို့ ကြိုးစားခဲ့ကြတယ်။

“Zhanaozen မြို့မှာ အလုပ်သမားတွေက လူထုစည်းဝေးပွဲကြီးတွေကနေ တောင်းဆိုချက်အသစ်တွေ ထုတ်ဖော် လာကြတယ်၊ လက်ရှိ သမ္မတနဲ့ Nazarbayev အစိုးရခေတ် အရာရှိတွေအားလုံး နုတ်ထွက်ပေးရေး၊ ၁၉၉၃ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ပြန်လည်အသက်သွင်းရေး၊ နိုင်ငံရေးပါတီတွေ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားခွင့် ရရှိရေး၊ အလုပ်သမား သမဂ္ဂတွေ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားခွင့် ရရှိရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ ဖိနှိပ်မှုတွေ ရပ်တန့်ရေး အစရှိတဲ့ တောင်းဆိုချက်တွေ ပါဝင်ပါတယ်။ Council of Elders ကို ချက်ချင်း ဖွဲ့လိုက်ကြ တယ်၊ ဒီကောင်စီဟာ လမ်းမပေါ်က အာဏာပိုင်အဖွဲ့တခု ဖြစ်လာခဲ့တယ်။

“ဒါ့ကြောင့် ဒေသအသီးသီး၊ မြို့အသီးသီးမှာ ဟစ်ကြွေးနေတဲ့ တောင်းဆိုချက်တွေ၊ ကြွေးကြော်သံတွေဟာ လှုပ်ရှားမှုတခုလုံးဆီ ပြန့်လွင့်သွားခဲ့ပြီ၊ လူထု တိုက်ပွဲမှာ နိုင်ငံရေး အတွင်းသား ရရှိသွားခဲ့ပြီ။ လူထုတိုက်ပွဲကို တခွင်တပြင်လုံး အတိုင်းအတာနဲ့ ချိတ်ဆက်နိုင်အောင် မြေပြင်မှာ ကော်မတီတွေ၊ ကောင်စီတွေ ဖွဲ့စည်းနိုင်အောင် လုံးပမ်းနေကြပြီ။”

ဒီမှာ ကျနော်တို့ ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရတဲ့အချက်က Mangystau က

စက်မှုအလုပ်သမား လူတန်းစား ရဲ့ အင်မတန် ကြီးမားသော အခန်းကဏ္ဍပဲ။ ဒီစက်မှု အလုပ်သမား လူတန်းစားက လက်ရှိ လူထု အရေးတော်ပုံကို ဦးဆောင်ခဲ့ခြင်း ဖြစ်တယ်၊ ဒီတော်လှန်ရေးကို ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေး လုပ်ငန်းစဉ် ကိန်းအောင်းစေခဲ့တယ်၊ ဒီတော်လှန်ရေးကို ပစ္စည်းမဲ့ လူတန်းစားရဲ့ စည်းရုံးဖွဲ့စည်းမှု နည်းလမ်းတွေ၊ တိုက်ပွဲ နည်းလမ်းတွေ တပ်ဆင်ပေး ခဲ့တယ်။ အနောက်အုပ်စု ကျောထောက်နောက်ခံပေးထားတဲ့ လစ်ဘရယ် အတိုက်အခံတွေရဲ့ ဝေတေဝါးတား ဒီမို ကရက်တစ် တောင်းဆိုချက်တွေ၊ နေရှင်နယ်လစ် တောင်းဆိုချက်တွေကတော့ တွင်ကျယ်မလာခဲ့ပါဘူး။

ပြည်ပရောက် ကာဇက်စတန် ဆိုရှယ်လစ် လှုပ်ရှားမှု ခေါင်းဆောင်တဦးဖြစ်တဲ့ Aynur Kurmanov က ဇာနိုပို မီဒီယာနဲ့ အင်တာဗျူးမှာ ဒီလှုပ်ရှားမှုဟာ အနောက် ပါဝါတွေက ကြိုးကိုင်ခြယ်လှယ်နေတဲ့ လှို့ဝှက်အကြံအစည် တခု ဖြစ်တယ်ဆိုတဲ့ စွပ်စွဲချက်ကို အခုလို တုံ့ပြန်ရှင်းလင်းထားတယ် -

“နိုင်ငံရေး သုံးသပ်သူ အတော်များများ ပုံဖော်နေကြသလို ဒီတော်လှန်ရေးဟာ Maidan လှုပ်ရှားမှုမျိုး မဟုတ်ပါ ဘူး။ အံ့အားသင့်စရာ ဒီလောက် အားကောင်းတဲ့ စည်းရုံးစုစည်းမှုမျိုး ဘယ်ကနေ ဖြစ်ပေါ်လာသလဲ။ အလုပ်သမား လူတန်းစားရဲ့ အစဉ်အလာနဲ့ အတွေ့အကြုံအပေါ် အခြေခံထားခြင်း ဖြစ်ပါတယ်။ Mangistau ဒေသကို ၂၀၀၈ ခုနှစ်ကတည်းက သပိတ်တွေနဲ့ ကိုင်လှုပ်နေခဲ့တာ။ ဒီသပိတ်တိုက်ပွဲ လှုပ်ရှားမှုက ၂၀၀၀ ခုနှစ်တွေကတည်းက အစပြုခဲ့ခြင်း ဖြစ်တယ်။ ကွန်မြူနစ်ပါတီ ဒါမှမဟုတ် တခြား လက်ဝဲအုပ်စုတခုခုရဲ့ ဆော်ဩမှု မရှိပေမယ့်လည်း လောင်စာဆီ ကုမ္ပဏီတွေကို ပြည်သူပိုင်သိမ်းလိုက်ဖို့ အလုပ်သမားတွေက မပြတ် တောင်းဆိုနေခဲ့တယ်။ ပုဂ္ဂလိက ပိုင်ပြုခြင်းနဲ့ ပြည်ပ အရင်းရှင်တွေက ရှယ်ယာတွေ အများကြီး ဝယ်ထားပြီး စိုးမိုးခြယ်လှယ်နေခြင်းကြောင့် ဘယ် လိုတွေ ဖြစ်ကုန်သလဲ အလုပ်သမားတွေကိုယ်တိုင် သူတို့မျက်စိနဲ့ တပ်အပ် မြင်တွေ့ခဲ့ရတယ်။ အဲဒီအစောပိုင်း ဆန္ဒပြပွဲတွေကနေ အလုပ်သမားထုဟာ တိုက်ပွဲနည်းနာတွေ သွေးစည်းမှု တည်ဆောက်ရေးတွေမှာ အတွေ့အကြုံ အများကြီး ရထားခဲ့တယ်။ ရိုင်းစိုင်းခက်ထန်လှတဲ့ ဘဝတွေမှာ ရှင်သန်နေထိုင်ရင်း ကျောချင်းကပ်သွားကြတယ်။ ဒီနောက်ခံအခြေအနေမှာ အလုပ်သမား လူတန်းစားနဲ့ ကျန်လူထုက အတူလက်တွဲမိလာခဲ့ကြတယ်။ Zhanaozen နဲ့ Aktau မြို့တွေက အလုပ်သမား ဆန္ဒပြပွဲတွေဟာ ကာဇက်စတန် နိုင်ငံရဲ့ တခြား ဒေသတွေကိုလည်း အလားတူ တိုက်ပွဲဝင်ကြဖို့ လှုပ်နှိုးပေးလိုက်တယ်။ မြို့ကြီးတွေက အထင်ကရ ရင်ပြင်ကြီးတွေမှာ ဆန္ဒပြသူတွေ ဆောက် လိုက်တဲ့ ယာယီ အမိုးအကာတဲတွေဟာ ‘ဥရောပ Maidan’ အတွေ့အကြုံကနေ ယူထားတာ လုံးဝ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့နှစ် ဒေသန္တရ သပိတ်တိုက်ပွဲတွေမှာကတည်းက Mangistau ဒေသမှာ ဒီလို ယာယီ အမိုးအကာတဲတွေ ဆောက်ခဲ့ကြတာပါ။ ပြည်သူတွေကိုယ်တိုင် ဆန္ဒပြသူတွေအတွက် အစားအသောက်တွေ၊ ရေတွေ ယူလာပေးကြ တာပါ။”

Mangistau ဒေသက အလုပ်သမားထုဟာ အမေရိကန် အရင်းရှင်နယ်ချဲ့နဲ့ ပေါင်းကြံဖို့ ဝေးစွ၊ အနောက်နိုင်ငံ အခြေပြု နိုင်ငံစုံ ကော်ပရေးရှင်းကြီးတွေကို



တိုက်ပွဲဝင်လာတဲ့ အစဉ်အလာ ကြီးမားသော အလုပ်သမားတွေ ဖြစ် တယ်။ ဒီလိုပြောလို့ လက်ရှိ အရေးတော်ပုံကို ဂုတ်ခွစီးပြီး အမြတ်ထုတ်ဖို့ ကြိုးစားတဲ့ လစ်ဘရယ် ဘူဇွာတွေ၊ နေရှင်နယ်လစ် အဖွဲ့အစည်းတွေ လုံးဝ မရှိဘူးလို့ မဆိုလိုပါ။ ဒါပေမယ့် သေချာတာတခုကတော့ ဒီတော်လှန်ရေး ကို သူတို့ စခဲ့တာ မဟုတ်ဘူး၊ သူတို့ ထိန်းချုပ် မထားနိုင်ဘူး။

ကာဇက်စတန်ကို ရုရှား ဩဇာခံ နိုင်ငံတခုလို့ ပြောရင် မှားလိမ့်မယ်။ Nazarbayev ခေါင်းဆောင်တဲ့ ကာဇက်စတန် အစိုးရဟာ ရုရှား၊ အမေရိကန်၊ တရုတ်နဲ့ တူရကီ နိုင်ငံတွေကြား ထိန်းကစားရင်း နှစ်ပေါင်း ၃၀ ကြာ သူ့အတွက် အကောင်းဆုံး အပေးအယူတွေ ရရှိအောင် လုပ်ခဲ့တယ်။ တကယ်တော့ ကာဇက်စတန်မှာ ရင်းနှီးမြှုပ်နှံမှု အများ ဆုံးဖြစ်နေတာ ရုရှား မဟုတ်ဘူး၊ အမေရိကန်သာ ဖြစ်တယ်။ Chevron နဲ့ Exxon-Mobil လို အမေရိကန် အရင်းရှင် လုပ်ငန်းကြီးတွေ ကာဇက်စတန်မှာ ရင်းနှီးမြှုပ်နှံထားတယ်။ ရုက်ဗ်ရွှန်က ကာဇက်စတန်မှာ အရင်းအနှီး အများ ဆုံး ဖြစ်တယ်။

ကာဇက်စတန် အုပ်စိုးသူတွေရဲ့ ခနဉစ္စာ အမြောက်အမြားကို အနောက်နိုင်ငံတွေနဲ့ ပင်လယ်ကွေ့ တိုင်းပြည်တွေမှာ သိုဝှက်ထားကြတယ်။ Nazerbayev ရဲ့ ပြည်တွင်း ပေါ်လစီက အနောက် ဆန့်ကျင်ရေး မဟုတ်ဘူး။ ရုရှား ဆန့် ကျင်ရေး ကာဇက် အမျိုးသားရေးဝါဒသာ ဖြစ်တယ်။ ဒ့ါကြောင့်လည်း ကာဇက် ဘာသာစကားသုံး ပြည်သူတွေနဲ့ ရုရှား ဘာသာစကားသုံး ပြည်သူတွေကြား အန္တရာယ်ကြီးမားလှတဲ့ ချောက်ကမ်းပါးကြီး ခြားနေစေခဲ့တယ်။

အမေရိကန် နယ်ချဲ့အဖို့ ကာဇက်စတန်ထဲ ဝင်လာမယ့် အစီအစဉ် မရှိပါဘူး၊ သူက အဲဒီနိုင်ငံမှာ နဂိုကတည်းက ရှိနေပြီးသား၊ ကာဇက်စတန်ကနေ အမြတ်တွေ ရနေပြီးသား။ ကာဇက်စတန် အုပ်စိုးသူ လူတန်းစားအဖို့လည်း အမေရိကန်နဲ့

ပေါင်းပြီး အမြတ်တွေ ရနေခဲ့တယ်။ အမေရိကန် State Department ပြောရေးဆိုခွင့်ရ Ned Price ရဲ့ ကြေညာချက်ကို ကြည့်တာနဲ့ သူတို့ကြား ဆက်ဆံရေးကို ကောင်းကောင်း မြင်ရမယ် - "ကာဇက်စတန် အစိုးရ အနေနဲ့ အခြေခံအားဖြင့် စီးပွားရေး၊ နိုင်ငံရေး သဘောသဘာဝရှိတဲ့ ပြဿနာတွေကို မကြာခင်မှာ ကိုင်တွယ်နိုင် လိမ့်မယ်လို့ အမေရိကန်က မျှော်လင့်ပါတယ်။" အမေရိကန်ဟာ ဗဟိုအာရှ နိုင်ငံရဲ့ "ပါတနာ" ဖြစ်ကြောင်း Price က အလေးပေး ပြောသွားခဲ့တယ်။

အမေရိကန်ရဲ့ Secretary of State ဖြစ်သူ Secretary of State က ကာဇက်စတန် နိုင်ငံခြားရေး ဝန်ကြီး Mukhtar Tileuberdi နဲ့ စကားပြောရာမှာ "ကာဇက်စတန်ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အင်စတီကျူးရှင်းတွေနဲ့ မီဒီယာ လွတ်လပ်ခွင့်တွေကို အမေရိကန်က အပြည့်အဝ ထောက်ခံထားကြောင်း၊ လက်ရှိ အကြပ်အတည်းကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လူ့အခွင့်အရေး လေးစားပြီး ဖြေရှင်းသွားဖို့ တိုက်တွန်းထားကြောင်း" ထပ်ပြောထားတယ်။ ဒီစကားတွေဟာ ကာဇက်စတန်နိုင်ငံထဲ ဝင်ဖို့ တာဆူနေတဲ့ နယ်ချဲ့ပါဝါတခုရဲ့ စကားတွေ မဟုတ်ဘူး။ အဲဒီ တိုင်း ပြည်ရဲ့ တည်ငြိမ်မှုကို စိုးရိမ်ကြောင့်ကြနေရတဲ့ နယ်ချဲ့ပါဝါတခုရဲ့ စကားသံတွေ။ အဲဒီတိုင်းပြည်အတွင်းက သူ့အကျိုးစီးပွားတွေကို ကာဇက်စတန် အစိုးရက အာမခံချက်ပေးနိုင်ပါ့မလား ပူပန်နေရတဲ့ နယ်ချဲ့ပါဝါရဲ့ စိုးရိမ် စကားတွေ။ အမေရိကန်အနေနဲ့ စစ်ရေးအရ ကြားဝင်ချင်ရင်တောင် မဝင်နိုင်တဲ့ အခြေအနေကို လစ်ဟပြလိုက် တာပဲ။

ရုရှားကတော့ ကာဇက်စတန်မှာ ဖြစ်နေတဲ့ အခြေအနေတွေကို တုန်လှုပ်ခြောက်ခြားပြီး စောင့်ကြည့်နေရတယ်။ ဘယ်လာရုပ်(စ်)မှာ ဖြစ်သွားတဲ့ လူထု အရေးတော်ပုံလိုပဲ ကာဇက်စတန် တော်လှန်ရေးကလည်း ရုရှားရဲ့ တည်ငြိမ်မှုကို ခြိမ်းခြောက်လာနိုင်တယ်။ ရုရှားလူထုကလည်း ကာဇက်စတန် လူထုလို အလားတူ ဒုက္ခတွေ ခံနေရတာ။ ဒါ့ကြောင့် ရုရှား စစ်တပ်တွေ ကာဇက်စတန်အတွင်း ဝင်လာခြင်းဟာ သူ့ပြည်တွင်းအရေးအတွက် အရေးကြီးတဲ့ ရည်ရွယ်ချက် ရှိနေတယ်။ ဒီလို ဝင်ကူပေးရလို့လည်း ပူတင်က ကာဇက်စတန် အစိုးရဆီကနေ 'အဖိုးအခ' ပြန်တောင်းမှာ အသေအချာပဲ။ ဘယ်လာရုပ်(စ်) အစိုးရဆီကနေ ကျိုးနွံမှု တောင်းသလိုမျိုး ပူတင်က ကာဇက်စတန် အစိုးရဆီကလည်း တောင်းမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်ကတော့ ဒီအခြေအနေကို ဘာမှ မတတ်နိုင်ဘူး။ ကာဇက်စတန်အတွင်းက သူ့အကျိုးစီးပွားတွေ ကာကွယ်ပေးဖို့ ရုရှားအပေါ် ပိုပြီး မှီခိုရမယ့်ကိန်း။

## ဘယ်လမ်းကနေ ရှေ့ဆက်ကြမလဲ


ကျနော်တို့ မြင်တွေ့နေရတာ အရောင် တော်လှန်ရေး မဟုတ်ဘူး၊ စီအိုင်အေ ကြိုးကိုင်ထားတဲ့ လျှို့ဝှက်စီမံကိန်း မဟုတ်ဘူး၊ ကာဇက်စတန် အုပ်စိုးသူ လူတန်းစားဝင် ဂိုဏ်းတွေကြားက နန်းလုပွဲလည်း မဟုတ်ဘူး။ အလုပ်သမားတွေ၊ လူငယ်တွေ၊ ဆင်းရဲသား ကျောမွဲတွေရဲ့ စစ်မှန်သော တော်လှန်ရေး လှုပ်ရှားမှုတခု ဖြစ်တယ်။

စက်မှု အလုပ်သမား လူတန်းစားရဲ့ ရှေ့တန်းအရောက်ဆုံး

အလွှာတွေ ကျင့်သုံးခဲ့တဲ့ စည်းရုံးဖွဲ့စည်းမှုဆိုင်ရာ တိုက်ပွဲနည်းနာတွေနဲ့ လုပ်ငန်းစဉ်အပေါ် အခြေခံထားတဲ့ တော်လှန်ရေး လှုပ်ရှားမှုဖြစ်တယ်။ (သပိတ်တွေ၊ လူထု စုဝေးချီတက်ပွဲကြီးတွေ၊ အစရှိတဲ့) တိုက်ပွဲနည်းနာတွေနဲ့ လူမှု စီးပွားဆိုင်ရာ တောင်းဆိုချက်တွေ၊ ဒီမိုကရက်တစ် တောင်းဆိုချက်တွေပါတဲ့ လုပ်ငန်းစဉ်ဟာ အများကြီး ထိရောက်မှုရှိခဲ့တယ်။ ဒီအချက်ကို အရေးတော်ပုံ တရှိန်ထိုး ရှေ့ဆက် ချီတက်သွားခဲ့ခြင်းက သက်သေပြနေတယ်။ ၄ ရက်အတွင်း နိုင်ငံတော် အဆောက်အအုံကြီးတခုလုံးကို ဖြိုချနိုင်တော့မယ့်အထိ ခြိမ်းခြောက်နိုင်ခဲ့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ခေါင်းဆောင်မှုနဲ့ အဖွဲ့အစည်းပြဿနာက ဒီလှုပ်ရှားမှုရဲ့ အဓိက အားနည်းချက် ဖြစ်နေဆဲ။ တပြည်လုံးအတိုင်းအတာနဲ့ လွှမ်းခြုံထားနိုင်တဲ့ အလုပ်သမား အဖွဲ့အစည်းကြီး မရှိတော့ သပိတ်တိုက်ပွဲတွေကို တနိုင်ငံလုံးအတိုင်းအတာနဲ့ တော်လှန်ရေး အထွေထွေ သပိတ်အဆင့်အထိ မချဲ့ထွင်နိုင်ခဲ့ဘူး ဒါမှမဟုတ် အစိုးရ ဘက်က လျှပ်တပြက်ထုတ်သုံးလာတဲ့ ခွဲ့ကွက်တွေကို တုံ့ပြန်နိုင်စွမ်း မရှိခဲ့ဘူး။ လူဦးရေရဲ့ ၂၀%ရှိသော ရုရှား ဘာသာစကားပြော ပြည်သူတွေကိုလည်း တော်လှန်ရေးဘက် ပူးပေါင်းလာအောင် စနစ်တကျ စည်းရုံးရေး ကမ်းပိန်းတခု မလုပ်နိုင်ခဲ့ဘူး။

တကယ်လို့သာ ကျယ်ပြန့်လှတဲ့ လူထုကြီး လမ်းမပေါ်ကနေ ပြန်ခေါက်သွားခဲ့ရင် ဘူဇွာ လစ်ဘရယ် အစိတ်အပိုင်း တွေက ဒီလှုပ်ရှားမှုရဲ့ လက်ကျန်တွေကို သူတို့လက်အောက် ထိန်းချုပ်ထားဖို့ ကြိုးပမ်းလာလိမ့်မယ်။ လစ်ဘရယ် ဘူဇွာတွေရဲ့ ခွဲ့ကွက်တွေကို တန်ပြန်ဆန့်ကျင်နိုင်တဲ့ နိုင်ငံလုံးဆိုင်ရာ အလုပ်သမား ပါတီကြီးနဲ့ ခေါင်းဆောင်မှု ခိုင်ခိုင်မာမာ ရှိမနေတဲ့အခါ သူတို့လုပ်ရပ် အောင်မြင်သွားနိုင်တယ်။ သို့သော်လည်း အရေးတော်ပုံအတွင်း မတူညီ တဲ့ တိမ်းညွှတ်မှုအင်အားစု အသီးသီးကြား တိုက်ပွဲကို တင်ကူး ပြဌာန်းထားတာမျိုး မရှိပါဘူး။ လက်ရှိ လှုပ်ရှားမှု ကို ဖောက်ပြန်တဲ့ လှုပ်ရှားမှုလို့ ဝိသေသတပ်လိုက်ခြင်းဟာ ဒီတိုက်ပွဲကို အစကတည်းက အရှုံးပေးလိုက်ရာရောက် နေပြီ။ အမှန်တကယ် လိုအပ်နေတာက ရှေ့တန်းအရောက်ဆုံး တော်လှန်ရေး အင်အားစုတွေက ဒီအဖြစ်အပျက် တွေကနေ သင်ခန်းစာ ထုတ်ယူပြီး အလုပ်သမား လူတန်းစားနဲ့ လူငယ်တွေထဲက



ရှေ့တန်းအရောက်ဆုံး အစိတ် အပိုင်းတွေကို အခြေခံထားတဲ့ တော်လှန်ရေး ခေါင်းဆောင်မှုတခု တည်ဆောက်နိုင်အောင် စတင်တိုက်ပွဲဆင်ဖို့ပဲ။

ဒီနေရာမှာတော့ Aynur Kurmanov ရဲ့ အယူအဆကို သဘောမတူပါဘူး။ သူ့အလိုအရ လစ်ဘရယ် ဘူဇွာ အတိုက် အခံအင်အားစုတွေ အာဏာရလာရင်တောင် အလုပ်သမား လူတန်းစားအဖို့ တနည်းတဖုံ အကျိုးရှိနိုင်သေးတယ်၊ အပေါ်မှာ ကိုးကားထားတဲ့ အင်တာဗျူးမှာပဲ သူက အခုလို ဆက်ပြောထားသေးတယ် -

ကာဇက်စတန်မှာ ရှိနေတဲ့ လက်ဝဲအဖွဲ့တွေက circles အစုလေးတွေအဆင့်ပဲ ရှိနေသေးတယ်၊ ဒီအရေးတော်ပုံ လမ်းကြောင်းတခုလုံးကို လွှမ်းမိုးနိုင်လောက်အောင် အင်အား မကြီးသေးဘူး။ အော်လီဂါးခီ အင်အားစုတွေ၊ ပြင်ပ အင်အားစုတွေက ဒီလှုပ်ရှားမှုကို သူတို့ရည်ရွယ်ချက်တွေအတိုင်း ထိန်းချုပ်ခြယ်လှယ်ဖို့ ကြိုးစားကြလိမ့်မယ်။ သူတို့နိုင်သွားရင် ဘူဇွာ လူတန်းစားရဲ့ အုပ်စုအသီးသီးကြား ပိုင်ဆိုင်မှု ပြန်လည်ခွဲဝေရေး ပြဿနာတွေနဲ့ ထိပ်တိုက်ရင်ဆိုင်လာကြလိမ့်မယ်၊ အားလုံးက အားလုံးကို ဆန့်ကျင်တဲ့ စစ်ပွဲတခု အစပြုလိမ့်မယ်။ ဒါပေမယ့် ဘယ် လိုပဲဖြစ်ဖြစ် အလုပ်သမားထုအဖို့ တချို့သော လွတ်လပ်မှုတွေ ရလာလိမ့်မယ်၊ အခွင့်အလမ်း အသစ်တွေ ရလာ လိမ့်မယ်။ အလုပ်သမား လူတန်းစားရဲ့ ကိုယ်ပိုင် ပါတီတွေ၊ လွတ်လပ်သော သမဂ္ဂတွေ ဖွဲ့စည်းခွင့် ရလာလိမ့်မယ်၊ ဒီအခွင့်အလမ်းအသစ်တွေဟာ အနာဂတ်ကာလ သူတို့အခွင့်အရေးအတွက် တိုက်ပွဲဝင်နိုင်အောင် ကူညီပံ့ပိုးပေး လိမ့်မယ်။

ဒီလိုမျိုး ထင်ရောင်ထင်မှားဖြစ်မှုတွေကို ကျနော်တို့ ကြိုတင် သတိပေးရမယ်။ အလုပ်သမား လူတန်းစားနဲ့ တော်လှန်ရေး လှုပ်ရှားမှုကို ဘူဇွာ လစ်ဘရယ် အင်အားစုတွေ အာဏာရလာအောင် ထမ်းတင်ရေးအဖြစ် သဘောထား လို့ မဖြစ်နိုင်ဘူး။ လစ်ဘရယ် ဒီမိုကရက်တစ် အတိုက်အခံတွေရဲ့ အခန်းက အရေးတော်ပုံရဲ့ လူတန်းစား သဘာဝ ကို ဝေဝါးသွားအောင် လုပ်ဖို့၊ လူ့အဖွဲ့အစည်းအတွင်းက လူတန်းစား ပဋိပက်ခတွေကို ဝေဝါးသွားအောင် လုပ်ဖို့ ဖြစ်တယ်။ ဗမာပြည်က NLD, ယူကရိန်းက Maidan လှုပ်ရှားမှုနဲ့ မရေမတွက်နိုင်အောင် များပြားလှသော တခြား တော်လှန်ရေး အတွေ့အကြုံတွေက သင်ကြားပြသခဲ့သလိုပဲ လစ်ဘရယ် အတိုက်အခံတွေရဲ့ အခန်းက စနစ်ကို ကယ်တင်ဖို့သာ ဖြစ်တယ်။ သူတို့ဟာ လူထုရဲ့ ရန်သူတွေ၊ တော်လှန်ရေးသမားတွေအနေနဲ့ ဒီလို အင်အားစုတွေ အပေါ် အလျှော့ပေးခြင်းကို ဆန့်ကျင်တိုက်ပွဲဝင်ကြရမယ်။ ဒီလို ဖောက်ပြန်ရေးသမားတွေနဲ့ ပူးပေါင်းခြင်း ဒါမှ မဟုတ် ပူးပေါင်းလိုခြင်းဟာ အရေးတော်ပုံကို လိုက်စားရာရောက်လိမ့်မယ်။ အရင်းရှင် အော်လီဂါးတွေထဲက မတူ ကွဲပြားတဲ့ ဂိုဏ်းတခုအာဏာရလာခြင်းဟာ အလုပ်သမားထု ရင်ဆိုင်နေရတဲ့ ဘယ်ပြဿနာကိုမှ ဖြေရှင်းပေးနိုင် မှာ မဟုတ်ဘူး။ ဒီမိုကရက်တစ် ဖြစ်သယောင်၊ လစ်ဘရယ်ဆန်သယောင် ပုံဖမ်းထားပေမယ့် အဲဒီဂျန်းတဲမန်းတွေ အာဏာရလာခဲ့ရင် လက်ဝဲ နိုင်ငံရေးပါတီတွေ၊ အလုပ်သမား သမဂ္ဂတွေကို အရင်လို ပိတ်ပင်တားမြစ်တာတွေ မလုပ်ပါဘူးလို့ ဘာအာမခံချက်မှ မရှိဘူး။ လက်ဝဲသမား တက်ကြွလှုပ်ရှားသူတွေ၊ အလုပ်သမား တက်ကြွလှုပ်ရှားသူတွေကို ထောင်မချပါဘူးလို့ ဘာအာမခံချက်မှ မရှိသလို လူထုလှုပ်ရှားမှုတွေကို အကြမ်းဖက် နှိပ်ကွပ်ပြီး မတုံ့ပြန်ပါဘူးလို့လည်း မပြောနိုင်ဘူး။

(အဲဒီလစ်ဘရယ် အများစုက မကြာသေးခင် အချိန်အထိ Nazarbayev အစိုးရအဖွဲ့မှာ ပါဝင်ခဲ့သူတွေ)။

အလုပ်သမားထု၊ ဆင်းရဲသား လူထုက ကာဇက်စတန် တော်လှန်ရေးကို ဆုံးခန်းတိုင် ဆင်နွှဲဖို့ဆိုရင် သူတို့ကိုယ်ပိုင် စွမ်းအားကိုပဲ အားထားစရာရှိတယ်။ ရက်အနည်းအတွင်းမှာပဲ ရယ်ဒီကယ်ဆန်တဲ့ အလုပ်သမား လူတန်းစား နည်းနာတွေ၊ တောင်းဆိုချက်တွေပေါ် အခြေခံထားတဲ့ လူထုလှုပ်ရှားမှုကြီးဟာ လစ်ဘရယ် အန်ဂျီအိုတွေ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း အိပ်မက်တောင် မမက်နိုင်ခဲ့တဲ့ အရာတွေကို အောင်မြင်အောင် စွမ်းဆောင်ပြနိုင်ခဲ့တယ်။ ကာဇက်စတန် လူထုက အောင်ပွဲတွေ တသီကြီးရခဲ့တယ်၊ အစိုးရကက်ဘိနက်အဖွဲ့နဲ့ အာဏာရှင်ဟောင်းကို ဖယ်ချနိုင်ခဲ့တယ်။ ဒီတိုက်ပွဲကို အခုထက် ပိုနက်ရှိုင်းအောင် လုပ်မှသာ တော်လှန်ရေးကို အဆုံးထိ ဆင်နွှဲနိုင်မယ်၊ ပုပ်သိုးဆွေးမြေ့နေတဲ့ စနစ်တခုလုံးကို ဖြိုချနိုင်မယ်။


http://www.marxist.com/kazakhstan-president-calls-in-foreign-troops-to--smash-protest-movement.htm

http://www.marxist.com/kazakhstan-fuel-price-protests-lead-to-uprising.htm



ကိုတင်ဦး

# ဓနဉစ္စာ ပြန်လည်ခွဲဝေခြင်း အယူအဆအပေါ် မာ့(ခ်)စ်)ဝါဒအမြင်




အရင်းရှင်စနစ် ယိုင်နဲ့လာလေ ဆင်းရဲမွဲတေခြင်း၊ အလုပ်လက်မဲ့ ပေါများခြင်း၊ လက်တဆုပ်စာ လက်ဝါးကြီးအုပ် အရင်းရှင် လူတန်းစားလက်ထဲ ဒေါ်လာတွေ ဘီလျံပေါင်းများစွာ စုံပုံနေချိန် အများစုသော ကမ္ဘာ့လုပ်သားထုမှာ မလောက်မငနဲ့ အသက်ဆက်နေရခြင်း အစရှိတဲ့ လူမှုအနာရောဂါ လက္ခဏာတွေဟာ မမြင်ချင်မှအဆုံး ပေါ်လွင် ထင်ရှားလာတယ်။ ဒီလို ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာခြင်းကို ကြုံတွေ့လာရတဲ့အခါ သဘာဝအလျောက် တုံ့ပြန်မှုတွေ ပေါ်ထွက်လာတယ်။ ဆင်းရဲချမ်းသာကွာဟမှု Inequality ကြီးမားလာခြင်းကို တန်းတူညီမျှ equality

ဖြစ်အောင်လုပ်ဖို့ တောင်းဆိုသံတွေ ညံလာတယ်။

'အခုလို ဆင်းရဲချမ်းသာ ကွာဟနေခြင်းဟာ ဓနဥစ္စာခွဲဝေမှု မညီမျှလို့ ဖြစ်နေတာ၊ ဒါ့ကြောင့် ဆင်းရဲချမ်းသာကွာဟ မှုကို တိုက်ဖျက်ဖို့/ လျှော့ချဖို့ မျှတတဲ့ ခွဲဝေမှု fair distribution လုပ်ရမယ်၊ ဒီလိုလုပ်ဖို့ ဓနဥစ္စာ ပြန်လည်ခွဲဝေခြင်း wealth redistribution နည်းတွေကို တင်ပြလာကြတယ်'။ ဒီလိုနည်းနဲ့ အရင်းရှင်စနစ်ကြောင့် ထွက်ပေါ်လာတဲ့ ရောဂါလက္ခဏာတွေကို ကုစားလို့ရမယ် ထင်နေကြတယ်။ ဒါကို တချို့က မာ့(ခ်စ်) ဝါဒီတွေရဲ့အယူအဆလို့ ထင်နေကြတာ ရှိတယ်။ မာ့(ခ်စ်)ဝါဒီလို့အမည်ခံထားတဲ့ လူတွေ၊အဖွဲ့အစည်းတွေ ကတောင် တန်းတူညီမျှမှု၊ မျှတတဲ့ ခွဲဝေ မှု စသဖြင့် ကြွေးကြော်လာကြတာ တွေ့နေရတယ်။ ဒါဟာ မာ့(ခ်စ်)ဝါဒအမြင်နဲ့ လုပ်ငန်းစဉ် မဟုတ်ကြောင်း ကန ဦး ကြို ပြောထားချင်ပါတယ်။

တက္ကသိုလ်ဘုန်းနိုင်လို ကွန်မြူနစ် ဆန့်ကျင်ရေး တစိုက်မတ်မတ် လုပ်ခဲ့သူကတောင် ဒီလိုပြောခဲ့သေးတယ်။ "ကျနော်ကိုင်စွဲတဲ့ လောကအမြင်ကိုသာ ကျနော်ပြောပြပါမယ်။ ၁၉၅၈ခု မတ်လထုတ် မြဝတီမဂ္ဂဇင်းမှာ မုန်းရစ် လေဦး ဝတ္ထုကို ကျနော်ရေးခဲ့တယ်။ အဲဒီဝတ္ထုထဲက ဇာတ်လိုက် ကိုသက်ပန်ဟာ ကျနော့်ကိုယ်စား ကျနော်ကိုင်စွဲ တဲ့ လောကအမြင်ကို ပြောပြခဲ့တယ်။ ဘယ်လို ပြောပြသလဲဆိုတော့ (၁)ပစ္စည်းဟာ တောင်လိုမောက်တဲ့ နေရာမှာ မောက်ပြီး ချိုင့်လိုနိမ့်တဲ့ နေရာမှာ နိမ့်နေသမျှကာလပတ်လုံး



ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတာ မရနိုင်ဘူး။ (၂) သာယာသော လူ့ဘောင်ကြီးဖြစ်လာဖို့ ရုပ်ကိုချည်း အာဟာရမပေးရဘူး၊ နာမ်ကိုလဲ အာဟာရပေးရမယ်။ အဲဒီလောက အမြင်နှစ်ရပ်ဟာ ဘုန်းနိုင်ရဲ့ လောကအမြင်နှစ်ရပ်ပါ။" (စာမျက်နှာ ၃၀၊ ဘုန်းနိုင့်အတွေး ဘုန်းနိုင့်အမြင်)

ကွန်မြူနစ် ဆန့်ကျင်ရေးသမား တက္ကသိုလ်ဘုန်းနိုင် က ဓနဥစ္စာခွဲဝေမှု မညီမမျှ ဖြစ်နေခြင်းကို အရင်းခံ အကြောင်းတရားအဖြစ် မြင်နေ တာ တွေ့ရလိမ့်မယ်။

ဒုတိယကမ္ဘာစစ်အပြီး အရင်းရှင်စနစ် နာလန်ပြန်ထလာတဲ့အခါ ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်တချို့မှာ ဓန ဥစ္စာ ပြန်လည်ခွဲဝေခြင်း အစီအမံတွေ ပြုလုပ်ပြီး (welfare state) ထူထောင်ခဲ့ကြတယ်၊ ဒီလိုနည်းနဲ့ လူထုအုံကြွ မှုတွေ မဖြစ်အောင် ထိန်းထားပြီး အရင်းရှင်စနစ်ကို သက်ဆိုးရှည်စေခဲ့တယ်။ ၁၉၇၀ နောက်ပိုင်း အရင်းရှင်စနစ် အကြပ်ဆိုက်လာတဲ့အခါ စကန်ဒီနေးဗီးယား တိုင်းပြည်တွေက ဒီ 'welfare state' တွေလည်း ယိုင်နဲ့လာခဲ့တယ်။ အစိုးရက အများပြည်သူဆိုင်ရာ အသုံးစရိတ် ဖြတ်တောက်လာတဲ့ အတင်းအကြပ် ခြိုးခြံချွေတာရေး austerity ပေါ်လစီတွေ ကျင့်သုံးလာခဲ့တယ်။ ၂၀၀၈ စီးပွားပျက်ကပ် အပြီးမှာ အရင်းရှင်စနစ်က ကောင်းကောင်း နာလန်ပြန် မထူတော့ပါဘူး။ ဒီလိုအခြေအနေမှာ ဓနဥစ္စာ ပြန်လည်ခွဲဝေခြင်း အယူအဆတွေ တကျော့ပြန် ခေတ်စားလာပြန်တယ်။

လူသားတိုင်းကို အခြေခံ လုပ်ခ လစာ ခွင်းချက်မရှိပေးရေး (Universal Basic Income) ကြွေးကြော်သံတွေ ပွက်လောညံလာတယ်။ လက်ဝဲဘက် ကရော၊ လက်ယာ လစ်ဘာတေးရီးယန်းသမားတွေကပါ UBI ကို တောင်းဆိုလာကြတယ်။ ဗြိတိန် လေဘာပါတီက လက်ဝဲသမားတဦးဖြစ်တဲ့ စစ်ပြန် John McDonnell ကဆိုရင် UBI ဟာ လေဘာပါတီ စီးပွားရေး လုပ်ငန်းစဉ်ရဲ့ ဗဟိုချက်မှာ ရှိနေတယ်လို့တောင် ပြောခဲ့တယ်။ "ပြင်သစ်ရဲ့ ကိုဘင်"လို့ ခေါ်ကြတဲ့ Benoit Hamon ကလည်း သူ သာ သမ္မတအဖြစ် ရွေးကောက်ခံရရင် UBI ကို အကောင်အထည် ဖော်ပေးမယ်လို့ ကတိပြုခဲ့တယ်။ အခုတခါ ကို ဗစ်-၁၉ ကပ်ဘေး အစပျိုးပေးလိုက်တဲ့ ကမ္ဘာ့ စီးပွားပျက်ကပ်မှာ UBI ကို ကျယ်ကျယ်လောင် လောင်လေး တောင်းဆိုလာကြပြန်ပြီ။

လူချမ်းသာတွေကို အခွန်တိုးကောက်ပြီး ပြည်သူတွေကို ဝန်ဆောင်မှု တိုးမြှင့်ပေးတာ၊ အခု ခေတ်စားနေတဲ့ လူ တိုင်းခြွင်းချက်မရှိ အခြေခံလစာ ရရှိရေး တောင်းဆိုတာ အားလုံးဟာ အရင်းရှင်စနစ်ကို အုတ်မြစ်က မဖြိုဘဲ အ ရင်းရှင်စနစ် ဘောင်ထဲကနေ ပြုပြင်ဖာထေးပြီး အသက်ဆက်ဖို့ ကြိုးစားခြင်းသာ ဖြစ်တယ်။ မာ့(ခ်စ်)ဝါဒီတွေဟာ စစ်မှန်တဲ့

ပြုပြင်ပြောင်းလဲရေးတွေကို ထောက်ခံကြပါတယ်။ ပြုပြင်ပြောင်းလဲရေးဆိုတိုင်း ဆန့်ကျင်နေတာတော့ မဟုတ်ပေ။ ဒါပေမယ့် အရင်းရှင်စနစ်ရဲ့ အခြေခံအုတ်မြစ်အထိ သွားမတို့ရဲဘဲ ဒီပြောင်းလဲမှုတွေမှာတင် လမ်းဆုံး နေရင် reformism ကို ကျင့်သုံးလာရင် ပြတ်ပြတ်သားသား ဆန့်ကျင်ကြတယ်။ ဒါကယေဘုယျသဘောထားပါ။

တကယ်တော့ UBI ကို လစ်ဘာတေးရီးယန်းတွေ ထောက်ခံနေတာ ပြုပြင်မှုလုပ်ဖို့တောင် မဟုတ်ပါ။ လူတိုင်း ကို ခြွင်းချက်မရှိ အခြေခံဝင်ငွေတခု ပေးထားပြီး အရင်းရှင် ဈေးကွက်စီးပွားရေးကို အဟန့်အတားဖြစ်စေတဲ့ အနိမ့် ဆုံး လုပ်ခလစာ သတ်မှတ်ချက်တွေကို ပယ်ဖျက်ပစ်ဖို့၊ အစိုးရက အရင်းရှင်လုပ်ငန်းတွေကို ဝင်ငွေခွန် တိုးကောက် ပြီး (ပညာရေး၊ ကျန်းမာရေး) စတဲ့ ပြည်သူ့ဝန်ဆောင်မှုတွေအတွက် သုံးစွဲနေတာကို ပယ်ဖျက်ပြီး ဒီကဏ္ဍတွေကို ပုဂ္ဂလိကပိုင်ပြုဖို့ ပြောလာကြတယ်။ ဒီတော့ အလုပ်သမား လူတန်းစား တိုက်ပွဲဝင်ခဲ့လို့ ရရှိထားတဲ့ ပြုပြင်ပြောင်းလဲမှု အသီးအပွင့်တွေကို ပယ်ဖျက်ပစ်ဖို့ လုပ်လာခြင်းဖြစ်တယ်။ ညာလက်နဲ့ UBI ပေးပြီး ဘယ်လက်နဲ့ ပြန်လုသွား ခြင်းဖြစ်တယ်။ ဒါ့ကြောင့် UBI ဟာ ပြုပြင်ပြောင်းလဲရေးတောင်မဟုတ်ဘဲ တန်ပြန် ပြုပြင်မှု counter-reform သာ ဖြစ်တယ်။

အခု ကမ္ဘာ့အရင်းရှင်စနစ်ဟာ အကြပ်ဆိုက်နေပြီ။ အရင်းရှင်စနစ် အကြပ်အတည်းဆိုတာ overproduction crisis သာဖြစ်တယ်။ (overproduction crisis ကို သီးသန့် စာတပုဒ်ရေးပြီး ဆွေးနွေးပါဦးမယ်)။ ဒီလို အကြပ်ဆိုက်နေ ချိန်မှာ အရင်းရှင်တွေလက်ထဲ ရောင်းကုန်တွေက စုပြုံနေတယ်။ ကျန်တဖက်မှာကျ အလုပ်လက်မဲ့ဖြစ်လို့၊ အလုပ် ရှိတော့လည်း နှစ်ပဲခြောက်ပြား လုပ်ခလစာလေးပဲရလို့ အလုပ်သမားထုဟာ ဒီရောင်းကုန်တွေကို မဝယ်နိုင်ဘူး။ အရင်းရှင် လူတန်းစားက အလုပ်သမား လူတန်းစားရဲ့ surplus labor ကို သွေးစုပ်ခိုင်းစေရာက အပိုစောင်းရလိုက် တဲ့ surplus value ကို လက်တွေ့ အမြတ်အဖြစ် ရရှိဖို့ဆိုရင် ရောင်းကုန်တွေအားလုံး ရောင်းစွံရမယ်။ အခုလို အလုပ်သမားထုလက်ထဲ ဝယ်စရာလက်မဲ့ ဖြစ်နေတော့ သင်းတို့ ရောင်းကုန်တွေ မစွံတော့။ ဒီအခါ သင်းတို့လည်း surplus value ကို အမြတ်အဖြစ် ပြောင်းလဲမရနိုင်တော့။ ဈေးကွက်ဟာလည်း ကမောက်ကမ ဖြစ်ကုန်မယ်။ ကုန်ထုတ်လုပ်ငန်းတွေ တုံ့ဆိုင်းကုန်မယ်။ ဒါကို ဖြေရှင်းဖို့ အလုပ်သမားတွေလက်ထဲ UBI ထည့်ပေးဖို့ လစ်ဘာတေး ရီးယန်းတွေက တောင်းဆိုလာကြခြင်း ဖြစ်တယ်။ ဒီလိုနည်းနဲ့ အရင်းရှင်စနစ် အကြပ်အတည်းကို ကျော်လွှားနိုင် လိမ့်မယ် စိတ်ကူးယဉ်နေကြတယ်။

လက်ဝဲလှုပ်ရှားမှုအတွင်းက ပြုပြင်ပြောင်းလဲရေးဝါဒီတွေကတော့ အရင်းရှင်စနစ် အကြပ်ဆိုက်လို့ ကမ္ဘာတလွှား လူတန်းစားတိုက်ပွဲတွေ ပြင်းထန်လာချိန် တော်လှန်ရေးဆင်နွှဲရမယ့်အစား ဓနဥစ္စာ ပြန်လည်ခွဲဝေခြင်းလို ပြုပြင်ရေးအဆင့်ကို လျှော့ချလိုက်ခြင်းသာ ဖြစ်တယ်။

UBI အပါအဝင် ဓနဥစ္စာပြန်လည်ခွဲဝေခြင်း အယူအဆအားလုံးဟာ distribu-

tuion ကို ကုန်ထုတ်လုပ်မှုဖြစ်စဉ်က သတ်မှတ်ပြဌာန်းထားတယ်လို့ မမြင်ဘဲ သီးခြားရပ်တည်နေတယ်လို့ ထင်ယောင်ထင်မှား ဖြစ်နေတယ်။ ဒါ့ကြောင့် အရင်းရှင် ကုန်ထုတ်စနစ်ကို မတို့မထိပဲ၊ ဖြန့်ဝေခြင်းစနစ်ကိုသာ သီးခြား ပြဿနာအဖြစ် မြင်နေခြင်းဖြစ်တယ်။ ဒီ အချက်နဲ့ပတ်သက်လို့ အန်းဂယ်(စ်)က Duhring ကို အခုလို ထောက်ပြခဲ့တယ်။

"Duhringian economics comes down to the following proposition: the capitalist mode of production is quite good and can remain in existence, but the capitalist mode of distribution is of evil, and must disappear" (page- 343, Anti-Duhring by F. Engels)

ကုန်ထုတ်စနစ်ကသာ အခြေခံဖြစ်တယ်၊ ကုန်ပစ္စည်းတွေ ခွဲဝေဖြန့်ဖြူးတဲ့စနစ်ဟာ ကုန်ထုတ်စနစ်ပေါ် မူတည်ပြီး အလိုက်သင့် ဖြစ်ထွန်းလာခြင်း ဖြစ်တယ်။ ဒါကို နားမလည်တော့ ခနဉစ္စာ ပြန်လည်ခွဲဝေခြင်း အစီအမံတွေ အသုံး ပြုပြီး အရင်းရှင်စနစ်ကို ကုစားလို့ရမယ် စိတ်ကူးယဉ်နေကြတယ်။ လွန်ခဲ့တဲ့ နှစ် ၁၅၀ လောက်ကတည်းက Duhring စိတ်ကူးယဉ်ခဲ့ပြီး ဖြစ်တယ်။

"သမိုင်းရေး ရုပ်ဝါဒအမြင်ဟာ ဒီအခြေခံ ယူဆချက်ကနေ အစပြုတယ်။ (လူသားအသက်ရှင် ရပ်တည်ရေး လိုအပ် ချက်တွေ) ထုတ်လုပ်ခြင်း၊ ဒီကုန်ထုတ်ဖြစ်စဉ် နောက်မှာတွဲပါလာတဲ့ ထုတ်ပြီးသား ကုန်ပစ္စည်းတွေကို ဖလှယ်ခြင်း ဟာ လူ့အဖွဲ့အစည်းအားလုံးရဲ့ အခြေခံပဲ။ သမိုင်းတလျှောက် ပေါ်ထွန်းလာသမျှ လူ့အဖွဲ့အစည်းအားလုံးမှာ ခနဉစ္စာတွေ ဘယ်လို ခွဲဝေတယ်၊ လူတန်းစားတွေ ဘယ်ပုံ ကွဲထွက်သွားတယ်ဆိုတာ အဲဒီလူ့အဖွဲ့အစည်းအတွင်း 'ဘာ တွေထုတ်တယ်၊ ဘယ်လို ထုတ်တယ်၊ ဘယ်လို ဖလှယ်ကြတယ်' ဆိုတဲ့ အချက်အပေါ် မူတည်နေတယ်။ ဒီသမိုင်း ရေးအမြင်အရ လူ့အဖွဲ့အစည်း ပြောင်းလဲမှုအားလုံး၊ နိုင်ငံရေး တော်လှန်ရေးအားလုံးရဲ့ လက်သည် အကြောင်း တရားကို ကုန်ထုတ်စနစ် အပြောင်းအလဲတွေမှာပဲ ရှာတွေ့ရမယ်၊ လူတွေရဲ့ ဦးနှောက်ထဲ ရှာမတွေ့နိုင်ဘူး၊ ထာဝရ အမှန်တရားနဲ့ တရားမျှတမှုအတွင်း ရှာမတွေ့နိုင်ဘူး။ အဲဒီလူ့အဖွဲ့အစည်း ရောက်ရှိနေတဲ့ ခေတ်ရဲ့ ကုန်ထုတ် စီးပွားရေးမှာ ရှာဖွေရမယ်၊ အဘိဓမ္မာထဲ ရှာမတွေ့နိုင်ဘူး။" (page-305, Ibid)

ခနဉစ္စာ ခွဲဝေခြင်းစနစ်ဟာ ကုန်ထုတ်စနစ်အပေါ် မူတည်နေခြင်း ဖြစ်တယ်။ ဒီတော့ အရင်းရှင်စနစ်ကြီး မကောင်း ဘူး၊ ခနဉစ္စာ ခွဲဝေမှု မမျှတဘူး ဆိုခြင်းဟာ ဒီအခြေခံ သမိုင်းရေးအမြင်ကို နားမလည်လို့ ဖြစ်တယ်။ ဒီလို နား မလည်တော့ ခနဉစ္စာ ခွဲဝေမှု ညီမျှသွားအောင် ပြန်ခွဲဝေပေးလိုက်ရင်တော့ အရင်းရှင်စနစ်ဆိုးကို ကောင်းအောင် လုပ်နိုင်မှာပဲလို့ ထင်ယောင်ထင်မှား ဖြစ်ကုန်တယ်။

ဒါကို (Critique of the Gotha Programme) ထဲမှာ မာ့(ခ်စ်)က ရှင်းခဲ့ပြီးဖြစ်တယ်။ ဒီလုပ်ငန်းစဉ်ထဲမှာ Lassalle ဝါဒီတွေက fair distribution of the proceeds of labor ကို ထည့်ရေးထားတယ်။ ဒါကို မာ့(ခ်စ်)

က ရှင်းလင်း ဝေဖန်ခဲ့ရခြင်းဖြစ်တယ်။ "မျှမျှတတ ခွဲဝေခြင်းဆိုတာ ဘာလဲ၊ ဘူဇွာတွေကကော ဒီကနေ့ ခွဲဝေခြင်း စနစ်ဟာ မျှတ တယ်လို့ မဆိုကြဘူးလား။ ဒီကနေ့ ကုန်ထုတ်စနစ် အခြေခံပေါ်မှာ အခုလက်ရှိ ခွဲဝေခြင်းစနစ်ကို မျှတတယ် မဆို နိုင်ဘူးလား။ ကုန်ထုတ် ဆက်ဆံရေးတွေကို ဥပဒေ သဘောတရားတွေက ထိန်းကွပ်ထားတာလား ဒါမှမဟုတ် ဒါနဲ့ ဆန့်ကျင်ဘက် ဥပဒေ ဆက်ဆံရေးတွေက ကုန်ထုတ် ဆက်ဆံရေးတွေကနေ ထွက်ပေါ်လာခြင်းလား။"

မာ့(ခ်စ်)က အခြေခံမေးခွန်းတွေ ဆွဲထုတ် မေးလိုက်တယ်။ ဒီလိုမေးခွန်းထုတ်ပုံကနေ အခုလို အနက်ဖော်လို့ရတယ် -

(၁)လက်ရှိတည်ဆဲ ကုန်ထုတ်စနစ်က ပြဌာန်းပေးလိုက်တဲ့ ခွဲဝေခြင်းစနစ်ပဲ ရှိနိုင်တယ်၊ ဒီကုန်ထုတ်စနစ် အခြေခံ ကနေ ထွက်ပေါ်လာရတဲ့ ခွဲဝေခြင်းစနစ်ကို မျှမျှတတ မဖြစ်ဘူး ပြောနေတာ ဘာအဓိပ္ပါယ်မှ မရှိဘူး။

(၂)ကုန်ထုတ် ဆက်ဆံရေးတွေပေါ် အခြေခံပြီး ဥပဒေအယူအဆတွေ၊ ဥပဒေတွေ ပေါ်ပေါက်လာခြင်းသာ ဖြစ် တယ်။ ဥပဒေတွေက ကုန်ထုတ်ဆက်ဆံရေးကို ထိန်းချုပ်ပဲ့ကိုင်နေတာ မဟုတ်ဘူး။ (ဒါ့ကြောင့် ကုန်ထုတ်ဆက် ဆံ ရေးကို မပြောဘဲ ခြေဥပြင်ရေး ဖျက်ရေးငြင်းနေတာ ဘာအဓိပ္ပါယ်မှ မရှိဘူး။ စာရေးသူ ဖြည့်စွက်ချက်)

မာ့(ခ်စ်)က ဆက်ရှင်းပြတယ်။ "လူသုံးကုန်ပစ္စည်းတွေ ခွဲဝေခြင်း ဘယ်စနစ်မဆို ကုန်ထုတ်ပစ္စည်းတွေ ခွဲဝေခြင်းရဲ့ 'အကျိုးဆက်သာ'ဖြစ်တယ်။ ကုန်ထုတ်ပစ္စည်းတွေ ခွဲဝေခြင်းဆိုတာကလည်း ကုန်ထုတ်စနစ်ရဲ့ ဝိသေသတခုပဲ ဖြစ်တယ်။ အရင်းရှင် ကုန်ထုတ်စနစ်မှာဆိုရင် လုပ်အားစိုက်ထုတ် အလုပ်မလုပ်ရသူတွေက ကုန်ထုတ်ပစ္စည်းတွေ ကို အရင်းပုံစံအနေနဲ့ လက်ဝယ်ပိုင်ဆိုင်ထားပြီး လုပ်သားထုကြီးမှာ လုပ်အားစွမ်းပကားကလွဲပြီး တခြား ဘာကုန် ထုတ်ပစ္စည်းမှ မပိုင်ဆိုင်နိုင်ဘူး။ ကုန်ထုတ် ပစ္စည်းတွေကို ဒီလိုပုံစံနဲ့ ခွဲဝေထားရင် ဒီကနေ့ခေတ် လူသုံးကုန် ပစ္စည်း ခွဲဝေမှုပုံစံပဲ အလိုအလျောက် ထွက်ပေါ်လာလိမ့်မယ်။ တကယ်လို့သာ ကုန်ထုတ်ပစ္စည်းတွေကို အလုပ်သမား လူတန်းစားကိုယ်တိုင် စုပေါင်းပိုင်ဆိုင်လာခဲ့ရင် ထွက်ပေါ်လာမယ့် လူသုံးကုန်ပစ္စည်း ခွဲဝေခြင်းစနစ်ဟာလည်း ဒီကနေ့ခေတ် ခွဲဝေခြင်းစနစ်နဲ့ လုံးဝခြားနားသွားလိမ့်မယ်။ ဆိုရှယ်လစ်စနစ်ကို ပုံဖျက်သူတွေဟာ ဘူဇွာ ဘောဂဗေဒသမားတွေဆီက ကောက်နုတ်ပြီး ခွဲဝေခြင်းစနစ်ကို ကုန် ထုတ်စနစ်ကနေ သီးခြားကင်းလွတ်နေသယောင် ပြောဆိုလာကြတယ်၊ ဆိုရှယ်လစ်စနစ်ဟာ ခွဲဝေခြင်းစနစ်ကို အဓိက ဦးတည်ချက်ထားသလို ပုံဖော်လာကြတယ်။"

(Critique of the Gotha Programme) မှာ မာ့(ခ်စ်) ဝေဖန်သွားတာ အင်မတန်ရှင်းပါတယ်။ ကုန်ထုတ်လုပ်ရာမှာ လုပ်အားနဲ့ ကုန်ထုတ်ပစ္စည်းတွေ ပေါင်းဖက်ရတယ်။ ဒီနေရာမှာ မာ့ခ်စ်က Material conditions of production လို့ သုံးတယ်။ အရင်းကျမ်းထဲမှာတော့ means of production လို့

အဓိကထားသုံးတယ်။ ဆိုလိုရင်း အတူတူပဲလို့ ယူဆပြီး ကုန်ထုတ်ပစ္စည်းလို့ပဲ ဘာသာပြန်သုံးပါတယ်။ သဘောကတော့ (စက်ရုံတွေ၊ စက်ယန္တရားတွေလို) ကုန်ထုတ် ကိရိယာတွေ instruments of labor နဲ့ ကုန်ကြမ်းတွေ၊ (လောင်စာလို) အကူပစ္စည်းတွေအားလုံးကိုခြုံပြီး ကုန်ထုတ်ပစ္စည်းလို့ သုံးခြင်းဖြစ်တယ်။ ဒီကုန်ထုတ်ပစ္စည်းတွေ ဘယ်လို ခွဲဝေထားသလဲ၊ အရင်းရှင်စနစ်မှာတော့ ဘာအလုပ်မှ မလုပ်တဲ့ အရင်းရှင်တွေနဲ့ မြေပိုင်ရှင် လူတန်းစားလက်ထဲ စုပုံနေတယ်။ ဒီလို ကုန်ထုတ်ပစ္စည်းတွေ ခွဲဝေ ထားခြင်းအပေါ် အခြေတည်ပြီး ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေ ဘယ်လိုဘယ်ပုံ ခွဲဝေထားသလဲဆိုတာ ဖြစ် လာတယ်။ ဒါ့ကြောင့် အရင်းရှင် ကုန်ထုတ်စနစ်ကို မတို့မထိဘဲ ခနဉစ္စာ ခွဲဝေမှု မမျှတဘူး၊ မျှတအောင် ပြန်လည် ခွဲဝေရမယ် ဆိုခြင်းဟာ လက်တွေ့မကျသလို ဘာမှလည်း အဓိပ္ပါယ်မရှိပေ။ ခနဉစ္စာ ခွဲဝေခြင်းစနစ်ကို ကုန်ထုတ် စနစ်ကနေ သီးခြားခွဲထုတ် ပြောခြင်းဟာ Vulgar socialism ပဲလို့ မာ့(ခ်စ်) ဝေဖန်ခဲ့တယ်။

ဒါဆို အဖြေကဘာလဲ၊ ရှင်းပါတယ်။ အရင်းရှင်စနစ်ရဲ့ ရောဂါတွေကို ကုစားဖို့ဆိုရင် အရင်းရှင် ရောင်းကုန်ထုတ် စနစ်ကို ဖြိုပစ်မှသာ ရမယ်။ အရင်းရှင် လူတန်းစား မောင်ပိုင်စီးထားတဲ့၊ ပုဂ္ဂလိကပိုင် ပြုထားတဲ့ ကုန်ထုတ်ပစ္စည်း တွေကို လူ့အဖွဲ့အစည်းပိုင် ပြောင်းလဲပစ်ရမယ်။ အရင်းရှင် လူတန်းစားရဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုကို မထိပါးရဲတဲ့ ပြုပြင်ဖာထေးရေးသမားတွေလို ခနဉစ္စာ ပြန်လည်ခွဲဝေခြင်း အစီအမံလောက်ကိုသာ တင်ပြလို့ မရပေ။

ကိုတင်ဦး

၂၀.၄.၂၀၂၀

# Rosa Luxemburg and the Bolsheviks: dispelling the myths

FRED WESTON AND PARSON YOUNG

## ရိုဆာ လူဇင်ဘာ့(ဂ်) နဲ့ ဘော်ရှီဗစ်များ - ယုံတမ်းတွေကို ချေဖျက်ခြင်း

ဝင်းစံဖြူ ဘာသာပြန်သည်



ရိုဆာလူဇင်ဘာ့(ဂ်)ဟာ ဂျာမန် ဆိုရှယ်ဒီမိုကရေစီရဲ့ အချောင်သမားဝါဒကို တိုက်ခိုက်ရာမှာ အဓိက အခန်းကဏ္ဍ ကနေ ပါဝင်ခဲ့သော ထူးချွန်ထက်မြက်လှတဲ့ တော်လှန်ရေးသမား မာ့(က်စ်)ဝါဒီတယောက်ဖြစ်တယ်။ ဂျာမနီ ကွန်မြူနစ်ပါတီကို အုတ်မြစ်ချပေးခဲ့သူလည်း ဖြစ်တယ်။ ဒါပေမယ့် ကံမကောင်းစွာပဲ သူမရဲ့ လက်ရာတချို့နဲ့ မိန့်ခွန်းတချို့ကို လိုသလိုဆွဲယူပြီး သူမရဲ့ ရပ်တည်ချက်ကို လုံးလုံးလျားလျား ပုံဖျက်ပစ်ခဲ့ကြတယ်၊ လီနင်နဲ့ ဘော်ရှီဗစ်တွေရဲ့ ဆန့်ကျင်ဖက်တယောက်လို ပုံဖော်ခဲ့ကြတယ်။



ကြိုးစားလာ ကြတယ်။ ဒီအခြေခံကနေ 'လူဇင်ဘာ့(ဂ်) ဝါဒအယူအဆ'ကို တီထွင် ထားကြတယ်၊ မာ့(က်စ်)ဝါဒ အစဉ်အလာ အတွင်းက ထူးခြားတဲ့ လမ်းကြောင်းတ ခုလို တည်ဆောက်ထားတယ်။

အဲဒီ 'လူဇင်ဘာ့(ဂ်) ဝါဒ'ဆိုတဲ့ အရာက ရိုးသားတဲ့ လူငယ်ကွန်မြူနစ်အလွှာတခုကို ဆွဲဆောင် ထားနိုင်တယ်၊ အဲဒီ လူငယ် ကွန်မြူနစ် အလွှာက 'လီနင်ဝါဒ'လို့ သူတို့ သတ်မှတ်ထားတဲ့အရာနဲ့ ကွဲပြားခြားနားသော ဒေါ်တာနေးတစ် မာ့(က်စ်) ဝါဒတခုကို ရှာဖွေနေကြသူတွေ။ သူတို့တတွေ အဲဒီလို ဒေါ်တာနေးတစ်တခုကို ရှာဖွေနေရတဲ့ အကြောင်းက (စတာလင်လက်ထက် ဆိုဗီယက် ပြည်ထောင်စုမှာ အစပြုခဲ့ပြီး နောင်အခါ အရှေ့ဥရောပ၊ တရုတ်၊ ဗီယက်နမ်နဲ့ တခြားတိုင်းပြည်က အုပ်ချုပ်ရေးစနစ်တွေမှာ ပုံတူထပ်ပွားခဲ့တဲ့) စတာလင်နစ်(စ်) ဗျူရိုကရက်တစ် ပုံပျက်ပန်းပျက် ဆိုရှယ်လစ်ဝါဒကို 'လီနင်ဝါဒ'လို့ ပုံဖော်ထားကြလို့ပဲ (ဒီကနေ့ခေတ် စတာလင်ဝါဒီတွေ ခေါ်စေ ချင်သလိုဆိုရင် 'မာ့က်စ်-လီနင်ဝါဒ' လို့ ပုံဖော်ထားကြလို့ပဲ)။

'လူဇင်ဘာ့(ဂ်)ဝါဒီ'ဆိုသူတွေက သူမကို အလုပ်သမား လူတန်းစားရဲ့ 'အလိုအလျောက် တိုက်ပွဲဝင်မှု' နဲ့ ဖန်တီးမှု ဘက်က ရပ်ခံကာကွယ်သူ၊ အလုပ်သမားထုရဲ့ ကိုယ်ထူကိုယ်ထ တိုက်ပွဲဝင်ခြင်းကို ချိုးနှိမ်ပြီး အမိန့်နဲ့ ထိန်းချုပ် မောင်းနှင်ဖို့ ကြိုးစားတဲ့ 'ဗဟိုချုပ်ကိုင်မှု အစွန်းရောက်ဝါဒီ' လီနင်နဲ့ ဆန့်ကျင်ဖက်အဖြစ် ပုံဖော်လေ့ရှိတယ်။ လူဇင်ဘာ့(ဂ်)ရဲ့ ပုံရိပ်ကို အဲဒီလို တည်ဆောက်လိုက်ပြီး လက်ဝဲ ပြုပြင်ရေးဝါဒီတွေ၊ အန်းနခစ်(စ်)တွေ၊ 'လစ်ဘာ တေးရီးယန်း ကွန်မြူနစ်တွေ' နဲ့ ဘူဇွာ လစ်ဘရယ်တွေကပါ ဒီတော်လှန်ရေးသမားကြီးရဲ့ သြဇာကို အသုံးပြုပြီး လီနင် ဝါဒကို ဆန့်ကျင်ထိုးနက်ဖို့

ဒါပေမယ့်လည်း လီနင်ရဲ့ *နောက်ဆုံး သေတမ်းစာ* (၁၉၂၂ ဒီဇင်ဘာ - ၁၉၂၃ ဇန်နဝါရီမှာ ရေးခဲ့တဲ့ ကွန်ဂရက်သို့ ပေးစာများ '*နောက်ဆုံး သေတမ်းစာ*') ဖတ်ကြည့်ရင်ကို သူမသေခင်ကတည်းက ဆိုဗီယက် ပြည်ထောင်စုအတွင်း ပေါ်ပေါက်လာနေတဲ့ ဗျူရိုကရက်တစ် တိမ်းညွတ်မှု အင်အားတွေကို လီနင် စိုးရိမ်တကြီး သတိပေးတပ်လှန့်ထား ခဲ့တာ တွေ့ရလိမ့်မယ်၊ အဲဒီပေးစာတွေထဲမှာ ပေါ်ထွန်းလာနေတဲ့ ဗျူရိုကရေစီကို တိုက်ဖျက်ဖို့ နည်းလမ်းတွေ လည်း အကြံပြုထားခဲ့တယ်။ စတာလင်ဝါဒဟာ လီနင်ဝါဒကနေ သဘာဝကျကျ ပေါက်ဖွားလာတဲ့ သားသမီး မဟုတ်တဲ့အပြင် လီနင်ရဲ့ ရပ်တည်ချက်ကို အလုံးစုံ ချေဖျက်ထားခြင်းသာ ဖြစ်တယ်။ နှောင်းခေတ် လူဇင်ဘာ့(ဂ်) ဝါဒီတွေက ဒီအချက်ကို ခပ်လွယ်လွယ်ပဲ လစ်လျူရှုပစ်လိုက်ကြတယ်။

ဒါ့ကြောင့် အဲဒီ 'လူဇင်ဘာ့ဂ်ဝါဒ'မှာ အမှန်တကယ် ဘာတွေ ပါနေသလဲလို့ ကျနော်တို့ မေးခွန်းထုတ်ရမယ်။ လူဇင် ဘာ့(ဂ်)ဝါဒက လီနင်တို့ ဘောရှီဗစ်တွေရဲ့ တော်လှန်သော မာ့(က်စ်) ဝါဒနဲ့ ကွာခြားသလား။ ရိုဆာ လူဇင်ဘာ့(ဂ်) ရဲ့ အရေးအသားတွေ၊ သူမရဲ့ ဘဝတသက်တာနဲ့ သူမ တိုက်ပွဲဝင်ခဲ့တဲ့အရာ တွေကို အလေးအနက် လေ့လာကြည့်ရင် တကယ့် ရိုဆာဟာ တော်လှန်ရေးသမားဆိုတာ အထင်အရှား တွေ့ရမယ်။ ကမ္ဘာ့ အလုပ်သမား လှုပ်ရှားမှုက တော်လှန်ရေးဘက်နဲ့ ပြုပြင်ရေးဘက်ဆိုပြီး နှစ်ခြမ်းကွဲထွက်သွားတဲ့အခါ လူဇင်ဘာ့(ဂ်) က ဘော်ရှီဗစ်တွေနဲ့ က တုတ်ကျင်း တခုထဲမှာ အတူရှိခဲ့သူ။ ဘော်ရှီဗစ်တွေက မင်ရှီဗစ်တွေရဲ့ အချောင်သမား ရေစီးကို ဆန့်ကျင်တိုက် ခဲ့ရသလို လူဇင်ဘာ့(ဂ်)ကလည်း ဂျာမနီ ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တွေရဲ့ အချောင်သမားဝါဒကို ဆန့်ကျင် တိုက်ပွဲဝင်ခဲ့ရတယ်။ လူဇင်ဘာ့(ဂ်) က လီနင်တို့ ဘော်ရှီဗစ်တွေကို ဝေဖန်တာတွေ ရှိခဲ့ပေမယ့်လည်း လီနင်နဲ့ ဘော်ရှီဗစ်တွေ ခေါင်းဆောင်ခဲ့တဲ့ ရုရှား တော်လှန်ရေးကို သူမ အပြည့်အဝ အားပေးထောက်ခံခဲ့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရိုဆာ လူဇင်ဘာ့(ဂ်) ကို ဘော်ရှီဗစ်ဇင်ရဲ့ ရန်ဖက်အဖြစ် ပုံဖော်ဖို့ ကြိုးစားတဲ့ ယုံတမ်းတွေ အများ ကြီး ရှိနေတယ်။ ဒီယုံတမ်းတွေထဲက တခုကတော့ လူဇင်ဘာ့(ဂ်) ဟာ လီနင်ဝါဒရဲ့ တော်လှန်ရေး ပါတီ 'မို ဒယ်လ်'နဲ့ ဆန့်ကျင်ဖက် လူထုရဲ့ အလိုအလျောက် ရုန်းထမှုကို ခုခံကာကွယ်သူဆိုတဲ့ အယူအဆပဲ။ လက်ဝဲ ပြု ပြင်ရေးဝါဒီ Die Linke ပါတီနဲ့ ချိတ်ဆက်ထားတဲ့ ဂျာမနီက တတ်သိပညာရှင် အဖွဲ့တခုဖြစ်သော 'Rosa-Luxemburg-Stif-tung'ရဲ့ ရိုဆာအကြောင်း ရေးသားချက်မှာ ဒီလို ပုံဖျက်မှု စံနမူနာတခုကို ဖတ်နိုင်တယ် -

"လူဇင်ဘာ့(ဂ်)က လီနင်ရဲ့ ဗဟိုချုပ်ကိုင်မှု တင်းကြပ်လွန်းသော တပ်ဦးပါတီ အယူအဆကို ဝေဖန်ခဲ့တယ်၊ လူဇင် ဘာ့(ဂ်)အလိုအရ ဒါဟာ အလုပ်သမား လူတန်းစားကို အုပ်ထိန်းဖို့ကြိုး စားခြင်းဖြစ်တယ်။ သူမရဲ့ ငြင်းချက် တွေမှာ ဘယ်သူ့မှ အားကိုးစရာမလိုဘဲ ကိုယ်ထူကိုယ်ထ ဆုံးဖြတ် လုပ်ကိုင်နိုင်စွမ်းရှိသောအလုပ်သမားထု

ရဲ့ လှုပ်ရှားမှု၊ အလုပ်သမားထုက သူတို့ကိုယ်ပိုင် အတွေ့အကြုံနဲ့အမှားတွေကနေသင်ယူနိုင်စွမ်းရှိခြင်း၊သာမန် အောက်ခြေလူထုရဲ့ ဒီမိုကရက်တစ် အဖွဲ့အစည်းတခု လိုအပ်ခြင်းအစရှိတဲ့ အချက်တွေ ပါဝင်နေတယ်၊ ဒီငြင်းချက်တွေက သူမ လက်ရာအားလုံးရဲ့ ဝိသေသလို ဖြစ်နေတယ်။”

အလားတူပဲ၊ အန်နာခို ဆင်ဒီကယ်လစ် လစ်ဘာတေးရီးယန်း ဆိုရှယ်လစ်တဦးလို့ ဆိုထားတဲ့ Noam Chomsky ကလည်း လီနင်ကို ရုရှား တော်လှန်ရေးကို လျှို့ဝှက်အစီအမံနည်းနဲ့ အပိုင်စီးလိုက်သူ၊ ကွန်မြူနစ်လူ့အဖွဲ့အစည်းဆီ ဖွံ့ဖြိုးတိုးတက်သွားနိုင်စွမ်းကို ဖျက်ဆီးပစ်ခဲ့သူအဖြစ် ပုံဖော်တယ်။ လူဇင်ဘာ့(ဂ်)က ဒီအန္တရာယ်ကို ကြိုတင် သတိပေးခဲ့ကြောင်း Noam Chomsky က ဆိုထားသေးတယ် -

“ရိုဆာ လူဇင်ဘာ့(ဂ်)လို ဝေဖန်သူတချို့က လက်ယာဘက် အတော်ယိမ်းတယ်လို့ သူတို့သတ်မှတ်ထားတဲ့ လီနင့် လုပ်ငန်းစဉ် (ကျနော်လည်း လက်ယာယိမ်း လုပ်ငန်းစဉ်လို့ သတ်မှတ်တယ်) အတိုင်းဆိုရင် ပစ္စည်းမဲ့တော်လှန် ရေး ဖြစ်လာလိမ့်မယ်၊ ပါတီက ပစ္စည်းမဲ့လူတန်းစားဆီကနေ အာဏာယူသွားလိမ့်မယ်၊ ဗဟိုကော်မတီက ပါတီ ဆီကနေ အာဏာယူသွားလိမ့်မယ်၊ ဒီနောက် ထိပ်ပိုင်း ခေါင်းဆောင်ကြီးက ဗဟိုကော်မတီဆီကနေ အာဏာ ယူ သွားလိမ့်မယ်။”

ဒီလို တွေးခေါ်မှုမျိုးဟာ ရုရှားတော်လှန်ရေး ဖြစ်လာခဲ့တဲ့ အခြေအနေတွေကိုအလုံးစုံမျက်ကွယ်ပြုထားတယ်၊ အရေးအကြီးဆုံးကတော့ ခေတ်နောက်ကျ တိုင်းပြည်တခုအတွင်း တော်လှန်ရေး *အထီးတည်းဖြစ်သွားခြင်း*ရဲ့ နောက်ဆက်တွဲ



အခြေအနေတွေကို လုံးဝ လစ်လျူရှုထားတာပဲ။ ဒါကြောင့် ဒီလို အပေါ်ယံရှုပ် ဝေဖန်သူတွေ အလို အရ နောင်မှာပေါ်ထွန်းလာခဲ့တဲ့ ရက်စက်ကြမ်းကြုတ်လှသော စတာလင်နစ်(စ်) အုပ်ချုပ်ရေးစနစ်ရဲ့ ဇစ်မြစ်တွေ ကို ပကတိဘာဝ အခြေအနေတွေမှာ ရှာတွေ့မှာမဟုတ်ဘူး၊ လီနင်နဲ့ ဘော်ရှီဗစ်တွေရဲ့ အယူအဆတွေ နည်းလမ်းတွေမှာသာတွေ့ရလိမ့်မယ်။ *ဒီလိုသုံးသပ်ချက်မျိုးဟာ ဗျူရိုကရက်တစ်ယိုယွင်းပျက်စီးမှုရဲ့ ပကတိဘာဝအကြောင်းရင်းတွေကို နားလည်ဖို့မဖြစ်နိုင် လောက်အောင် အပေါ်ယံဆန်လွန်းလှတယ်၊* **အင်မတန်ခေတ်နောက် ကျနေသေးတဲ့ တိုင်းပြည်တခုမှာပဲ ရုရှား တော်လှန်ရေး အထီးတည်းဖြစ်နေခြင်း**ဆိုတဲ့ ပကတိဘာဝ အကြောင်းအချက်ကို နားလည်နိုင်စွမ်း မရှိတော့ဘူး။ အဲဒီအစား လီနင်ရဲ့ အာဏာရှင်ဆန်သော တိမ်းညွှတ်မှုတွေလို့ စွပ်စွဲထားတဲ့ အတ္တဘာဝဆိုင်ရာ ရှင်းလင်းချက်ကိုသာ သူတို့ အားပြုထားရတယ်။

## • အလိုအလျောက် တိုက်ပွဲဝင်ခြင်းနဲ့ ခေါင်းဆောင်မှု

လူထုရဲ့ 'အလိုအလျောက် တိုက်ပွဲဝင်ခြင်း' အပေါ် ရိုဆာလူဇင်ဘာ့(ဂ်)ရဲ့ အမြင်က ဘယ်လိုရှိခဲ့သလဲ။ လူထုရဲ့ အလိုအလျောက် လှုပ်ရှားမှုနဲ့ ပါတီကြား ဆက်ဆံရေးကို သူမ ဘယ်လို မြင်ခဲ့သလဲ။ သူမရဲ့အမြင်တွေက လီနင့် အမြင်တွေနဲ့ အခြေခံအားဖြင့် အမှန်တကယ် ကွဲလွဲခဲ့သလား။ သူမရဲ့ လက်ရာတခုဖြစ်တဲ့ The Mass Strike, the Political Party and the Trade Unions ကို မကြာခဏကိုးကားပြီး ရိုဆာဟာ ဘော်ရှီဗစ်ဇင်နဲ့ အခြေခံအား ဖြင့် ဆန့်ကျင်ဖက်ဖြစ်ခဲ့တယ်လို့ ဆိုတတ်ကြတယ်။ ၁၉၀၅ ရုရှား တော်လှန်ရေးတုန်းက အလိုအလျောက် ရုန်းထလာခဲ့တဲ့ လူထု သပိတ်လှုပ်ရှားမှုကြီးရဲ့ အင်အားကို ဆန်းစစ်ထားတဲ့ အဲဒီလက်ကမ်းစာစောင်ထဲမှာ ရိုဆာလူဇင် ဘာ့(ဂ်)က တော်လှန်ရေး ခေါင်းဆောင်မှု အယူအဆကို ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ဘူးလို့ ငြင်းချက်ထုတ်ကြ တယ်။ ဒီငြင်းချက်မျိုးလောက် အမှန်တရားနဲ့ ဝေးတာ မရှိနိုင်တော့ဘူး၊ သူမ ဘာ့ကြောင့် ဒီလက်ကမ်းစာစောင် ကို ရေးခဲ့ရတယ်၊ သူမ ဘယ်သူတွေကို ဆန့်ကျင် ဝေဖန်ထားတယ်ဆိုတဲ့ အရေးကြီးအချက်ကို လုံးဝ လစ်လျူရှု ထားတယ်။

၁၉၀၅ (ရုရှား) တော်လှန်ရေးရဲ့ စေ့ဆော်အားနဲ့ ဂျာမနီတဝှမ်း သပိတ်လှိုင်းကြီး ဖြတ်သန်းသွားချိန်မှာ အဲဒီ လက်ကမ်းစာစောင်ကို ရိုဆာ ရေးခဲ့ခြင်းဖြစ်တယ်၊ ဂျာမန် အလုပ်သမား လူတန်းစားကြားမှာ အတော် လှုပ်ရှားမှုများခဲ့ တယ်။ အဲဒီကာလ ရုရှားမှာ အလုပ်သမား သမဂ္ဂတွေ အတော် အားနည်းနေသေးတယ်၊ မာ့(က်စ်)ဝါဒ အင်အားစု က လက်တဆုပ်စာပဲ ရှိသေးတယ်၊ ဒါပေမယ့် ဂျာမနီမှာ အလုပ်သမား သမဂ္ဂတွေ ထုနဲ့ထည်နဲ့ ရှိနေပြီး ဆိုရှယ် ဒီမို ကရက်တစ် ပါတီ (SPD) က လူထု အဖွဲ့အစည်းတခု ဖြစ်နေပြီ။ ပြဿနာက ဂျာမနီ အလုပ်သမား သမဂ္ဂ ခေါင်းဆောင်ပိုင်း နဲ့

SPD ခေါင်းဆောင်တွေက အလိုအလျောက် ရုန်းထလာတဲ့ အဲဒီ သပိတ်တိုက်ပွဲတွေကို တက်တက်ကြွကြွ ဦးဆောင်မှုမပေးခဲ့ဘူး၊ ဘေးကနေ ရပ်ကြည့်နေလိုတဲ့ သဘောထားသာ ပြခဲ့တယ်၊ တခါတရံအထင်သေးတဲ့ သဘောထားတောင် ပြခဲ့ကြတယ်။

ရိုဆာ လူဇင်ဘာ့(ဂ်)နဲ့ ပါတီရဲ့ တော်လှန်ရေး တောင်ပံက သပိတ် တွေကို အားပေးထောက် ခံခဲ့ပြီး ပါတီက ကြားဝင်ဦးဆောင်မှုပေးဖို့ လိုအပ်ကြောင်း တင်ပြခဲ့ပေမယ့် SPDပါတီရဲ့ လက်ယာတောင်ပံပိုင်း ခေါင်းဆောင်တွေက ဒီသပိတ်တွေကို အချိန်မတန်ပဲ ပေါ် လာတာတွေ၊ ရှုံးဖို့သေချာနေ ပြီးသားလို့ သတ်မှတ်ခဲ့တယ်။ ဆိုရှယ် ဒီမိုက ရက်တစ် ပါတီ ခေါင်းဆောင်တော်တော်များများက ပါတီက ကြိုတင် ပြင်ဆင် စည်းရုံးထားတဲ့ တိုက်ပွဲတွေမှပဲ အောင်ပွဲရနိုင်မယ်လို့ ဆိုခဲ့ကြတယ်၊ ဒါ့ကြောင့် အောက်ခြေကနေ ဖြစ်ပေါ်လာတဲ့ တခြား လှုပ်ရှားမှုအားလုံးဟာ အခြေခံအားဖြင့် အဓိပ္ပါယ်မရှိဘူး။ အမှန်တကယ်တော့ ဒါဟာ အဲဒီခေါင်းဆောင်တွေက အရင်းရှင်စနစ် ဆန့်ကျင် တော်လှန် တိုက်ပွဲဝင်ရေး အယူအဆကို ကျောခိုင်းသွားကြောင်း ပြလိုက်တာပဲ။

လူဇင်ဘာ့(ဂ်)ရဲ့ Mass Strike လက်ကမ်းစာစောင် ဆန့်ကျင်ဝေဖန်နေတာက အဲဒီ ဆိုရှယ် ဒီမိုကရက်တစ် ခေါင်း ဆောင်တွေပဲ၊ ဘော်ရှီဗစ်တွေကို ဆန့်ကျင်ဝေဖန်နေတာ မဟုတ်ဘူး၊ SPD ရဲ့ အချောင်သမား ခေါင်းဆောင်တွေ ကို ရိုဆာ ဆန့်ကျင် တိုက်ပွဲဝင်နေခဲ့တာ။ သူမရဲ့ ဦးတည်ချက်က ခေါင်းဆောင်မှု လိုအပ်ချက်ကို ပစ်ပယ်ဖို့ မဟုတ် ဘူး၊ အလိုအလျောက်ရုန်းထလာတဲ့တိုက်ပွဲတွေထဲ ဆိုရှယ် ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင်တွေ တက်တက် ကြွကြွ ကြားဝင် ဦးဆောင်မှုပေးဖို့ တွန်းအားပေးဖို့သာ ဖြစ်တယ်၊ ဒီလို တွန်းအားပေးရတဲ့ အကြောင်းရင်းက အဲဒီ လို အလိုအလျောက် ရုန်းထလာတဲ့ တိုက်ပွဲတွေဟာ နိုင်ငံရေး ခေါင်းဆောင်မှုကို လိုအပ်နေလို့ ဖြစ်တယ်။ ရိုဆာ ရေးခဲ့သလိုပဲ -

"ဂျာမနီမှာ လူထု သပိတ်တွေ ပေါက်ကွဲထွက်လာမယ့် အချိန်နဲ့ ပေါ်ပေါက်လာစေမယ့် အကြောင်းတရားကို ကြို တင် သတ်မှတ်နိုင်စွမ်း ဆိုရှယ် ဒီမိုကရေစီမှာ မရှိဘူး၊ မရှိရတဲ့ အကြောင်းက ပါတီ ကွန်ဂရက်တွေမှာ ချမှတ်လိုက် တဲ့ ဆုံးဖြတ်ချက်တွေကနေ သမိုင်းဆိုင်ရာ အခြေအနေတွေကို ဖန်တီးပေးနိုင်စွမ်း ရှိမနေလို့ပဲ။ ဒါပေမယ့် ဆိုရှယ် ဒီမိုကရေစီ လုပ်နိုင်သလို လုပ်ကိုလုပ်ရမယ့်အရာက နိုင်ငံရေး လမ်းကြောင်းတွေ ပေါ်လာတာနဲ့ ရှင်းလင်းအောင် လုပ်ပေးဖို့၊ အဲဒီ နိုင်ငံရေး လမ်းကြောင်းတွေကို ခိုင်မာပြတ်သားပြီး ရှေ့နောက်ညီညွတ်တဲ့ နည်းဗျူဟာတွေအဖြစ် ဖော်ထုတ်ပေးဖို့ပဲ။ လူသားဟာ သမိုင်းဆိုင်ရာ ဖြစ်ရပ်တွေကို ပုံသေနည်းထိုင်ထုတ်နေရင်း မထိန်းကွပ်နိုင်ဘူး၊ ဒါပေမယ့် သမိုင်းဆိုင်ရာ ဖြစ်ရပ်တွေရဲ့

တွက်ချက်ကြည့်လို့ရသော အကျိုးဆက်တွေကို ကြိုမြင်နိုင်တယ်၊ ဒီလို မြင်ထားသလို လူသားရဲ့ လှုပ်ရှားမှု နည်းနာကိုပါ စီမံထားနိုင်တယ်။

တော်လှန်ရေး ပါတီရဲ့ အလုပ်က တင်ကူးသတ်မှတ်ထားတဲ့ အစီအမံတခုကို လူထုဆီ တင်ပို့ပေးပြီး ပါတီရဲ့ဆန္ဒစွဲ အတိုင်းတော်လှန်ရေးကို အချိန်ဇယားကိုက် မောင်းနှင်ပေးဖို့မဟုတ်ဘူးဆိုတဲ့အချက်ကိုလီနင်နဲ့ လူဇင်ဘာ့(ဂ်) နှစ်ယောက်လုံးသဘောညီခဲ့ကြမှန်း လေးလေးနက်နက် ဆန်းစစ်သုံးသပ်သူတိုင်း တွေ့ရလိမ့်မယ်။ လူထုက သူတို့ ကိုယ်ပိုင်အရှိန်နဲ့ လှုပ်ရှားကြတယ်ဆိုတာကို သူတို့နှစ်ယောက်လုံး နားလည်ခဲ့ကြတယ်၊ လူထု လှုပ်ရှားမှုတွေ ပေါက်ကွဲထွက်လာတဲ့အခါမှာ တော်လှန်ရေးသမားတွေရဲ့ အလုပ်က ဒီလှုပ်ရှားမှုတွေကို မှန်မှန်ကန်ကန် နားလည် ပြီး အရေးတော်ပုံကို ခေါင်းဆောင်မှုပေးဖို့ ကြားဝင်လှုပ်ရှားရေး ဖြစ်တယ်။

ဥပမာအနေနဲ့ ၁၉၀၅ ရုရှား တော်လှန်ရေးအတွင်း ပေါ်ပေါက်ခဲ့တဲ့ အလုပ်သမား ကောင်စီတွေ (ဆိုဗီယက်တွေ) ကို ကြည့်လို့ရတယ်။ အလုပ်သမားထု အာဏာရဲ့ အဆိုပါ ဒေါက်တိုင်အသစ်တွေဟာ ရုရှား အလုပ်သမားထုရဲ့ ဖန် တီးမှုတခု၊ အလုပ်သမား လူတန်းစားရဲ့ တီထွင်ဖန်တီးမှု နဲ့ အလိုအလျောက် ဖြစ်ထွန်းမှုရဲ့ ဖော်ထုတ်ချက်တခု ဖြစ်တယ်။ (အဲဒီကာလ) ရုရှား ပြည်တွင်းမှာရှိနေတဲ့ ဘော်ရှီဗစ်တွေက အလုပ်သမား ဆိုဗီယက်တွေရဲ့ အရေးပါမှု ကို အသိအမှတ်မပြုခဲ့ဘူး၊ ပါတီရဲ့ ထိန်းချုပ်မှုကို နာခံဖို့ ဆိုဗီယက်တွေကို ရာဇသံပေးဖို့တောင် ကြိုးစားခဲ့ကြသေးတယ်။ ဒါပေမယ့် လီနင်က ပြတ်ပြတ်သားသား ဆန့်ကျင်ခဲ့တယ်။ (၁၉၀၅၊ နိုဝင်ဘာမှာ ရေးခဲ့တဲ့) *အလုပ်သမား ကိုယ်စားလှယ်များ ဆိုဗီယက်နဲ့ ငါတို့တာဝန်များ* ဆိုတဲ့ ဆောင်းပါးထဲမှာ လီနင်က အခုလို ရေးထားတယ် -

"ပြဿနာကို ဒီလိုပုံဖော်တာ မှားတယ်လို့ ယူဆတယ်၊ ဆုံးဖြတ်ချက်က ဒီလိုပဲ ဖြစ်ရမယ် - အလုပ်သမား ကိုယ် စားလှယ်များ ဆိုဗီယက်နဲ့ ပါတီ နှစ်မျိုးလုံးလို့ ဆုံးဖြတ်ရမယ်။ မေးခွန်းတခုပဲ၊ (အင်မတန် အရေးကြီးတဲ့ မေးခွန်း) ဆိုဗီယက်ရဲ့ အလုပ်နဲ့ ရုရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီရဲ့ အလုပ်တွေကို ဘယ်လို ခွဲခြားထားကြမလဲ၊ ဘယ်လို ပေါင်းစပ်ကြမလဲ။ ဆိုဗီယက်က ပါတီတခုခုကိုပဲ အပြည့်အဝ နာခံရမယ်ဆိုတာမျိုး သွားလုပ်လို့ မဖြစ်ဘူး"။

(ရုရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီဆိုတာ လီနင်တို့ပါတီရဲ့ နာမည်ဖြစ်ပါတယ်၊ အဲဒီအချိန်ထိ ဘော်ရှီဗစ် နဲ့ မင်ရှီဗစ်က ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီတခုတည်းရဲ့ မတူညီတဲ့ အင်အားစုတွေသာ ဖြစ်ပါတယ်။)

အလုပ်သမားထုရဲ့ အာဏာ ဒေါက်တိုင်တွေအဖြစ် အလုပ်သမား လူတန်းစားကိုယ်တိုင် ဖန်တီးထားခဲ့တဲ့

ဆိုဗီ ယက်တွေထဲကို တော်လှန်ရေးသမားတွေ ဝင်သင့်တယ်လို့ လီနင် အသိအမှတ်ပြုခဲ့တယ်၊ ဆိုဗီယက်တွေထဲ ဝင်ပြီး အလုပ်သမားထုကို တော်လှန်ရေး လုပ်ငန်းစဉ်ဘက်ပါလာအောင် စည်းရုံးနိုင်ဖို့ ဖြစ်တယ်။ ဒါဟာ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲခံနိုင်တဲ့အထိ လီနင်တလျှောက်လုံး ကိုင်စွဲထားခဲ့တဲ့ မဟာဗျူဟာဖြစ်ပါတယ်။ ၁၉၁၇ ဧပြီလမှာ ထုတ်ဝေခဲ့တဲ့ လီနင်ရဲ့ ဧပြီ စစ်တမ်းများမှာ လူထုနဲ့ ပတ်သက်လို့ ဘော်ရှီဗစ်တွေရဲ့ အလုပ်ကို သူက အခုလို အနှစ်ချုပ် ဖော်ပြခဲ့တယ် -

"အလုပ်သမား ကိုယ်စားလှယ်များ ဆိုဗီယက်တွေကသာ တော်လှန်ရေး အစိုးရပုံစံ ဖြစ်နိုင်ကြောင်း လူထု သိလာ အောင် လုပ်ရမယ်၊ ဒ့ါကြောင့် ဒီအစိုးရက (၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးအပြီး ပေါ်လာတဲ့ ယာယီအစိုးရကို ရည်ညွှန်း) ဘူဇွာတွေရဲ့ ဩဇာကို နာခံနေသရွေ့ ငါတို့အလုပ်က သူတို့ရဲ့ နည်းနာအမှားတွေကို လူထုရှေ့မှောက် စိတ်ရှည်လက်ရှည်နဲ့ တသတ်မတ်တည်း စနစ်တကျ ရှင်းပြပေးဖို့ ဖြစ်တယ်၊ အထူးသဖြင့် လူထုရဲ့ လက်တွေ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင် ချိန်ညှိထားသော ရှင်းလင်းချက်မျိုး ပေးဖို့ဖြစ်တယ်။"

လူထု တိုက်ပွဲတွေရဲ့ အလိုအလျောက် ပေါက်ကွဲထွက် လာတတ်တဲ့ သဘောသဘာဝကိုသာမက တော်လှန်ရေးသမားတွေက နိုင်ငံရေးအရ ကြားဝင်လှုပ်ရှားဖို့ လိုအပ်ချက်ကို နားလည်ရာမှာပါ လီနင်နဲ့ လူဇင်ဘာ့(ဂ်)တို့ကြား အခြေခံ ကွဲလွဲချက် ရှိမနေကြောင်း ဒီနေရာမှာ တွေ့နိုင်တယ်။

ဒါဖြင့် လီနင်နဲ့ လူဇင်ဘာ့(ဂ်)တို့ကြားမှာ ဘာကွဲလွဲချက်မှ မရှိခဲ့ဘူးလား။ ရှိခဲ့ပါတယ်၊ ဒါပေမယ့် သူမရဲ့ စာအုပ် (Revolutionary Legacy of Rosa Luxemburg)ထဲမှာ Marie Frederiksen တင်ပြထားသလိုပဲ အဲဒီကွဲလွဲချက် တွေက တော်လှန်ရေးတခုမှာ အဖွဲ့အစည်းနဲ့ ခေါင်းဆောင်မှု လိုအပ်သလား မလိုအပ်ဘူးလားဆိုတဲ့ ပြဿနာ မဟုတ်ပါဘူး -

"ရုရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီရဲ့ ၁၉၀၇ ခုနှစ် ကွန်ဂရက်မှာ သဘောထား ကွဲလွဲချက်တခုကို ထုတ် ဖော်ပြခဲ့တယ်၊ ဒီမှာ လူဇင်ဘာ့(ဂ်)က ဘော်ရှီဗစ်တွေဟာ ၁၉၀၅ တော်လှန်ရေးအတွင်း အုံကြွမှုရဲ့ နည်းနာပိုင်း (technical side)ကို အရမ်း ဖောင်းပေးလွန်းတယ်လို့ ဝေဖန်ခဲ့တယ်၊ ဘော်ရှီဗစ်တွေအနေနဲ့ အရေးတော်ပုံကို နိုင်ငံရေး ခေါင်းဆောင်မှုပေးဖို့ကိုသာ အဓိက ဦးစားပေးလုပ်ခဲ့သင့်တယ်လို့ သူမ ယုံကြည်ထားတယ်။ ဒီသဘော ဆို လူဇင်ဘာ့(ဂ်)ရဲ့ တော်လှန်ရေးအပေါ် ရှုမြင်ပုံက (abstract) ယေဘုယျဆန်နေတယ် - လူထုက လှုပ်ရှားလာ မယ်၊ လူထုက လှုပ်ရှားလာတဲ့အခါ ပါတီက မှန်ကန်တဲ့ နိုင်ငံရေး လုပ်ငန်းစဉ် တပ်ဆင်ပေးဖို့ပဲ။ ဂျာမန် ဆိုရှယ် ဒီမိုကရက်တစ် ပါတီအတွင်း သူမရဲ့ အတွေ့အကြုံအရ စည်းရုံးစုစည်းမှုရဲ့ လက်တွေ့မျက်နှာစာကို ဖောင်းပေး ခြင်းဟာ လူထု အရေးတော်ပုံကို

နောက်ပြန်ဆွဲထားလိုတဲ့ ကွန်ဆာဗေးတစ် ခေါင်းဆောင်ပိုင်းရဲ့ အထင်ကရ အမှတ်အသား ဖြစ်ခဲ့တယ်။ ဂျာမန် ဆိုရှယ် ဒီမိုကရက်တစ် ပါတီရဲ့ ဗျူရိုကရက်ဆန်တဲ့ လက္ခဏာကို ငြင်းပယ်ရမယ့်အစား လူဇင်ဘာ့(ဂ်)က စည်းရုံးစုစည်းခြင်းရဲ့ လက်တွေ့ နည်းနာပိုင်း မျက်နှာစာတခုလုံးကို ငြင်းပယ်ခဲ့ တယ်။ လူထု လှုပ်ရှားမှုကိုယ်တိုင်က စည်းရုံးစုစည်းမှုနဲ့ ခေါင်းဆောင်မှု



ပြဿနာကို ဖြေရှင်းသွားလိမ့်မယ်လို့ လူဇင်ဘာ့(ဂ်) ယုံကြည်ထားခဲ့ပုံပဲ။”

လူထုတိုက်ပွဲတွေရဲ့ အလိုအလျောက် ဖြစ်ထွန်းမှုသဘောကို လီနင် မငြင်းခဲ့သလိုပဲ ရိုဆာ လူဇင်ဘာ့(ဂ်)က ဘော်ရှီဗစ်တွေကို ဝေဖန်ချက်တွေ ပေးခဲ့ရင်တောင် နိုင်ငံရေး ခေါင်းဆောင်မှု လိုအပ်ချက်ကို သိမ်းကြုံးပစ်ပယ်ခဲ့တာမျိုး မလုပ်ခဲ့ဘူးဆိုတာ အင်မတန် ထင်ရှားပါတယ်။ တော်လှန်ရေးသမားတွေအနေနဲ့ လူထုတိုက်ပွဲတွေကို ကြားဝင် လှုပ်ရှားရာမှာ စည်းရုံးစုစည်းမှု လက်တွေ့မျက်နှာစာပိုင်းကို ဘယ်အတိုင်းအတာအထိ ဖောင်းပေးသင့်သလဲဆိုတဲ့ အချက်မှာသာ သူတို့နှစ်ဦး ကွဲလွဲခဲ့ကြတယ်။ သို့သော်လည်း ဒီပြဿနာနဲ့ ပတ်သက်လို့ လူဇင်ဘာ့(ဂ်)ရဲ့ အစော ပိုင်း အရေးအသားတွေ မှားခဲ့တယ်၊ ကြားဝင်လှုပ်ရှားခြင်း နဲ့

လူထုကို ကိုယ့်ဘက်ပါလာအောင် စည်းရုံးစုစည်းရခြင်း အလုပ်တွေ အထမြောက်ဖို့ဆိုရင် အင်မတန် ရှုပ်ထွေးတဲ့ လက်တွေ့ပိုင်း ပြဿနာတွေ ရှိနေလို့ပဲ။ အရေးကြီး အလုပ်ခွင်တိုင်း၊ ရပ်ကွက်တိုင်းမှာ ကေဒါတွေ အမြစ်တွယ်ထားနိုင်တဲ့ စည်းကမ်းအားကောင်းပြီး သီအိုရီ ခိုင်မာတဲ့ အဖွဲ့အစည်းတခု (ဘော်ရှီဗစ်ပါတီ) ရှိနေခဲ့လို့သာ ရုရှား အလုပ်သမားတွေ အာဏာအရယူနိုင်ခဲ့ခြင်း ဖြစ်တယ်၊ ဒီအချက်ကို အောက်တိုဘာ တော်လှန်ရေး အတွေ့အကြုံက သက်သေပြသွားခဲ့တယ်။ ဒ့ါအပြင် သူမဘဝ နိဂုံးပိုင်း မှာ လူဇင်ဘာ့(ဂ်) ကိုယ်တိုင် ဘော်ရှီဗစ်တွေလျှောက်ခဲ့တဲ့ လမ်းအတိုင်း ဂျာမနီမှာ ပါတီတခု တည်ဆောက်ဖို့ ကြိုးစားခဲ့တယ်။

ကျနော်တို့ အဓိကထားတင်ပြခဲ့တဲ့ အချက်တွေကနေ မလွဲမသွေ ရရှိလာမယ့် ကောက်ချက်က အင်မတန် ထူးချွန် ထက်မြက်တဲ့ မာ့(က်စ်)ဝါဒီကြီး နှစ်ယောက်ကြားက အဖွဲ့အစည်းနဲ့ ခေါင်းဆောင်မှု ပြဿနာအပေါ် ကွဲလွဲချက်ကို ပုံကြီးချဲ့ပြောဆိုနေကြခြင်းသာ ဖြစ်တယ်။ ဒီလို ချဲ့ကားပြောဆိုခြင်းရဲ့ ရည်ရွယ်ချက်က အလုပ်သမားထုနဲ့ လူငယ်တွေကို တော်လှန်သော အဘိဓမ္မာအမြင်ကနေ ဝေးကွာသွားအောင် အမှန်တရားကို ပုံဖျက်ပစ်ဖို့ ဖြစ်တယ်၊ အထူး သဖြင့် ခေတ်ပြောင်း ဆိုရှယ်လစ် တော်လှန်ရေးတခု အောင်မြင်ဖို့ မရှိမဖြစ် လိုအပ်ချက်တခုဖြစ်တဲ့ လူထု တော် လှန်ရေး ပါတီကြီးတခု တည်ဆောက်ရေး လိုအပ်ချက်ကို မမြင်နိုင်အောင် တားဆီးပိတ်ပင်လိုခြင်း ဖြစ်တယ်။

## • ဘော်ရှီဗစ်ဇင်၊ မင်ရှီဗစ်ဇင် နဲ့ ရိုဆာ လူဇင်ဘာ့(ဂ်)

လက်ဝဲဘက်က 'ရေစီးတွေ' တော်လှန်သော အဘိဓမ္မာအမြင်ကနေ လမ်းခွဲထွက်သွားတိုင်း သူတို့လုပ်နေတာတွေ က အလုပ်သမား လူတန်းစားရဲ့ အခြေခံ အကျိုးစီးပွားတွေကို သစ္စာဖောက်နေပြီလို့ ဘယ်တုန်းကမှ ပွင့်ပွင့်လင်း လင်း မဝန်ခံခဲ့ဖူးဘူး။ လှုပ်ရှားမှုအတွင်းက ဩဇာတိက္ကမကြီးမားတဲ့ ခေါင်းဆောင်တယောက်ယောက်ကို ရှာမယ်၊ သူ့စကားတွေကို ပုံဖျက်မယ်၊ ချဲ့ကားပြောမယ်၊ ဒီလိုနည်းနဲ့ သူတို့ရဲ့ ချွတ်ခြုံကျမှုကို တရားထူထောင်ပေးဖို့ ဖြစ် တယ်။ ကံမကောင်းစွာပဲ ရိုဆာ လူဇင်ဘာ့(ဂ်)ဟာ အဲဒီလို နည်းလမ်းတွေနဲ့ မကြာခဏ အလွဲသုံးစား အလုပ်ခံရသူ ဖြစ်နေတယ်။ သူမ ပြောခဲ့ရေးခဲ့တာတွေကို အဆက်အစပ်မပါဘဲ လိုသလို ကိုးကားကြတယ် ဒါမှမဟုတ် သူမကိုယ်တိုင် နောင်အခါမှာ ပစ်ပယ်ခဲ့တဲ့ အစောပိုင်း ဝေဖန်ချက်တွေကို မရိုးမသား အသုံးချပြီး သူမကို လီနင်တို့ ဘော်ရှီ ဗစ်တွေနဲ့ အခြေခံအားဖြင့် ဆန့်ကျင့်ဖက်ဖြစ်နေသူအဖြစ် ပုံဖော်တတ်ကြတယ်။

အထူးသဖြင့် လူဇင်ဘာ့(ဂ်)က လီနင်ဝါဒရဲ့ အာဏာရှင်ဆန်သော နည်းလမ်းတွေနဲ့ ဆန့်ကျင်ဖက်အဖြစ် စစ်မှန် သော အလုပ်သမားထု ဒီမိုကရေစီအတွက် ရပ်တည်ခဲ့တယ်ဆိုတဲ့

ယုံတမ်းကို ဖန်တီးထားကြတယ်။ ၁၉၀၄ ခုနှစ်က သူမရေးခဲ့တဲ့ "Organisational Questions of the Russian Social Democracy" ဆိုတဲ့ လက်ကမ်း စာစောင်ထဲက အရေးအသားတွေကို ဆွဲယူပြီး အဲဒီယုံတမ်းကို တည်ဆောက်ထားခြင်း ဖြစ်တယ်၊ ဒီလက်ကမ်းစာ စောင်ထဲမှာ သူမက လီနင်နဲ့ ဘော်ရှီဗစ်တွေကို "အလွန်အကျွံ ဗဟိုချုပ်ကိုင်မှုဝါဒီ"တွေလို့ ပြစ်တင်ဝေဖန်ခဲ့တယ်၊ "ဘလန်းကွီဝါဒ"လို့တောင် ဝေဖန်ရှုတ်ချခဲ့တယ် - လျှို့ဝှက်အစီအမံကို အားကိုးလွန်းတဲ့ လက်တဆုပ်စာ တော်လှန်ရေးသမား အစုလေးတစုက ဆိုရှယ်လစ် တော်လှန်ရေးကို အလုံးစုံ ချုပ်ကိုင်ထားလိုတဲ့ အယူအဆကို ဘလန်း ကွီဝါဒလို့ ဆိုလိုရင်း ဖြစ်တယ်။ အမှန်တော့ လီနင် ဦးတည်ကြိုးပမ်းနေတဲ့ အရာကို ***အဲဒီကာလတုန်းက***လူဇင်ဘာ့(ဂ်)နားမလည်ခဲ့ဘူး။

သူမရဲ့ အဲဒီကာလ ဝေဖန်ချက်ကို အသုံးချပြီး ရိုဆာ လူဇင်ဘာ့(ဂ်)ကို လီနင်နဲ့ ခွဲထုတ်ဖို့ ကြိုးစားသူတွေဟာ သူမ ရဲ့ အတွေးအခေါ် အမှန်တကယ် ဖြစ်ထွန်းတိုးတက်လာပုံကို လစ်လျူရှုထားကြတယ်။ ဒီလက်ကမ်းစာစောင်ကို ရေးပြီး နှစ်အနည်းငယ်အကြာမှာ လူဇင်ဘာ့(ဂ်) က အဲဒီအမြင်တွေကို စွန့်ပစ်ခဲ့တယ်။ နောင်မှာ ကား(လ်)လိ(ဘ်) နက်နဲ့အတူ စပါတာကပ်(စ်) အဖွဲ့ချုပ်ကို ဂျာမန် ကွန်မြူနစ်ပါတီအဖြစ် ပြောင်းလဲပစ်ရေးကိုပဲ သူမ ဦးတည်ကြိုးစားလာခဲ့တယ်။ ဂျာမန် ကွန်မြူနစ်ပါတီဟာ လီနင် နဲ့ ထရော့စကီးတို့ ခေါင်းဆောင်နေတဲ့ ကွန်မြူနစ် အင်တာနေ ရှင်နယ်ရဲ့ အစိတ်အပိုင်းတခု ဖြစ်လာခဲ့တယ်။ ဒါ့ကြောင့် လူဇင်ဘာ့(ဂ်)ကို လီနင်ဝါဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေသူအဖြစ် ပုံဖော်ဖို့ ကြိုးစားတာဟာ လုံးဝ မရိုးသားတာပဲ။

ဒီလိုယုံတမ်း တည်ဆောက်ရတာ အဆင်ပြေ ချောမွေ့အောင် အဲဒီလက်ဝဲ အုပ်စုတွေကပဲ လီနင်နဲ့ ဘော်ရှီဗစ်တွေ ရဲ့ ရပ်တည်ချက်အမှန်ကို တလွဲပုံဖော်ကြပြန်တယ်။ ဘော်ရှီဗစ်ပါတီကို ငြင်းခုန်ဆွေးနွေးမှုတွေ လုပ်ခွင့်မရှိတဲ့ အဖွဲ့အစည်းတွင်း ဒီမိုကရေစီ ဆိတ်သုဉ်းနေတဲ့ ဗဟိုချုပ်ကိုင်မှု အားကြီးလွန်းသော လီနင့် ခေါင်းဆောင်မှုအောက်က မိုနိုလစ်သစ် ယန္တယားတခုအဖြစ် ပုံဖော်ကြတယ်။ အမှန်မှာ ဘော်ရှီဗစ် ပါတီသမိုင်းတလျှောက် အဖွဲ့အစည်းတွင်း ဆွေးနွေးငြင်းခုန်မှုတွေမှာ လွတ်လပ်မှု အပြည့်ရှိခဲ့တယ်၊ ကွဲပြားတဲ့ ဆန့်ကျင်ဖက် အမြင်တွေကို လွတ်လပ်စွာ ဆွေးနွေးခဲ့ကြတယ်။

ဘော်ရှီဗစ် ပါတီကို ဝေဖန်ကြတဲ့ ပြုပြင်ရေးဝါဒီတွေ အမှန်တကယ် ဆန့်ကျင်နေတဲ့ အရာက ဘော်ရှီဗစ် ပါတီဟာ ဆွေးနွေးငြင်းခုန်မှုပဲ လုပ်နေတဲ့ ကလပ်တခု မဟုတ်ဘဲ၊ အလုပ်သမား လူတန်းစားထဲက ရှေ့တန်းရောက် အလွှာ တွေရဲ့ တိုက်ပွဲဝင် တော်လှန်ရေး အဖွဲ့အစည်း တခုဖြစ်နေတဲ့ အချက်ပဲ။ ပါတီရဲ့ အလုပ်က လုပ်ငန်းစဉ်၊ နည်းလမ်း နဲ့ နည်းဗျူဟာဆိုင်ရာ ပြဿနာတွေကို ကြည်လင်ရှင်းလင်းအောင် လုပ်ပေးဖို့၊ အရင်းရှင်စနစ် ဖြိုချရေးကို ရည် မှန်းချက်ထား တိုက်ပွဲဝင်တဲ့ စည်းကမ်းခိုင်မာသော ပါတီတခု တည်ဆောက်ဖို့

ဖြစ်တယ်။ ပါတီတွင်းဘ၀ကို ဒီမိုကရေစီ ဗဟိုဦးစီးမှု အခြေခံမှုတွေနဲ့ ထိန်းကျောင်းထားတယ် - ဘယ်ပြဿနာမဆို ပါတီအတွင်း ဆွေးနွေး ငြင်းခုန်မှုတွေ လုပ်ပြီးတာနဲ့ မဲခွဲဆုံးဖြတ်လိမ့်မယ်၊ အများစုသဘောထားနဲ့ ဆုံးဖြတ်လိုက်တဲ့အရာက ပါတီရဲ့ ပေါ် လစီ ဖြစ်လာမယ်။ ဒီအခြေခံကနေ ဒီမိုကရေစီနည်းကျ သဘောတူ ဆုံးဖြတ်ထားတဲ့ အရာတွေကို အဖွဲ့ဝင်အားလုံး က ပိုပြီးကျယ်ပြန့်တဲ့ အလုပ်သမား လှုပ်ရှားမှုအတွင်း အသက်သွင်းပေးနိုင်အောင် ကြိုးစားကြရတယ်။

ဒါဟာ ပြုပြင်ရေးဝါဒီတွေ ရေးခြစ်ထားတဲ့ ပုံပျက်ပန်းပျက် ဘော်ရှီဗစ်ဇင်နဲ့ ဘာမှမဆိုင်ပေ။ သူတို့ လိမ်လည်ချက် အရဆိုရင် ဘော်ရှီဗစ်ဇင်ဆိုတာ လျှို့ဝှက်အစီအမံတခု၊ တပါတီတည်းက ကြီးစိုးတဲ့ အာဏာရှင်ပုံစံတခုပဲ ဖြစ်နေ တယ်။ လူဇင်ဘာ့(ဂ်)က လီနင်ကို ဆန့်ကျင်ပြီး ဒီမိုကရေစီဘက်ကနေ ခုခံရပ်တည်ခဲ့သူဆိုတဲ့ အလိမ်အညာနဲ့ ထပ် လောင်း အားဖြည့်လိုက်ကြသေးတယ်။ ဒီလို လိမ်ညာပုံဖျက်ရင်း ၂နှစ်အကြာ ၁၉၀၆ ခုနှစ်မှာ လူဇင်ဘာ့(ဂ်)ရေးခဲ့ တဲ့ Blanquism and Social Democracy ကို ခပ်လွယ်လွယ်ပဲ မျက်ကွယ်ပြုလိုက်ကြတယ်၊ 'ဘလန်းကွီဝါဒနဲ့ ဆိုရှယ်ဒီမိုကရေစီ' မှာ လူဇင်ဘာ့(ဂ်)က လီနင်ဘက်ကနေ ခုခံကာကွယ်ခဲ့တယ်၊ ဘလန်းကွီဝါဒီအဖြစ် စွပ်စွဲချက် တွေကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်၊ မင်ရှီဗစ်တွေရဲ့ အချောင်သမားဝါဒကို တိုက်ခိုက်ခဲ့တယ် - "ဒီကနေ့ ဘော်ရှီဗစ် ရဲဘော်တွေက ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ပြောတယ်ဆိုရင် သူတို့ဟာ ပစ္စည်းမဲ့ အာဏာ ရှင်စနစ်ကို ခေတ်ဟောင်း ဘလန်းကွီဝါဒ အဓိပ္ပါယ်နဲ့ ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး။ 'လက်တဆုပ်စာ တော်လှန်ရေးသမားတွေကိုယ်တိုင် အာဏာသိမ်းယူရေး'ကို စိတ်ကူးယဉ်ခဲ့တဲ့ Narodnaya Volya (အခန်းဆက် ဘာသာပြန် ဖော်ပြနေတဲ့ Bolshevism စာအုပ်၊ အခန်း တစ်မှာ ဒီလှုပ်ရှားမှုအကြောင်း အကျယ်တဝင့် တင်ပြထားပါတယ်) ရဲ့ အမှားမျိုး ဘော်ရှီဗစ် ရဲဘော်တွေ တခါမှ မလုပ်ခဲ့ဖူးဘူး။ ဒါနဲ့ဆန့်ကျင်ဖက်အနေနဲ့ ပစ္စည်း မဲ့ လူတန်းစား (တော်လှန်သော လူတန်းစားတရပ်လုံး)က နိုင်ငံတော် အာဏာကို အလုံးစုံ ပိုင်ဆိုင်တဲ့အခါမှ လက် ရှိ တော်လှန်ရေး အောင်ပွဲရလိမ့်မယ်လို့ သူတို့အခိုင်အမာ ဆိုထားတယ်။

"ဘယ်သူက 'ဘလန်းကွီဝါဒီ'ဖြစ်ပြီး ဘယ်သူက 'မူရင်း မာ့က်စ်ဝါဒီ'ဖြစ်သလဲဆိုတဲ့ ဂူးဂူးဝါးဝါး ဆူညံသံတွေ၊ ပညာ တတ်ဆန်လိုမှုတွေကို အဆုံးသတ်ဖို့ အချိန်တန်ပြီ။ တကယ်တမ်း ကျမတို့ သိဖို့လိုအပ်နေတာ ရဲဘော် ပလက်ခ နော့(ဗ်)နဲ့ သူ့ရဲ့ မင်ရှီဗစ်ရဲဘော်တွေ အဆိုပြုထောက်ခံထားတဲ့ ဖြစ်နိုင်သမျှ ဒူးမားလွှတ်တော်ကနေပဲ အလုပ်လုပ် ရေး နည်းဗျူဟာက အခုချိန်မှာ မှန်ကန်သလား ဒါမှမဟုတ် ဘော်ရှီဗစ် ရဲဘော်တွေလိုပဲ ကျမတို့ ကျင့်သုံးနေတဲ့ နည်းဗျူဟာက မှန်ကန်သလား - ဘော်ရှီဗစ် ရဲဘော်တွေ အဆိုပြု ထောက်ခံခဲ့တဲ့ နည်းဗျူဟာက လူတန်းစား တိုက်ပွဲ ဗဟိုချက်ဟာ ဒူးမား လွှတ်တော်ရဲ့အပြင်မှာ ရှိတယ်၊ တော်လှန်သော လူထုကြီး တက်တက်ကြွကြွ

ရှန်းထ လာတဲ့နေရာမှာ တိုက်ပွဲ ဗဟိုချက်ရှိနေတယ်ဆိုတဲ့ မူကို အခြေခံထားတယ်။ လက်ရှိအချိန်မှာ ဘယ်နည်းဗျူဟာက မှန်ကန်သလဲ သိဖို့လိုအပ်တယ်။"

ဒီနောက်တနှစ်အကြာ ၁၉၀၇ ခုနှစ်၊ ရုရှားဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီရဲ့ ငါးကြိမ်မြောက်ကွန်ဂရက်မှာ သူမ မိန့်ခွန်းပြောခဲ့တယ်၊ မင်ရှီဗစ်နဲ့ ဘော်ရှီဗစ်တွေ ညီညွတ်ရေးတည်ဆောက်ထားချိန်ဖြစ်လို့ နှစ်ဖက်လုံး ကွန်ဂရက် တက်ရောက်တဲ့ ကွန်ဂရက်ဖြစ်ခဲ့တယ်၊ ဒီကွန်ဂရက်မှာ ပြောခဲ့တဲ့ မိန့်ခွန်းမှာလည်း လူဇင်ဘာ့(ဂ်)က ဘော် ရှီဗစ်တွေဘက်ကနေ ခုခံချေပခဲ့တယ်၊ ဘော်ရှီဗစ်တွေက 'သဘောထားတင်းမာလွန်းတယ်'၊ အဖွဲ့အစည်းကိစ္စမှာ 'ကျဉ်းမြောင်းလှတယ်'ဆိုတဲ့ စွပ်စွဲချက်တွေကို လူဇင်ဘာ့(ဂ်)က ဆန့်ကျင်ဝေဖန်သွားခဲ့တယ် -

"အနောက်ဥရောပလူ့ပ်ရှားမှု စွဲကိုင်လာခဲ့တဲ့ တွေးခေါ်စဉ်းစားပုံတွေနဲ့ ရင်းနှီးကျွမ်းဝင်နေခဲ့တဲ့ ပိုလန် ရဲဘော်တွေအနေနဲ့ [ဘော်ရှီဗစ်တွေရဲ့] ပိုင်းဖြတ်ချက် ခိုင်မာမှုကို ရှင်တို့ထက်ပိုပြီးတော့တောင် အံ့အားသင့်မိနေနိုင်တယ်။ ဒါပေမယ့် သဘောထားကွဲလွဲစရာ လက္ခဏာတွေအားလုံး ဘယ်ကနေ ထွက်ပေါ်လာသလဲ သိကြလား ရဲဘော်တို့။ တခြားတိုင်းပြည်တွေက ပါတီတွင်း ဆက်ဆံရေးတွေနဲ့ ရင်းနှီး ကျွမ်းဝင်နေသူဆိုရင် ဒီလိုစရိုက်လက္ခဏာတွေကို တော်တော်ရင်းနှီးနေမယ် - ဒီစရိုက်လက္ခဏာတွေဟာ ပစ္စည်းမဲ့ လူတန်းစားရဲ့ အမှီခိုကင်း လွတ်လပ်သော လူ တန်းစား ပေါ်လစီကို အင်မတန် အားကောင်းနေတဲ့ ဆန့်ကျင်ဖက် လမ်းကြောင်း ရန်ကနေ ခုခံကာကွယ်ပေးရတဲ့ ဆိုရှယ်လစ် လမ်းကြောင်းရဲ့ စိတ်ဓာတ်ရေးရာ စံပြ ဝိသေသလက္ခဏာကို ကိုယ်စားပြုနေခြင်း ဖြစ်တယ်။ (လက်ခုပ်သံများ)

"တင်းမာမှုဆိုတာ တခြားတဖက် အင်အားစုကဖြစ်ရပ်တွေရဲ့ ဖိအားအောက်မှာ ပုံသဏ္ဍာန်မဲ့ ဂျယ်လီလို လားရာ မျိုးစုံ ဝပ်တွားသွားချိန် တဖက်က ဆိုရှယ် ဒီမိုကရက်တွေရဲ့ နည်းဗျူဟာဆိုင်ရာ ပုံသဏ္ဍာန် ဖြစ်တယ်၊ (လက်ခုပ်သံများ)"

ဒီနေရာမှာ ကောက်ချက်က ရှင်းပါတယ်။ ရှိဆာ လူဇင်ဘာ့(ဂ်)၊ လီနင် နဲ့ ဘော်ရှီဗစ်တွေ ကျန်တာအားလုံးထက် ပိုအလေးထားရပ်တည်ခဲ့တဲ့အရာက "ပစ္စည်းမဲ့ လူတန်းစားရဲ့ အမှီခိုကင်း လွတ်လပ်သော လူတန်းစား ပေါ်လစီ" သာ ဖြစ်တယ်။ ဘော်ရှီဗစ်ဇင်နဲ့ မင်ရှီဗစ်ဇင်ကြား တိုက်ပွဲမှာ၊ တော်လှန်သော မာ့(က်စ်)ဝါဒနဲ့ ပြုပြင်ရေးဝါဒကြား တိုက်ပွဲမှာ လူဇင်ဘာ့(ဂ်)က ပြုပြင်ရေးဝါဒနဲ့ ဆန့်ကျင်ပြီး လီနင်နဲ့ ဘော်ရှီဗစ်တွေဘက်မှာပဲ အခိုင်အမာ ရပ်တည်ခဲ့တယ်၊ ဒီကနေ့ခေတ် 'လူဇင်ဘာ့ဂ်ဝါဒီ'ဆိုသူတွေက ဘော်ရှီဗစ်တွေနဲ့ ဆန့်ကျင်ဖက် ပြုပြင်ရေးဝါဒကို သူမရဲ့ အရည်အသွေးအဖြစ် နှင်းအပ်ဖို့ ကြိုးစားလာကြတယ်။ နောင်မှာ လီနင် မှတ်ချက်ပေးခဲ့သလိုပဲ "၁၉၀၇မှာ သူမက လစ်သူအေးနီးယားနဲ့ ပိုလန် ဆိုရှယ်

ဒီမိုကရက် ကိုယ်စားလှယ်တယောက်အဖြစ် ရုရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီရဲ့ လန်ဒန် ကွန်ဂရက်ကို ပါဝင်တက်ရောက်ခဲ့တယ်၊ ရုရှား တော်လှန်ရေးရဲ့ အခြေခံ ပြဿနာအား လုံးမှာ ဘော်ရှီဗစ်အင်အား စုဘက်က ရပ်တည်ထောက်ခံပေးခဲ့တယ်။ ”

## • ရိုဆာလူဇင်ဘာ့(ဂ်)နဲ့ ရုရှားတော်လှန်ရေး

ရိုဆာ လူဇင်ဘာ့(ဂ်)ကို ဘော်ရှီဗစ်တွေနဲ့ ဆန့်ကျင်ဖက်အဖြစ် ပုံဖော်ဖို့ သုံးလေ့ရှိတဲ့ နောက်လက်ရာတခုက သီး သန့်ဆန်ဆန် ရေးထားခဲ့ပြီး သူမတသက်တာမှာ ထုတ်ဝေဖို့ မဆုံးဖြတ်ခဲ့တဲ့ The Russian Revolution (1918) ဆိုတဲ့ အရေးအသားပဲ။ အဲဒီဆောင်းပါးထဲမှာ ရုရှား တော်လှန်ရေးအတွင်း ဘော်ရှီဗစ်တွေရဲ့ လုပ်ဆောင်ချက်တွေ ကို ရိုဆာက အများကြီး ဝေဖန်ထားခဲ့တယ်။ သို့သော်လည်း ‘လူဇင်ဘာ့ဂ်ဝါဒီတွေ’ ခပ်ပေ့ါပေ့ါလေး လစ်လျူရှုထားတဲ့ အချက်က ***အဲဒီဆောင်းပါးကို ရေးတဲ့အချိန်မှာ လူဇင်ဘာ့(ဂ်)က ထောင်ထဲမှာပဲ*** ရှိနေသေးတယ်။ ၁၉၁၆ ခုနှစ်ကတည်းက ထောင်ချခံထားရပြီး ရုရှား တော်လှန်ရေး ဖြစ်လာချိန်အထိ သူမ ထောင်ကျနေဆဲ ဖြစ်တယ်။ အောက်တိုဘာ တော်လှန်ရေးနဲ့ ပတ်သက်လို့ သတင်းအချက်အလက် အနည်းအပါးလောက်ပဲ သူမ ရနိုင်ခဲ့တယ်၊ သူမ ကြားသိရသလောက်ကို သီးသန့်သဘော ချရေးထားခဲ့ခြင်း ဖြစ်တယ်။ ၁၉၁၈ ခုနှစ်မှာ ထောင်ကလွတ်တာနဲ့ ထောင်ထဲမှာရေးခဲ့တဲ့ သူမ သုံးသပ်ချက်မှာ ချို့ယွင်းချက်တွေ မလွဲမသွေ ရှိနေမှန်း ရိုဆာ သိခဲ့တယ်၊ ရုရှား တော် လှန်ရေးနဲ့ ပတ်သက်လို့ ထောင်ထဲမှာ ရေးထားသမျှကို ထုတ်ဝေဖို့ သူမ ငြင်းဆန်ခဲ့တယ်။ ထောင်ထဲမှာ ရေးခဲ့တဲ့ ဆောင်းပါးကိုသာ ထုတ်ဝေလိုက်ရင် တော်လှန်ရေးရဲ့ ရန်သူတွေက ပုံဖျက်ပစ်ကြမှာကို သူမ ကောင်းကောင်းနား လည်ခဲ့လို့ ထုတ်ဝေခွင့် မပေးခဲ့ခြင်းဖြစ်တယ်။

၁၉၁၈ နိုဝင်ဘာမှာ ထောင်ကလွတ်ပြီးတဲ့နောက် သူမ အမြင်တွေ မှားခဲ့တယ်၊ မပြည့်စုံတဲ့ သတင်းအချက်အလက် တွေအပေါ် အခြေခံထားခဲ့တယ်လို့ ရိုဆာ ပြောခဲ့တယ်၊ ဒီအကြောင်းကို ရိုဆာ လူဇင်ဘာ့(ဂ်)နဲ့ အင်မတန်ရင်းနှီးခဲ့တဲ့ ကလရာ ဇက်(ထ်)ကင်းက ပြန်ပြောပြခဲ့တယ်။ ရိုဆာ လူဇင်ဘာ့(ဂ်)က အမှားတခု လုပ်ထားမိရင် မှားသွားမှန်း အသိအမှတ်ပြု လက်ခံနိုင်စွမ်းရှိသူဖြစ်တယ်၊ အောက်တိုဘာ တော်လှန်ရေးနဲ့ ပတ်သက်ပြီး ရိုဆာ လူဇင်ဘာ့ဂ်ရဲ့ ရပ်တည်ချက်ကို အမြင်မရှင်းစရာ ဘာမှမရှိပေ - အောက်တိုဘာ တော်လှန်ရေးကို သူမ အပြည့်အဝ ထောက်ခံခဲ့ တယ်၊ အောက်တိုဘာ တော်လှန်ရေးကို ခေါင်းဆောင်ခဲ့တဲ့ ဘော်ရှီဗစ်ပါတီကို သူမ အပြည့်အဝ ထောက်ခံခဲ့တယ်။

တကယ်တော့ ၁၉၁၈ ဆောင်းပါးကို ရိုဆာ အသတ်ခံရပြီး သုံးနှစ်အကြာ ၁၉၂၂ ခုနှစ်ကျမှ Paul Levi က ထုတ်ဝေ ခဲ့ခြင်း ဖြစ်တယ်။ ပါတီ စည်းမျဉ်းကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခဲ့လို့

ဂျာမန် ကွန်မြူနစ်ပါတီနဲ့ တတိယ အင်တာနေရှင်နယ်ကနေ အထုတ်ခံရပြီးမှ ပေါ(လ်)လဲဗီ ထုတ်ဝေခဲ့ခြင်း ဖြစ်တယ်။ ဒီစာမူတွေကို ထုတ်ဝေဖို့ သူ့ကို ရို ဆာက တခါမှ ခွင့်ပြုချက် မပေးခဲ့ဖူးဘူး၊ ဒီနောက်ခံ အသေးစိတ်တွေကို သတိချပ်ဖို့ အထူးအရေးကြီးတယ်။

သို့သော်လည်း ဒီလက်ရာထဲမှာတောင် ရုရှား တော်လှန်ရေးနဲ့ ဘော်ရှီဗစ်တွေကို အစကနေ အဆုံးတိုင် သူမ အပြည့်အဝ ထောက်ခံခဲ့ကြောင်း တွေ့ရလိမ့်မယ်။ သူမ ဝေဖန်တယ်ဆိုတာလည်း အောက်တိုဘာ တော်လှန်ရေး ကို ပြစ်တင်ရှုတ်ချတာမျိုးထက် ရဲဘော်ရဲဘက်ပုံစံ ဝေဖန်တာမျိုးသာ ဖြစ်တယ်။ လီနင်က အင်မတန် ရက်စက် ကြမ်းကြုတ်တဲ့ အာဏာရှင်စနစ်တခုကို ထူထောင်နေတယ်လို့ သူမ အမှန်တကယ် ယုံကြည်ခဲ့တယ်ဆိုရင် ရိုဆာ က ဘာဖြစ်လို့ အချိန်ကုန်ခံပြီး ဝေဖန်အကြံပြုချက်တွေ ပေးနေဦးမလဲ။ ဒီလို အချိန်ဖြုန်းနေမယ့်အစား ဘော်ရှီဗစ် တွေကို ဆန့်ကျင်ကြဖို့ပဲ ရုရှား အလုပ်သမားတွေကို ဆော်ဩခဲ့လိမ့်မယ်။ ဒီလို မဖြစ်ခဲ့တာ အင်မတန် ရှင်းပါတယ်။ အဲဒီဆောင်းပါးကို ဟောဒီစကားလုံးတွေနဲ့ ဖွင့်ထားတယ် - "ရုရှား တော်လှန်ရေးဟာ ကမ္ဘာစစ်အတွင်းက အားအ ကြီးဆုံး အရေးတော်ပုံကြီးဖြစ်တယ်"။ အဲဒီဆောင်းပါး ပထမပိုင်းကို သူမ ဘယ်လို အဆုံးသတ်ထားလဲဆိုတော့ -

" ဒါ့အပြင် ဘော်ရှီဗစ်တွေ ဒီလိုအာဏာသိမ်းရခြင်းဟာ ဘူဇွာ ဒီမိုကရေစီကို ကာကွယ်ပေးဖို့ မဟုတ်ဘူး၊ ဒီထက် အများကြီး ပိုကျယ်ပြန့်ပြီး ပြည့်စုံတဲ့ တော်လှန်ရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအဖြစ် ရည်မှန်းချက် ချမှတ်ထားကြတယ်၊ ပစ္စည်းမဲ့ အာဏာရှင်စနစ်က ဆိုရှယ်လစ်စနစ်ကို လက်တွေ့အသက်သွင်းပေးဖို့ ဖြစ်တယ်။ ဒါ့ကြောင့် ဘော်ရှီဗစ်တွေဟာ ရေရှည်ခိုင်မြဲတဲ့ သမိုင်းဆိုင်ရာ အောင်ပွဲရရှိထားတယ်၊ ဆိုရှယ်လစ် စနစ်ဆိုတဲ့ အန္တိမ ရည်မှန်းချက်ကို လက်တွေ့နိုင်ငံရေးရဲ့ တိုက်ရိုက် လုပ်ငန်းစဉ်အဖြစ် ပထမဆုံးအကြိမ် ကြေညာထားနိုင်ခဲ့တယ်။

"ပါတီတခုက သမိုင်းဝင် အချိန်တခုမှာ ရဲစွမ်းသတ္တိ၊ တော်လှန်ရေး အမြော်အမြင်ကြီးမားမှုနဲ့ ရှေ့နောက်ညီညွတ်မှု ကို ပေးနိုင်ခဲ့ရင် လီနင်၊ ထရော့စကီးနဲ့ တခြားရဲဘော်တွေအားလုံးက ကောင်းကောင်းကြီး ပေးခဲ့တယ်။ အနောက် ဆိုရှယ် ဒီမိုကရေစီမှာ ဆိတ်သုဉ်းနေတဲ့ တော်လှန်ရေး ဂုဏ်သိက္ခာနဲ့ စွမ်းဆောင်ရည်တွေကို ဘော်ရှီဗစ်တွေက ကိုယ်စားပြု ဖော်ထုတ်ခဲ့တယ်။ ဘော်ရှီဗစ်တွေ ခေါင်းဆောင်တဲ့ အောက်တိုဘာ အုံကြွမှုက ရုရှား တော်လှန်ရေး တခုတည်းကိုပဲ ကယ်တင်ပေးခဲ့တာ မဟုတ်ဘူး၊ နိုင်ငံတကာ ဆိုရှယ်လစ်ဝါဒရဲ့ ဂုဏ်သိက္ခာကိုပါ အဖတ်ဆယ်ပေး ခဲ့တာ။"

ဒီနောက် ဆောင်းပါး ကို အခုလို အဆုံးသတ်ထားတယ် -

"ဖြစ်သင့်တာက ဘော်ရှီဗစ် နိုင်ငံရေးရဲ့ အဓိကနဲ့

သာမညကို ခွဲခြားဖို့၊ ပြင်ပန်းသဏ္ဍာန်နဲ့ အတွင်းသားအနှစ်သာရ ကို ခွဲခြားဖို့ပဲ။ တကမ္ဘာလုံးမှာ အဆုံးအဖြတ် တိုက်ပွဲတွေ ရင်ဆိုင်နေရတဲ့ ဒီကနေ့ကာလမှာ ဆိုရှယ်လစ်ဝါဒရဲ့ အရေးအကြီးဆုံး ပြဿနာက ငါတို့ခေတ်ရဲ့ အရေးပေါ် ပြဿနာဖြစ်ခဲ့တယ်၊ ဖြစ်နေတယ်။ ဒါဟာ ဘယ်နည်းနာ သုံးမလဲဆိုတဲ့ လက်အောက်ခံ ပြဿနာမဟုတ်ဘူး။ ဒါဟာ ပစ္စည်းမဲ့ လူတန်းစားရဲ့ လှုပ်ရှားနိုင်စွမ်း၊ လှုပ်ရှားနိုင်တဲ့ အင်အား၊ ဆိုရှယ်လစ်စနစ်ဆီ အရောက်ချီတက်လိုတဲ့ စိတ်ဓာတ်။ ဒီနေရာမှာ လီနင်၊ ထရော့စကီးနဲ့ သူတို့မိတ် ဆွေတွေက နံပါတ်တစ်ပဲ၊ သူတို့တတွေဟာ ကမ္ဘာ့ ပစ္စည်းမဲ့ လူတန်းစားအတွက် စံနမူနာဖြစ်အောင် ရှေ့ဆောင်ပြခဲ့ တယ်။ ဒီကနေ့အထိ Hutten ကြုံးဝါးသလို 'လုပ်ဝံ့ပြီပေါ့' လို့ ဟစ်ကြွေးနိုင်တာ သူတို့ပဲ ရှိသေးတယ်။

"ဒါဟာ ဘော်ရှီဗစ် ပေါ်လစီမှာ အမြဲတမ်း မရှိမဖြစ် ပါဝင်နေတဲ့ အတွင်းသားဖြစ်တယ်။ ဒီသဘောအရဆိုရင် သူတို့ တော်လှန်ရေးဟာ ဘယ်တော့မှ မသေဆုံးနိုင်တဲ့ သမိုင်းဆိုင်ရာ အလုပ်အကျွေးပြုမှု ဖြစ်တယ်၊ နိုင်ငံတကာ ပစ္စည်း မဲ့ လူတန်းစားရဲ့ တပ်ဦးကနေ ချီတက်ပြီး နိုင်ငံရေးအာဏာကို ဆွတ်ခူးပြခဲ့တယ်၊ ဆိုရှယ်လစ်စနစ် အကောင်အ ထည်ဖော်ရေး လက်တွေ့ပြဿနာကို ဖော်ထုတ်ပေးခဲ့တယ်၊ တကမ္ဘာလုံးက အလုပ်နဲ့အရင်းကြား ဘယ်သင်းက အနိုင်ရမလဲ ပြဿနာကို သတ္တိအပြည့်နဲ့ ဆွဲထုတ်ခဲ့တယ်။ ရုရှားမှာတော့ ပြဿနာကိုသာ ဖော်ထုတ်နိုင်ခဲ့တယ်။ ရု ရှား တပြည်ထဲမှာပဲ ဖြေရှင်းနိုင်ကောင်းတဲ့ ပြဿနာမဟုတ်ပေ။ ဒီသဘောအရ ကမ္ဘာ့နေရာအသီးသီးရဲ့ အနာဂတ် ကို 'ဘော်ရှီဗစ်ဇင်'က ပိုင်ဆိုင်ထားတယ်။"

## • ဂျာမန် တော်လှန်ရေးကသာ ရုရှား တော်လှန်ရေးကို ကယ်တင်နိုင်ခဲ့မယ်

သို့သော်လည်း လူဇင်ဘာ့(ဂ်)ဟာ ရုရှား တော်လှန်ရေးကို ထောက်ခံမှုပေးရုံပဲ ပေးခဲ့တာ မဟုတ်ဘူး။ ဆိုဗီယက် အစိုးရစနစ်မှာ အမှားတွေရှိခဲ့ရင် လီနင်၊ ထရော့စကီးတို့ရဲ့ သဘောတရားတွေကြောင့် ဖြစ်လာတာမဟုတ်ဘူး၊ သူတို့ရည်ရွယ်ချက်တွေကြောင့် ပေါ်လာတာ မဟုတ်ဘူးဆိုတာ သူမ ကောင်းကောင်း နားလည်ခဲ့တယ်။ ရုရှား တော်လှန်ရေး ထီးတည်းဖြစ်နေခြင်း (*isolation*) နဲ့ ရုရှား လူ့အဖွဲ့အစည်းရဲ့ ခေတ်နောက်ကျနေဆဲ အခြေအနေ တွေကြောင့် ချို့ယွင်းချက်တွေ ဖြစ်လာခဲ့ရမှန်း သူမ နားလည်ခဲ့တယ်။ (၁၉၁၇ ရုရှားဟာ လယ်သမားအများစု သန်းတရာကျော် ရှိနေတဲ့ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်းအဆင့်မှာပဲ ရှိသေးတယ်။ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန် တို့လို ရှေ့တန်းရောက် အရင်းရှင်တိုင်းပြည်ကြီးတခု မဟုတ်သေးဘူး။ ဒါ့ကြောင့် 'ခေတ်နောက်ကျနေဆဲ အခြေအ နေတွေ'လို့ ပြောခြင်းဖြစ်တယ်။ ဘာသာပြန်သူ) ဒါ့ကြောင့် အဖြေက ဂျာမန် တော်လှန်ရေး ဆင်နွှဲပြီး ရုရှား တော် လှန်ရေး အထီးတည်းဖြစ်နေခြင်းကို ချိုးဖျက်ပစ်ဖို့ပဲ -

"ရုရှားမှာ ဖြစ်သမျှ အရာအားလုံးကို နားလည်ပေးနိုင်တယ်၊ ဒီအရာတွေက မလွဲမသွေ ပေါ်လာတဲ့ အကြောင်း နဲ့ အကျိုး ချိန်းတန်းကြီးကို ကိုယ်စားပြုထားတယ်၊ ဒီချိန်းတန်းကြီးရဲ့ စမှတ်က ဂျာမန် ပစ္စည်းမဲ့ လူတန်းစား အရေး နိမ့်ခြင်း ဖြစ်ပြီး၊ ဆုံးမှတ်က ရုရှားကို ဂျာမန် နယ်ချဲ့စနစ်က ကျူးကျော်သိမ်းပိုက်ခြင်းပဲ။ ဒီလိုအခြေအနေတွေ ရင် ဆိုင်နေရတဲ့ လီနင်နဲ့ သူ့ရဲဘော်တွေကို အကောင်းဆုံး ဒီမိုကရေစီ၊ စံနမူနာအဖြစ်ထိုက်ဆုံး ပစ္စည်းမဲ့ အာဏာရှင် စနစ်နဲ့ ဆူဖြိုးကြွယ်ဝတဲ့ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ဖန်တီးပြဖို့ မျှော်လင့်ခဲ့ရင် ဆူပါလူသားဆန်တဲ့ အရာတွေ တောင်းဆိုရာ ရောက်လိမ့်မယ်။ သူတို့ရဲ့ ပိုင်းဖြတ်ချက် ခိုင်မာသော တော်လှန်ရေး ရပ်တည်မှု၊ သူတို့ရဲ့ စံပြလုပ် ဆောင်ချက် အင်အား၊ အင်တာနေရှင်နယ် ဆိုရှယ်လစ်ဝါဒအပေါ် ချိုးဖျက်လို့မရအောင် သစ္စာခိုင်မြဲမှုတွေနဲ့ ဒီလို အလွန်တရာ ဆိုးရွား ခက်ခဲလွန်းလှတဲ့ အခြေအနေတွေအောက်မှာ အကျိုးပြုလို့ ဖြစ်နိုင်တာမှန်သမျှ လီနင်နဲ့ သူ့ ရဲဘော်တွေက အကျိုးပြုထားပြီး ဖြစ်တယ်။"

ဆိုဗီယက် ရုရှားကို 'အာဏာရှင်စနစ်'တခု ဖြစ်တယ်လို့ အကြောင်းပြပြီး မထောက်ခံခဲ့တဲ့ ဂျာမနီက ဆိုရှယ် ဒီမိုက ရက်တစ် ခေါင်းဆောင်တွေကိုလည်း ရိုဆာ လူဇင်ဘာ့(ဂ်)က ပြစ်တင်ရှုတ်ခဲ့သေးတယ် -

"ရုရှားက ဘော်ရှီဗစ် အုပ်စိုးမှုဟာ ပစ္စည်းမဲ့ အာဏာရှင်စနစ်ရဲ့ ပုံပျက်ပန်းပျက် ဖော်ထုတ်ချက်တခုပဲလို့ ဂျာမန် အစိုးရ ဆိုရှယ်လစ်တွေ အော်ဟစ်နေကြပါစေ။ အဲဒီလို ဖြစ်ခဲ့တယ် ဒါမှမဟုတ် ဖြစ်နေတယ်ဆိုရင် ဒါဟာ ဂျာမန် ပစ္စည်းမဲ့ လူတန်းစား ပြုမူချက်ရဲ့ အသီးအပွင့်တခုသာ ဖြစ်တယ်၊ ဂျာမန် ပစ္စည်းမဲ့ လူတန်းစားရဲ့ ပြုမူချက်ကိုယ်တိုင်က ဆိုရှယ်လစ် လူတန်းစားတိုက်ပွဲရဲ့ ပုံပျက်ပန်းပျက် ဖော်ထုတ်ချက်တခု ဖြစ်နေလို့ပဲ။ ကျမတို့အားလုံးဟာ သမိုင်းနိယာမတွေကို လွန်ဆန်လို့ မရဘူး၊ ***နိုင်ငံတကာ အတိုင်းအတာနဲ့ပဲ လူ့အဖွဲ့အစည်းကို ဆိုရှယ်လစ်စနစ် ထူထောင်ပေးလို့ ရနိုင်တယ်။"*** [ဆောင်းပါးရေးသူတို့ရဲ့ အထူးပြုချက်]

လူဇင်ဘာ့(ဂ်)ရဲ့ အမြင်တွေကို ပုံဖျက်ပစ်ဖို့ အဆက်အစပ်မပါဘဲ ကောက်စာတကြောင်းတလေကို လိုရာဆွဲ ဖော် ပြတာမျိုး လုပ်မယ့်အစား သူမရဲ့ ဆောင်းပါးတပုဒ်လုံးကို ဖတ်ကြည့်မယ်ဆိုရင် ရိုဆာ လူဇင်ဘာ့(ဂ်)ကို လီနင်၊ ထရော့စကီးတို့နဲ့ ဆန့်ကျင်ဖက်လို့ ဘယ်နည်းနဲ့မှ အဓိပ္ပါယ်ကောက်လို့ မရနိုင်ပေ။ အဓိက ပြဿနာအားလုံးမှာ လူဇင်ဘာ့(ဂ်)က လီနင်နဲ့ သဘောထား တူခဲ့တာချည်းပဲ။ အောက်တိုဘာ တော်လှန်ရေး ဆင်နွှဲခဲ့တဲ့ ပုံစံကိုလည်း သူမ သဘောတူခဲ့တယ်။ နုနယ်သေးတဲ့ ဆိုဗီယက် သမ္မတနိုင်ငံကို ခုခံကာကွယ်ဖို့ လီနင် နဲ့ ထရော့စကီးတို့ လုပ် ဆောင်ခဲ့ရတာတွေကိုလည်း သူမ သဘောတူခဲ့တယ်။ ဒ့ါအပြင် စစ်မှန်တဲ့ နိုင်ငံတကာဝါဒီတယောက်အနေနဲ့ ရုရှား တော်လှန်ရေးကို ***ကယ်တင်ဖို့*** (ချေမှုန်းဖို့မဟုတ်) ဂျာမန် တော်လှန်ရေး အောင်မှဖြစ်မယ်ဆိုတာလည်း

သူမနားလည်ခဲ့တယ်။

## • တိုင်းပြုပြည်ပြု လွှတ်တော်နဲ့ ပတ်သက်ပြီး ပြောကြတဲ့ ယုံတမ်း

ကွန်ဆာ့ဗတစ်တွေ၊ ဘူဇွာ လစ်ဘရယ်တွေ၊ ပြုပြင်ရေးဝါဒီတွေနဲ့ လက်ဝဲတချို့က တော်လှန်ရေးအပြီး တိုင်းပြု ပြည်ပြု လွှတ်တော် (Constituent Assembly) ကို ဖျက်သိမ်းလိုက်လို့ ဘော်ရှီဗစ်အစိုးရကို ဝေဖန်ကြတယ်၊ လီနင် နဲ့ ထရော့စကီးတို့က 'ဒီမိုကရေစီကို ဆန့်ကျင်ပြီး' 'အာဏာရှင်ဆန်ကြောင်း' လက်တွေ့ သက်သေတခုပဲလို့ ဆိုကြ တယ်။ ရှိဆာ လူဇင်ဘာ့(ဂ်) ထောက်ခံသူတွေလို့ နာမည်ခံထားသူတွေကလည်း သူမရဲ့ ၁၉၁၈ ဆောင်းပါးကို ကိုး ကားပြီး ဒီယုံတမ်း ထုတ်လွှင့်ပွဲကြီးကို ဝင်နွှဲကြပြန်တယ် -

"ဒါပေမယ့် တိုင်းပြုပြည်ပြု လွှတ်တော်နဲ့ မဲပေးရွေးကောက်ခွင့် ဥပဒေနဲ့ပဲ ကိစ္စမပြတ်သေးဘူး။ လုပ်သားထုရဲ့ နိုင် ငံရေး လှုပ်ဆောင်မှုနဲ့ ကြံ့ခိုင်သန်စွမ်းတဲ့ ပြည်သူ့ဘဝကို အာမခံချက်ပေးထားသော အရေးအကြီးဆုံး ဒီမိုကရေစီ အခွင့်အရေးတွေ (စာနယ်ဇင်း လွတ်လပ်ခွင့်၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နဲ့ စုဝေးခွင့်)ကို ဆိုဗီယက်အစိုးရဆန့်ကျင်သူမှန်သမျှ ကျင့်သုံးလို့မရအောင် တားမြစ်ပိတ်ပင်ထားတယ်။"

အောက်တိုဘာ တော်လှန်ရေးအပြီး ဘော်ရှီဗစ်တွေ ရင်ဆိုင်နေရတဲ့ အခြေအနေကို ဒီလို ဖော်ပြလိုက်ပြီး ရှိဆာ လူဇင်ဘာ့(ဂ်)ရဲ့ ဆောင်းပါးကို အခုလို ကောက်နုတ်အသုံးပြုခြင်းအားဖြင့် 'လူဇင်ဘာ့ဂ်ဝါဒီတွေ'ဟာ အဲဒီခေတ် အခြေအနေရဲ့ အရေးအကြီးဆုံး အချက်ကို လစ်လျူရှုလိုက်တယ်။ တခြားမဟုတ်ဘူး၊ အလုပ်သမားထု အာဏာကို ဖော်ထုတ်ကျင့်သုံးရာ ဒီမိုကရက်တစ် ဒေါက်တိုက်အဖွဲ့အစည်းတွေဖြစ်တဲ့ ဆိုဗီယက်တွေ တည်ရှိနေခြင်းကို လုံးဝ မျက်ကွယ်ပြုလိုက်တာပဲ။

ဘော်ရှီဗစ်တွေဟာ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေးကို သူတို့သမိုင်းတလျှောက်လုံး ထောက်ခံခဲ့ကြသူတွေ ဖြစ်တယ်။ တိုင်းပြုပြည်ပြု လွှတ်တော်ဆိုတာ အနှစ်သာရအားဖြင့် ဘူဇွာ ပါလီမန်တခုပဲ ဖြစ်တယ်၊ တိုင်းပြုပြည် ပြု လွှတ်တော် ခေါ်ယူကျင်းပနိုင်တာဟာ ရုရှား သက်ဦးဆံပိုင်စနစ်နဲ့စာရင် အများကြီး ရှေ့ရောက်တဲ့ ခြေလှမ်း တခုဖြစ်တယ်။ ဒါပေမယ့် တိုင်းပြုပြည်ပြု လွှတ်တော်ကို ဖျက်သိမ်းလိုက်တဲ့ ၁၉၁၈ ရောက်တော့ ဒီလွှတ်တော် ဟာ ရုရှား လူထုကို ကိုယ်စားပြုခြင်း မရှိတော့ဘူး၊ ရုရှား လူထုက ပိုပြီးအဆင့်မြင့်တဲ့ အစိုးရပုံစံတခုဆီ ဦးတည် ချီတက်နေပြီ၊ အလုပ်သမား လူတန်းစား အာဏာကို အခြေပြုထားတဲ့ ဆိုဗီယက် အစိုးရပုံစံကို လူထုက လက်ခံ နေပြီ။ တော်လှန်ရေး ကာလတလျှောက် တဟုန်ထိုး ပြောင်းလဲနေတဲ့ လုပ်သားထုရဲ့ အမြင်တွေကို ဘယ်ဘူဇွာ ပါလီမန်ပုံစံကမှ ဖော်ထုတ်ပေးနိုင်စွမ်း မရှိတော့ဘူး။ ဒါ့ကြောင့် တော်လှန်ရေး ဖြစ်ရပ်တွေရဲ့နောက် ပြတ်ကျန်ခဲ့ တဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ဟာ

ဖောက်ပြန်သော ဇာဘုရင်စနစ်ရဲ့ အနှစ်သာရကို ခုခံကာကွယ်လိုသူ တန်ပြန် တော်လှန်ရေး အင်အားစုတွေရဲ့ ဗဟိုချက်တခု ဖြစ်လာခဲ့တယ်။

သူ့ရဲ့ တည်ရှိမှုကို သက်ဝင်လှုပ်ရှားနေတဲ့ တော်လှန်ရေးဖြစ်ရပ်တွေက ကျော်လွန်သွားချိန်ရောက်မှ တိုင်းပြုပြည်ပြု လွှတ်တော် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်တယ်၊ ဒ့ါကြောင့် ဘော်ရှီဗစ် အစိုးရက ဖျက်သိမ်းလိုက်ရခြင်း ဖြစ်တယ်။ တိုင်းပြုပြည်ပြု လွှတ်တော်ကို ဖျက်သိမ်းလိုက်ခြင်းဟာ ဘော်ရှီဗစ်တွေက ဒီမိုကရေစီကို ပယ်ဖျက်လိုက်တာ မဟုတ်ဘူး။ ဆိုဗီယက်တွေကနေ ကိုယ်စားပြုထားတဲ့ စစ်မှန်သော အလုပ်သမားထု ဒီမိုကရေစီကို ကာကွယ်လိုက် ခြင်းသာ ဖြစ်တယ်။

'လူဇင်ဘာ့ဂ်ဝါဒီတွေ'က ရိုဆာ လူဇင်ဘာ့(ဂ်) ကို ဆိုဗီယက် အာဏာနဲ့ ဆန့်ကျင်ဖက် ဘူဇွာ ပါလီမန်စနစ်ဘက်က ခုခံကာကွယ်သူအဖြစ် ပုံဖော်ဖို့ ကြိုးစားကြတယ်။ သို့သော်လည်း ဒါဟာ လုံးဝ မှားပါတယ်။ The Russian Revolution (ဒီစာမူတွေကို သူမ တသက်တာမှာ ဘယ်တုန်းကမှ မထုတ်ဝေခဲ့သလို သူမ ကွယ်လွန်သွားရင် ထုတ် ဝေဖို့လည်း ဘယ်တုန်းကမှ ခွင့်မပေးခဲ့ဘူးဆိုတာ မေ့ထားလို့ မရပေ) ကိုရေးပြီး လအနည်းငယ်အကြာ ၁၉၁၈ နိုဝင်ဘာလထဲမှာ 'The National Assembly' လို့ခေါင်းစဉ်တပ်ထားတဲ့ ဆောင်းပါးတပုဒ်ကို သူမ ရေးခဲ့တယ် (ဒီ ဆောင်းပါးကို Die Rote Fahne မှာ ဖော်ပြခဲ့တယ်)။ ၁၉၁၈ နိုဝင်ဘာလထဲ ဂျာမနီမှာ တော်လှန်ရေး ဖြစ်လာခဲ့ တယ်၊ လစ်ဘရယ်တွေနဲ့ ပြုပြင်ရေးဝါဒီတွေက 'National Assembly' ကျင်းပဖို့ ပြောလာကြတယ် ('National Assembly' ဆိုတာ ရုရှား တော်လှန်ရေးအပြီး ဖျက်သိမ်းလိုက်တဲ့ Constituent Assembly နဲ့ အနှစ်သာရချင်း အတူတူပဲ၊ နာမည်ပဲ ကွဲတာပါ)။ တချိန်တည်းမှာပဲ ဂျာမနီတဝှမ်း အလုပ်သမား ကောင်စီတွေ အလျှိုလျှို ပေါ် ထွက်လာခဲ့တယ် (ရုရှား တော်လှန်ရေးမှာ ပေါ်လာတဲ့ ဆိုဗီယက်တွေလိုမျိုး ဂျာမနီ တော်လှန်ရေးမှာ အလုပ်သ မား ကောင်စီတွေ ပေါ်လာခြင်း ဖြစ်တယ်)။ အဲဒီအခါ 'တိုင်းပြုပြည်ပြု လွှတ်တော်'နဲ့ ပတ်သက်ပြီး လူဇင်ဘာ့ဂ် က အခုလို ပြောခဲ့တယ် -

"တိုင်းပြုပြည်ပြု လွှတ်တော်ဆိုတာ ဘူဇွာ တော်လှန်ရေးတွေရဲ့ ခေတ်ကုန်သွားပြီဖြစ်တဲ့ အမွေတခုပဲ၊ ပက်တီး ဘူဇွာတွေရဲ့ 'ညီညွတ်သော ပြည်သူ'ဆိုတဲ့ ထင်ယောင်မှားမှုတွေ၊ ဘူဇွာနိုင်ငံတော်ရဲ့ 'လွတ်လပ်ခွင့်၊ တန်းတူညီမျှ မှု၊ သွေးစည်းချစ်ကြည်မှု'ဆိုတဲ့ ထင်ယောင်မှားမှုတွေရဲ့ ခေတ်ကာလတုန်းက အနှစ်ဗလာ အခွံတခုသာ ဖြစ်တယ်။

"ဒီကနေ့အချိန်မှာ တိုင်းပြုပြည်ပြု လွှတ်တော်ပုံစံကို ရွေးချယ်ခြင်းဟာ သိသိရက်နဲ့ဖြစ်စေ ဒါမှမဟုတ် မသိလို့ဖြစ်စေ တော်လှန်ရေးကို ဘူဇွာ တော်လှန်ရေး သမိုင်းအဆင့်ရောက်အောင် ပြန်တွန်းပို့လိုက်ခြင်း ဖြစ်တယ်၊ တိုင်း ပြုပြည်ပြု လွှတ်တော် ခေါ်ယူရေး


တိုက်တွန်းနေသူတွေဟာ ဘူဇွာ လူတန်းစားရဲ့ သူလျှိုတွေပဲ ဖြစ်မယ်၊ မဟုတ် ရင်လည်း ပက်တီး ဘူဇွာ အိုင်ဒီအော့လဂျီကို သိစိတ်မရှိဘဲ ထုတ်ဖော်ပြောနေသူပဲ ဖြစ်မယ်။”

ရိုဆာရဲ့ ဒီစကားတွေကို နှောင်းခေတ် ‘လူဇင်ဘာ့ဂ်ဝါဒီတွေ’က လုံးဝ မသိကျိုး ကျွံပြုထားကြတယ်။ ဒီလို မသိကျိုး ကျွံပြုထားရတဲ့ အကြောင်းက ထင်ရှားပါတယ် - ရိုဆာက ဘူဇွာ ဒီမိုကရက်တစ် ‘တိုင်းပြုပြည်ပြု လွှတ်တော်’ ဖျက်သိမ်းရေးကို ပြတ်ပြတ်သားသား ဆော်ဩနေလို့ပဲ။ ဒီလို ဆော်ဩနေလို့ ရိုဆာ လူဇင်ဘာ့(ဂ်)က ‘ဒီမိုကရေစီ ကို ဖျက်သိမ်းရေး’ ပြောနေတယ်လို့ ဆိုလိုသလား။ လုံးဝ မဟုတ်ဘူး။ လီနင်နဲ့ ထရော့စကီးတို့ လုပ်ခဲ့သလိုပဲ လူဇင်ဘာ့(ဂ်)လည်း အလုပ်သမားထု ဒီမိုကရေစီရဲ့ စစ်မှန်သော ဒေါက်တိုင်အဖွဲ့အစည်းတွေကို ကာကွယ်နေခြင်း ဖြစ်တယ်၊ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူပြီး အလုပ်သမား ကောင်စီတွေ တနည်းဆိုရရင် ဆိုဗီယက်တွေက နေ လမ်းလွဲသွားအောင်၊ ဝေဝါးသွားအောင် လုပ်နေကြလို့ ရိုဆာက ကာကွယ်ခဲ့ခြင်း ဖြစ်တယ်။

စစ်မှန်သော တော်လှန်ရေးပါတီတခု တည်ဆောက်ရေး လိုအပ်ချက်ကို ငြင်းဆန်ကြသူတွေအားလုံး ပုံဖော်ကြသ လို ရိုဆာက ‘အလိုအလျောက် တိုက်ပွဲဝင်ခြင်းရဲ့ ရှေ့နေ’၊ ဘော်ရှီဗစ်ဇင်ရဲ့ ရန်သူ ဖြစ်ဖို့ဝေးစွ၊ လူဇင်ဘာ့(ဂ်)ဟာ ရုရှား တော်လှန်ရေးဘက်မှာ၊ ဘော်ရှီဗစ်တွေရဲ့ ဘက်မှာ ပြတ်ပြတ်သားသား ရပ်တည်ခဲ့ပြီး ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးဆီ ရှေ့ဆက်ချီတက်နိုင်အောင် ရုရှားမှာလို ဂျာမနီမှာ ဆိုရှယ်လစ် တော်လှန်ရေး ဆင်နွှဲဖို့ သူမ စွမ်း အားရှိသရွေ့ အစွမ်းကုန် ကြိုးစားခဲ့တယ်။ တကယ့် ရိုဆာ လူဇင်ဘာ့(ဂ်) က အဲဒီလိုပါ၊ သူမရဲ့ ဒီတော်လှန်ရေး အမွေကို ငါတို့ တောင်းဆိုရမယ်။ ပုံဖျက်နေကြတဲ့ သူမရဲ့ မိတ်ဆွေအတုတွေကို လီယွန် ထရော့စကီး စကား အတိုင်း ပြောရရင် “ရိုဆာ လူဇင်ဘာ့(ဂ်)ကို လွှတ်လိုက်”။

ဝင်းစံဖြူ ဘာသာပြန်ပါတယ်




THE
STRUGGLE
တော်လှန်ရေး သီအိုရီ မရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး